ပညာအလင်းပြ

မြင့်မိုရ်တောင်လေးမျက်နှာ မှ ယက္ခသေနာပတိ

အရှေ့ - ဓတရဋ္ဌ၊ တောင် - ဝိရူဠက၊ အနောက် - ဝိရူပက္ခ

မြောက် - ကုဝေရ စတုမဟာရာဇ်နတ်မင်းကြီးလေးပါး

ဘုရားရှင်အား ကပ်လှူတော်မူသော ပရိတ်တော်

# နတ်အမိန့်တော်ပြန်တမ်း

ခေါ်

# မဟာအာဋာနာဋိယ သုတ်တော်ကြီး

## ပါဠိတော် နှင့် မြန်မာပြန်

နတ်တို့၏ ဆေးဝါး နတ်မန္တယား အဖြစ်

တန်ခိုးသတ္တိ အာနုဘော် ရှိသည်

၂

# မျက်နှာဖုံးအမှတ်အသား

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ပဋ္ဌာန်းတရားတော်ကြီးကို ဆင်ခြင်သုံးသပ်တော်မူသောအခါ –

* ပထမ နီလခေါ် ညိုဝင်းသောရောင်ခြည်တော်
* ဒုတိယ ပီတခေါ် ဝါဝင်းသော ရောင်ခြည်တော်
* တတိယ လောဟိတခေါ် နီဝင်းသော ရောင်ခြည်တော်
* စတုတ္ထ ဩဒါတခေါ် ဖြူဝင်းသော ရောင်ခြည်တော်
* ပဉ္စမ မဉ္ဇိဋ္ဌခေါ် ပြာဝင်းသော ရောင်ခြည်တော်
* ဆဋ္ဌမ လုံးရုံရောယှက် တစ်ခဲနက်သော ရောင်ခြည်တော်

ရောင်ခြည်တော် ခြောက်သွယ် တို့ တင့်တယ်စွာ ထွန်းပတော် မူလေသည်။

ထိုရောင်ခြည်တော် ခြောက်သွယ်ထဲမှ ပထမ ညိုဝင်းသော သာသနာ့ယောဂီရောင်ကို အောက်ခံထား၍ ဒုတိယနှင့် စတုတ္ထရောင်ခြည်တော် အမှတ်အသား ဝါဝင်းသော စာလုံးနှင့် ဖြူဝင်းသောစာလုံးတို့ကို ဖော်ပြကာ ဤကျမ်းကို တန်းဆာဆင်အပ်ပါသည်။

ပညာအလင်းပြစာပေ

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

အလှူတကာတွင်တရားအလှူသည်

အမြတ်ဆုံး

..............................................

..............................................

..............................................သို့

..............................................

..............................................

..............................................မှ

နိဗ္ဗာန ဓမ္မ လက်ဆောင်မွန်

ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးနှင့်

အနာဂါမ် ဆရာသက်ကြီးတို့၏မူ

# အာနာပါနသတိမှုဖြင့်

# ဝိပဿနာ ရှုပွားနည်း

## စာအုပ်ထွက်ပါပြီ

* ဝိပဿနာတရား အားထုတ်သူတို့၏ ရှေးဦးပြုဖွယ်၊
* သင်ကြားပေးမည့် ဆရာသမားတို့၏ ရှေးဦးပြုဖွယ်၊
* သမာဓိထူထောင်ရာတွင် ပေါ်လာတတ်သော နိမိတ်များ၊
* နတ်ဘို့ လှည့်စားတတ်သော တန်ခိုးဣဒ္ဓိပါဒ်များ၊
* တကယ်ကျင့် တကယ်ရနိုင်သော မဂ်ဖိုလ်ကျင့်စဉ်၊
* ဝိပဿနာဉာဏ် (၁၀) ပါးကို တစ်ပါးစီ ခွဲပြပုံ၊


မဉ္ဇူသာအလင်းပြစာပေတိုက် ဖုန်း – ၃၀၉၂၄

၁၃၁၊ ဗိုလ်ချုပ်လမ်းနှင့် ၄၈–လမ်းထိပ်၊ ရန်ကုန်မြို့။

# ကျမ်းဦး ပဏာမ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

(ပါဠိနိဿယ)

အရဟတော – ပူဇော်အထူးကို ခံတော်မူထိုက်သော

သမ္မာသမ္ဗုဒ္ဓဿ – တရားဥဿုံ အလုံးစုံကို မဖောက်မပြန် အမှန်ကိုယ်တိုင် သိတော်မူသော

တဿဘဂဝတော – ထိုဘုန်းတော်ခြောက်ပါးသခင်ဘုရားရှင်အား

နမော – ရှိခိုးပါ၏

(မြန်မာပြန်)

ဘုန်းတော်ခြောက်ပါး ရှိတော်မူသော ပူဇော်အထူးကို ခံတော်မူထိုက်သော တရားအားလုံးကို မဖောက်မပြန် အမှန်ကိုယ်တိုင် သိတော်မူသော မြတ်စွာဘုရားအား ရှိခိုးပါ၏။

# ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု

**ဗုဒ္ဓသာသနံ** - မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး၏ ပရိယတ္တိသာသနာတော် ပဋိပတ္တိသာသနာတော် ပဋိဝေဓသာသနာတော်ဟု ဆိုအပ်သော သာသနာတော်မြတ် သုံးရပ်သည်၊ **စိရံ** - အနှစ်များမြောင် ကာလကြာလေအောင်၊ **တိဋ္ဌတု** - အရှည်ခံ့၍ တည်တံ့တော်မူပါစေသတည်း။

မှတ်ချက်

ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု ဟူသော ပါဠိကို ရွတ်ဖတ်ရာတွင် အသံထွက် မမှားစေရန် သတိပြုစေလိုပါသည်။

ဥပမာ စိရံကို အများအားဖြင့် စီရံဟု အသံထွက်နေတတ်ပါသည်၊ **စိ-ကို** စီ-ဟု အသံမထွက်ရန်နှင့် **ရံ-ကို** ယံ-ဟု အသံမထွက်စေဘဲ အင်္ဂလိပ်အက္ခရာ R သံလျှာလိပ်သံဖြင့် (ရံ) ဟု ပီသစွာ ရွတ်စေလိုပါသည်။

**တိဋ္ဌတု-ကိုလည်း** အသံထွက်လျှင် (**တိတ်ထတု**) ဟု အသံထွက်စေရပါမည်၊ (တိထတု) ဟု မဆိုရပါ၊ ထို့ကြောင့် (**ဗုဒ္ဓသာသနံ စိရံ တိတ်ထတု**) ဟု အသံထွက်၍ ရွတ်ဖတ်ကြစေလိုပါကြောင်း။

၂၃၆၇၃

၂၉၄.၃၁၂

မဟာ ပညာအလင်းပြ

မြင့်မိုရ်တောင်ခါးပန်း သေနာပတိ နတ်နန်းမှ

# စတုမဟာရာဇ် နတ်မင်းကြီးလေးပါး

ဘုရားရှင်ကို ကပ်လှူတော်မူသော ပရိတ်တော်

## နတ်အမိန့်တော် ပြန်တမ်း ခေါ်

# မဟာအာဋာနာဋိယသုတ်တော်ကြီး

## ပါဠိတော် နှင့် မြန်မာပြန်

နတ်တို့၏ ဆေးဝါး နတ်မန္တယား အဖြစ်
တန်ခိုးသတ္တိ အာနုဘော် ရှိသည်

ESTD
1920

သက္ကရာဇ်
၁၂၈၀

ပညာအလင်းပြစာပေ
အမှတ်—၁၃၀၊ဗိုလ်ချုပ်လမ်းနှင့်လေးဆယ့်ရှစ်လမ်းထိပ်
ရန်ကုန်မြို့ (ပုဇွန်တောင်စာတိုက်) ဖုန်း—၉၀၉၂၃

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် ၂၀၂/၉၄(၃)
မျက်နှာဖုံးခွင့်ပြုချက် အမှတ် ၃၄၀/၉၄ (၆)
၁၉၉၄၊ ဒီဇင်ဘာလ
ပထမအကြိမ်
တန်ဖိုး ၅၀ ကျပ်
အုပ်ရေ ၁၀၀၀

| | |
|---|---|
| မျက်နှာဖုံး ဒီဇိုင်း | ရွှေနှင်းဆီ ကွန်ပျူတာ<br>အမှတ် - ၁၉၆၊ ဗိုလ်ချုပ်လမ်း၊ ဗိုလ်တထောင်၊ |
| မျက်နှာဖုံးရိုက် | ဦးတင်အေး (၀၄၉၁၂)<br>အမှတ် – ၂၀၆၊ ၃၁လမ်း၊ ရန်ကုန်မြို့။ |
| စာအုပ်ချုပ် | ဦးတင်အေး (၀၄၉၁၂)<br>အမှတ် – ၂၀၆၊ ၃၁လမ်း၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | ဦးမြသန်း (၀၁၀၅၀)<br>အသိုင်းအဝိုင်းစာပေ<br>ဇွဲစုံရပ်၊ ကမ္ဘာအေး<br>မရမ်းကုန်း၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးတင်အေး (၀၄၉၁၂)<br>အမှတ် – ၂၀၆၊ ၃၁လမ်း၊ ရန်ကုန်မြို့။ |
| ဖြန့်ချိရေး | ပညာအလင်းပြစာပေ၊<br>အမှတ် ၁၃၀၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။<br>ဖုန်း - ၉၂၄၉၂ / ၉၀၉၂၇ |

# သတိပြုရန်

ဤကျမ်း၏ ထုတ်ဝေသူအမှာစာ မာတိကာနှင့် အစီအစဉ်များ စီစဉ်သူ၏ နိဒါန်းစကားနှင့် ရှေးဦး သိမှတ်ဖွယ်တို့ကို ပထမဆုံး ဖတ်ရှုစေလိုပါသည်။

ထိုသို့ အစီအစဉ်အတိုင်း မကျော် မလွှား ဖတ်ရှုသွားခြင်းဖြင့် အရေးပါ အရာရောက်သော မှာထားချက်များကို အပြည့်အစုံ သိရှိနားလည်နိုင်ကြမည် ဖြစ်ပါကြောင်း။

## ထုတ်ဝေသူအမှာ

ပညာအလင်းပြစာပေမှ "မဟာအာဋ္ဌာနာဋိယ" သုတ်တော်ကြီး မြန်မာပြန်စာအုပ်ကို စီစဉ်ထုတ်ဝေမည် ဖြစ်ကြောင်း ကြော်ငြာလာခဲ့သည်မှာ ၃ နှစ် ၃ မိုး ရှိခဲ့ပြီ ဖြစ်ပါသည်။

စံနစ်တကျ မြန်မာပြန်ဆိုနေရသည်တစ်ကြောင်း၊ ရဟန်းရှင်လူ လူကြီးလူငယ်မရွေး ရှင်းလင်းပြတ်သားစွာ ဖတ်ရှုလေ့ကျက်နိုင်ရန် မျက်နှာမည်းစာလုံး အထူစားနှင့် စီစဉ်နေရသည်တစ်ကြောင်းတို့ကြောင့် ဤမျှ ကြန့်ကြာသွားရခြင်း ဖြစ်ပါသည်။

လိုအပ်သော မျက်နှာမည်းစာလုံးနှင့် စီစဉ်ပြီးသော အခါမှာလည်း သေသပ်လှပ၍ ကျနသောစာအုပ်တစ်အုပ် အဖြစ် စီစဉ်ရသည်မှာလည်း ကြန့်ကြာပြန်ပါသည်။

ပညာအလင်းပြစာပေတိုက်မှ မူအတိုင်း စက္ကူသန့်၍ မင်ကျမင်န ကောင်းစွာရိုက်နှိပ်ရခြင်း၊ ခိုင်ခန့်အောင်ချုပ်လုပ် ရခြင်း၊ တည်ငြိမ်ခန့်ညားသော မျက်နှာဖုံးဖြစ်အောင် စီစဉ် ရခြင်းတို့ကြောင့်လည်း ပိုမိုကြန့်ကြာခဲ့ရခြင်း ဖြစ်ပါသည်။

ယခု အမြဲတမ်း စုံစမ်းမေးနေကြသူတို့၏ လက်ဝယ်သို့ ရောက်ရှိအောင် တင်ဆက်နိုင်ပြီဖြစ်ပါသောကြောင့် ဖင့်နွဲ့ ကြန့်ကြာရခြင်းကို သည်းခံခွင့်လွှတ်၍ ရှိသေစွာ ဖတ်ရှု လေ့လာ ကျက်မှတ်လျက် နှစ်သက်စွာ အသုံးပြုနိုင်ပြီ ဖြစ် ပါကြောင်း ကောင်းမြတ်သောစေတနာဖြင့် အစီရင်ခံအပ် ပါသည်။

လေးစားစွာဖြင့်

ပညာအလင်းပြစာပေ
၁၃၀၊ ဗိုလ်ချုပ်လမ်းနှင့် ၄၈ လမ်းထိပ်
ရန်ကုန်မြို့။ ဖုန်း – ၉၀၉၂၇

# နိဒါနကထာ

အာဠဝီနာဠဝိယဟူသည်မှာ ပရိတ်တော်သုတ် တစ်သုတ်၏ အမည်ဟု သာမန်အားဖြင့် ဆိုရသော်လည်း အာဠဝီနာဠဝီ အမည်ရှိသော နတ်မြို့တော်ကြီးတစ်မြို့၏ အမည်ကိုစွဲ၍ ဖြစ်ပေါ်လာသော အမည်ဖြစ်၏၊ အာဠဝီနာဠဝီမြို့သည် စတုမဟာရာဇ် နတ်ပြည်အဝင်အပါ မြို့ဖြစ်၍ နတ်မင်းကြီး လေးပါးတို့တွင် ကုဝေရမည်သော ဝေဿဝဏ်နတ်မင်းကြီး နေထိုင်သော မြို့တော်ကြီးဖြစ်သည်၊ ကုဝေရမည်သော ဝေဿဝဏ်နတ်မင်းကြီးကား ဘီလူးတို့ကို အုပ်ချုပ်အစိုးရသော နတ်မင်းကြီး ဖြစ်သည်။

ယင်းအာဠဝီနာဠဝီမြို့တွင် ကုဝေရနတ်မင်းကြီးသည် တစ်နေ့သ၌ သူအုပ်ချုပ်သော ဘီလူးဂန္ဓဗ္ဗနတ်တို့အကြောင်းကို စဉ်းစားရင်း ဤဘီလူး ဂန္ဓဗ္ဗ ကုမ္ဘဏ်နဂါးစသည်တို့သည် အများအားဖြင့် သာသနာတော်ကို မကြည်ညိုကြကုန်၊ သာသနာတွင်းသား ရဟန်းသံဃာ ဥပါသကာ ဥပါသိကာတို့သည် သူ၏အသက်ကို မသတ်ကြကုန်၊ မသတ်ကြရန်လည်းဟောပြောကုန်၏၊ သူ့ဥစ္စာခိုးယူခြင်း စသည်တို့ကို

လည်း ရှောင်ကြဉ်ကြကုန်၏၊ ရှောင်ကြဉ်ရန်လည်း ဟောပြော ကြကုန်၏၊ ဘီလူးဂန္ဓဗ္ဗစသည်တို့ကား သူ့အသက်ကိုလည်း သတ်လေ့ရှိကုန်၏၊ ငါးပါးသီလတို့၌လည်း မတည်ကြကုန်၊ ရဟန်း သံဃာတို့သည် တောတောင် စသည်တို့၌ နေကြ ကုန်ရာ မကြည်ညိုကုန်သော ဘီလူး ဂန္ဓဗ္ဗတို့ ညှဉ်းဆဲနှိပ်စက် ကြဖွယ်ရှိသဖြင့် အကာအကွယ် တစ်စုံတစ်ရာ ပြုလုပ်ပေးရ လျှင် ကောင်းပေရာ၏ဟု ကြံစည်မိသဖြင့် အာဋာနာဋမြို့ မှာပင် ပရိတ်တော်တစ်သုတ်ကို ဖွဲ့ကုံးစီစဉ်လေသည်၊ ယင်းပရိတ်တော်ကား ဤအာဋာနာဋိယ ပရိတ်ပင် ဖြစ်၏၊ အာဋာနာဋမြို့၌ ဖွဲ့ကုံးသဖြင့် အာဋာနာဋိယဟု ခေါ်လေ သည်။

**("အာဋာနာဋိယသုတ္တံ အာဋာနာဋ နဂရေ ဗန္ဓတ္တာ ဧဝံနာမံ" ဒီ၊ ဋ၊ ၃၊ ၁၄၄)**

ယင်းပရိတ်တော် (ဂါထာများ) ၌ ပါရှိသောအကြောင်း အရာများမှာ အကျဉ်းချုပ်အားဖြင့် ဝိပဿီ အစရှိကုန်သော ၇–ဆူသော ဘုရားရှင်တို့ကို ရှိခိုးပူဇော်ပုံအကြောင်းအရာများ နှင့် ဂန္ဓဗ္ဗ, ကုမ္ဘဏ်, နဂါး, ဘီလူးတို့ကို စိုးမိုးအုပ်ချုပ်ကာ အရှေ့အရပ် စသော အရပ်မျက်နှာ အသီးသီး၌ နေထိုင်ကြ ကုန်သော ဓတရဋ္ဌ, ဝိရုဠှက, ဝိရူပက္ခ, ကုဝေရဟူသော နတ်မင်းကြီးလေးယောက်တို့နှင့် ယင်းတို့၏ ကိုးကျိပ်တစ်

ယောက်သော သားတော်များ,အခြားသောနတ်များက ဧါတမ မြတ်စွာဘုရားကို ရှိခိုးပူဇော်ပုံအကြောင်းအရာများ ဖြစ်၏။

ထိုအကြောင်းအရာများ ပါရှိသော ယင်းဂါထာများကို ရွတ်ဆိုကြသော ရဟန်း, ရဟန်းမ, ဒါယကာ, ဒါယိကာမ တို့မှာ နတ်, ဘီလူး, ကုမ္ဘဏ်, နဂါး,စသည်တို့က မညှဉ်းဆဲ မနှိပ်စက်ခြင်းနှင့် ကာကွယ်စောင့်ရှောက်ပေးခြင်းအကျိုး များရရှိသည့်အပြင် မကြည်ညိုသေးသောနတ်ဘီလူး စသည်တို့ ကိုပင် ကြည်ညိုစေနိုင်၏၊ ထို့ကြောင့် ထိုနတ်မင်းကြီး လေးယောက်တို့ မြတ်စွာဘုရားထံမှောက်သို့ လာရောက်၍ ရွတ်ဖတ်လျှောက်ထားသော ထိုဂါထာများကိုပင် မြတ်စွာ ဘုရားသည် ရဟန်းတို့အား တစ်ဆင့်ဟောကြားတော်မူ လေသည်။

ရဟန်းတို့သည် တောအတွင်း တောင်အဝှန်းစသည်တို့၌ နေထိုင်သီတင်းသုံး၍ တရားဘာဝနာတို့ကို အားထုတ် စဉ်အခါ ဤပရိတ်တော်ကို ရွတ်ဆိုသရဇ္ဈာယ်ကြသည်။ ထိုအခါ ဘီလူး ကုမ္ဘဏ်စသည်တို့သည် ညှဉ်းဆဲနှိပ်စက်ခြင်း ကို မပြုဘဲ အစောင့်အရှောက်ကို ပြုကြရလေသည်၊ ဤရဟန်း သံဃာတို့သည် ငါတို့သခင် ကုဝေရနတ်မင်းကြီးနှင့် သားတော် တို့၏ ကိုးကွယ်ရာဖြစ်ပါတကားဟု သိမှတ်စောင့်ရှောက် ကြခြင်း ဖြစ်လေသည်။

နတ်မင်းကြီးတို့၏ အခြံအရံ နတ်စစ်သူကြီးတို့သည်လည်း ဤပရိတ်ကို ရွတ်ဖတ်ကုန်သော ရဟန်းသံဃာတော်တို့အား အစောင့်အရှောက်ကို ပေးလေ့ရှိကြသည်၊ ဤပရိတ်ရွတ်ကြသည့် ရဟန်းသံဃာတော်တို့အား အနှောင့်အယှက်ပေးကြသည့် ဘီလူး, ကုမ္ဘာဏ်, နတ်နဂါးတို့အားလည်း ၎င်းနတ်စစ်သူကြီးတို့က အကျဉ်းချခြင်း တုတ်နှောင်ခြင်း ရိုက်ပုတ်ခြင်းတို့ဖြင့်လည်း ဒဏ်ပေးတတ်ကြသည်။

အာဋာနာဋိယသုတ် (ပရိတ်) တော် မူရင်းမှာ ဒီဃနိကာယ် ပါထိကဝဂ္ဂ (၉) တွင် ပါရှိရာ ယင်း၏အဖွင့် အဋ္ဌကထာတွင် ပ[illegible] ပရိကမ္မကထာ ပရိတ်တော်ရွတ်ပုံ အစီအစဉ်ကို ဖော်ပြထားလေသည်၊ ၎င်းမှာ မြတ်စွာဘုရား၏ တပည့်သား ရဟန်းသံဃာ (သို့မဟုတ်) ဒါယကာ ဒါယိကာမ (တစ်ဦးဦး) တို့အား ဘီလူး ဂန္ဓဗ္ဗ ကုမ္ဘာဏ်စသော နတ်ဆိုး နတ်ဝါးတို့ ဖမ်းစားလျှင် ပူးဝင်နှိပ်စက်လျှင် ဤသုတ်တော်ကို မည်သို့ရွတ်ဆိုရမည်ကို ဖော်ပြထားခြင်းပင် ဖြစ်သည်။

# ပရိတ်တော်ရွတ်ဆိုပုံ အစီအစဉ်

အာငွာနာငိုယ သုတ်တော်ကြီးကို ရွတ်ဆိုရမည့် အစီအရင် ပရိကမ်မှာ ဤသို့ ဖြစ်၏။

စလျှင် စခြင်း ဤ အာငွာနာငိုယ သုတ်တော်ကြီးကို မရွတ်ဆိုသင့်ပေ၊ မေတ္တာသုတ်, ခဇဂ်သုတ်, ရတနသုတ်တို့ကို ရက်သတ္တ တစ်ပတ်ခန့် မပြတ်ရွတ်ဆိုကြရဦးမည်၊ မကောင်းဆိုးဝါး အဖမ်းစားခံနေရသူကို ဝိုင်းရံ၍ ရွတ်ဆိုကြရခြင်း ဖြစ်၏၊ ဤသို့ ရွတ်ဆို၍ ပျောက်သွား ခွာသွားလျှင်လည်း ပြီးပါပြီ၊ အာငွာနာငိုယ သုတ်တော်ကြီးကို ရွတ်ဆိုရန် မလိုအပ်တော့ပေ၊ မကောင်းဆိုးဝါး ခွာသွားပြီဟု သေချာစွာ သိလျှင်လည်း ရွတ်ရန် အားမထုတ်နှင့်တော့ဟု ဆိုလိုပါ၏၊ ဤသို့ အခြား အစီအရင်တို့ဖြင့်လည်း မခွာဟု ဆိုလျှင်ကား မဟာအာငွာနာငိုယ သုတ်တော်ကြီးကို ရွတ်ဆိုရန်ပင် ဖြစ်တော့၏။

ရွတ်ဆိုရမည့် ရဟန်းသံဃာတို့သည် –

(၁) ဆန်မုန့် ဆီကြော်မုန့်တို့ကို မစားရ။

(၂) အသား (အမဲ, ဆိတ်, ကြက်, ဝက်) တို့ကို မစားရ။

(၃) သုသာန်၌ မနေရ (သုသာန်ရူတင်ဆောင်လျှင် ထိုအချိန်တွင် ရူတင်ကို ဖျက်ထားရမည်)၊ သတိ အမေ့အလျော့ရှိလျှင် မကောင်းဆိုးဝါး တို့ အခွင့်ရ၍ နှိပ်စက်နိုင်သည်။

ပရိတ်ရွတ်မည့်နေရာကို အသန့်ရှင်းဆုံးဖြစ်အောင်ပြုပြင် ထားရမည်၊ လှပခန့်ညားစွာလည်း ပြုပြင်ထားသင့်သည်၊ အမိုးအကာမရှိ လွင်တီးခေါင်အရပ်၌ မရွတ်ဆိုသင့်၊အခန်း ထဲတွင် လူနာ (မကောင်းဆိုးဝါး အဖမ်းစားခံရသူ) ကို သန့်ရှင်းစွာထား၍ တံခါးတို့ကို ပိတ်ထားပြီး ဓားလှံစသည် များလည်း (မကော..းဆိုးဝါး ကြောက်အောင်ထားရှိ၍) ရွတ်ဆိုမည့် ရဟန်းသံဃာကို ထိုနေရာသို့ ပင့်ဆောင်ရမည်၊ ပင့်ဆောင်ရာတွင်လည်း ယောကျာ်းလေးယောက်ခန့်က လက် နက်များကို ကိုင်၍ ရဟန်းသံဃာကို ခြံရံပင့်ဆောင်ရ မည်။

ပရိတ်ရွတ်မည့် ရဟန်းသံဃာသည် လူနာနှင့်ပရိတ် နာမည့် ပရိသတ်အား ရှေးဦးစွာ သရဏဂုံ သီလပေး၍ အထက်တွင် ဆိုခဲ့သည့်အတိုင်း မေတ္တာသုတ် စသည်တို့ကို ရွတ်၍ ဌာန်ကရိုဏ်းပီသစွာဖြင့် ဤမဟာအာဋာနာဋိယ သုတ်တော်ကြီးကို ဖြည်းလေးသာယာစွာ ရွတ်ဆိုရမည်၊ (အများအားဖြင့်ကား ဤသုတ်ရွတ်ဆိုပြီးလျှင် ခွာသွားမြဲပင်

ဖြစ်သည်) ဖမ်းစားထားသောနတ် (မကောင်းဆိုးဝါး) က အတော်အတန် တန်ခိုးရှိ၍ ဤသုတ်တော်ကြီးကို ရွတ်ဆိုပြီးသည့်တိုင်အောင် ခွာမသွားသေးဟု ဆိုလျှင် နောက်ထပ် အစီအစဉ်တစ်ရပ်ကို ချရာ၏။

အမှန်အားဖြင့် ရဟန်းသံဃာတော်တို့ ဤမျှ ချီးမြှောက်ပေးလျှင်ပင် အဖမ်းစားခံရသူအတွက် လွတ်မြောက်ရမြဲပင် ဖြစ်၏၊ သို့သော် မာရ်နတ်စစ်သား အသင်းအပင်း အသိုင်းအဝိုင်းတို့ကြောင့် ၎င်းတို့အားကောင်း၍ မလွတ်သေး မခွာသေးဘဲရှိလျှင် ရဟန်းသံဃာက ထပ်မံချီးမြှောက်ရန်မှာ အဖမ်းစားခံရသူကို ဘုန်းတော်ကြီးကျောင်းသို့ သယ်ဆောင်ရမည်၊ ဘုန်းတော်ကြီးကျောင်း ဘုရားခန်း ဘုရားရှေ့ (သို့မဟုတ်) စေတီယင်ပြင်၌ အိပ်စေ၍ ဆီမီး ပန်းရေတို့ဖြင့် ပူဇော်ကာ မင်္ဂလာတရားစကားများ ပြောကြားလျက် (မင်္ဂလသုတ် စသည်ကို ရွတ်ဆိုပြီးလျှင်) ပရိတ်တော်ဆိုင်ရာ သန္နိပါတ အစည်းအဝေးပြုလုပ်ကြောင်း ကြေညာ၍ ကျောင်းတိုက်အတွင်း အကြီးဆုံးသစ်ပင်၌ရှိသော ရက္ခစိုးနတ်အား ရဟန်းသံဃာ၏ အမိန့်ဖြင့် ခေါ်ရသည်။

ထိုအခါ ရက္ခစိုးလည်း မလာဘဲ မနေ၊ လာရမြဲပင် ဖြစ်သည်၊ ထို့နောက် ရက္ခစိုးကို သက်သေပြု၍ ရဟန်းတော်တစ်ပါးက အဖမ်းစားခံနေရသူအား အမိန့်တော်ပြန်၍

"သင်အဘယ်သူလဲ" ဟု မေးရမည်၊ ထိုအခါ မဖြေဘဲ မနေ၊ ဖြေရပေလတ္တံ့၊ အမည်မှူသာမေး၍ အမည်ကိုသိရလျှင် "ကောင်းပြီ သင်သည် ဤပြန်းနံ့သာ ဆီမီး ဖယောင်းတိုင်စသော ပူဇော်သကာတို့ကို ရ၏၊ ရဟန်းသံဃာသည် သင့်အား လက်ဆောင်အဖြစ် မင်္ဂလာတရားစကားများကို ပြောကြားပါကုန်၏၊ ရဟန်းသံဃာအား လေးစားသောအားဖြင့် ဤပုဂ္ဂိုလ်ကို လွှတ်ပါလော့ဟု ဆိုကာ လွှတ်စေရာ၏၊ ဤအခြေရောက်၍ မလွှတ်သေးလျှင်ကား ရက္ခစိုးအမှူးရှိသော နတ်တို့အား "အို–နတ်အများတို့ သင်တို့ သိကြ မြင်ကြသည့်အတိုင်းပင်၊ ဤအမနုဿ (မကောင်းဆိုးဝါး) သည် ငါတို့၏ စကားကို နားမထောင်ပေ၊ ထို့ကြောင့် ငါတို့သည် မြတ်စွာဘုရား၏ အာဏာတော်ကို ရွတ်ဆိုပေအံ့" ဟု ဆိုကာ ဤပရိတ်တော်ကို (ထပ်မံ၍) ရွတ်ဆိုရာသတည်း၊ ထိုအခါ၌ အမနုဿ သည် မလွှတ်ဘဲ မနေဝံ့တော့ပြီ၊ တန်ခိုးကြီးသော ရက္ခစိုး စသည်တို့၏ ပေးအပ်သောဒဏ်ကိုလည်း ခံယူရပေတော့သည်။

ဤသို့ အာဋာနာဋိယ သုတ်တော်ကြီးကား အစီအရင်ကြီးကျယ်လှပေသည်၊ ထို့ကြောင့် ဘုရားသာသနာတော်တွင် ဤပရိတ်တော်ကြီးကို ဖော်ပြပါအစီအရင်အတိုင်း ရွတ်ဆိုရန်မှာ တာဝန်ကြီးလှပေသည်၊ ပရိတ်ရွတ် ရဟန်းသံဃာတော်

-ကို ပင့်သည်မှအစ ခဲခဲယဉ်းယဉ်းရှိလှသဖြင့် မဟာအာဋာနာဋိယ ပရိတ်တော်ကို ရွတ်ဆိုရန် မလွယ်ကူသဖြင့် သာမန်အန္တရာယ်ကျရောက်၍ ပရိတ်ရွတ်ရန် လိုအပ်လျှင် မေတ္တာသုတ် ရတနသုတ် စသည်တို့နှင့်ပင် ကိစ္စပြီးကြသည်၊ ထို့ကြောင့် ဤပရိတ်တော်ကြီးမှာ အရွတ်အဆို နည်းပါးလာလေသည်။

ထိုအခါ ဤ အာဋာနာဋိယ အကျယ်သုတ်တော်ကြီး အစား အာဋာနာဋိယ သုတ်တော်အကျဉ်းတစ်သုတ်ကို ရှေးဆရာမြတ်တို့ စီစဉ်ကြရ၏၊ ၎င်းမှာ ပရိတ်ကြီး ပါဠိတော်၌ ပါရှိသော အာဋာနာဋိယ ပရိတ်တော်ပင် ဖြစ်သည်။ ဤပရိတ်တော်အကျဉ်းတွင် အာဋာနာဋိယာ မူလသုတ်တော်ကြီးမှ "ဝိပဿိဿ စ နမတ္ထု" စသော ၆-ဂါထာကိုယူ၍ သင့်လျော်သော ဂါထာများကို အစားထိုးစီကုံး၍ထားလေသည်၊ နတ်ဘီလူးတို့ ကြောက်ရွံ့သော အာဋာနာဋ နတ်မြို့တော်နှင့် ဆိုင်ရာတို့ကို ချန်ထား၍ ဘုရားဂုဏ်တော် တရားဂုဏ်တော် သံဃာဂုဏ်တော်များနှင့် မွမ်းထုံကာ ပြုပြင်ထားလေသည်။

အာဋာနာဋ နတ်မြို့အကြောင်း မပါရှိသော်လည်း မူလ အာဋာနာဋိယ သုတ်တော်၏ကိုယ်စား သုတ်ဖြစ်၍ အာဋာနာဋိယသုတ် ဟူ၍ပင် အမည်နာမ ပြုထားလေသည်၊

ဤသုတ်တော်ကို ရွတ်ဆို၍လည်း ဘုရားရှင် ခုနစ်ဆူ၏ အမည်နာမတော်များကြောင့် အန္တရာယ်ကင်းရမည်ကား မလွဲပေ၊ နတ်ဘီလူး, နတ်ဆိုး, နတ်ဝါးတို့ ကြောက်စရာ လန့်စရာများ မပါ၍ ၎င်းတို့ကလည်း အန္တရာယ်မပြုတော့ ပေ၊ ဤအကြောင်းများကြောင့် ဤခေတ်တွင် မူလ (မဟာ) အာဋာနာဋိယသုတ်တော်ကြီးအစား ဤ အကျဉ်းဖြစ်သည့် ပြင်ဆင်ထားသော အာဋာနာဋိယသုတ်ကိုသာ ရွတ်ဆို သရဇ္ဈာယ်ခြင်း ပြုကြတော့သည်။

မည်သို့ပင်ဖြစ်စေ မူလအစီအစဉ်အတိုင်း ပြုလိုပါသည် အကျယ်ရွတ်ဆိုလိုပါသည် မြတ်စွာဘုရားဟောတော်မူသည့် အတိုင်း (ကုဝေရ နတ်မင်းကြီး ဖွဲ့သီထားသော မူအတိုင်း) ရွတ်ဆိုလိုပါသည်ဆိုလျှင် ရွတ်ဆိုနိုင်ကြရန် မူရင်းမပျက် အက္ခရာကျနမှန်ကန်စွာ ဖတ်ကြားကျက်မှတ်ကြရန် အပြည့် အစုံ အက္ခရာပုဒ်ပါဠိ အဖြတ်အတောက်မှန်ကန်စွာ တည်း ဖြတ် ရိုက်နှိပ်ထုတ်ဝေအပ်ပါသည်၊ ထိုမှတစ်ပါးလည်း မူရင်းသုတ်တော်ကြီး၏ အဓိပ္ပာယ်ကို သိရှိနိုင်ရန် ရည်သန်၍ (ဓမ္မာစရိယ ဦးစံကြည်) အားမြန်မာပြန်ဆိုပေးရန် ပန်ကြား၍ ပါဠိမြန်မာ ပြည့်စုံစွာဖြင့် ထုတ်ဝေလိုက်ပါကြောင်း အစီရင် ခံအပ်ပါသတည်း။

ပညာအလင်းပြစာပေ

# အာဋာနာဋိယသုတ်ပါဠိ

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ အပ္ပသန္နေဟိ နာထဿ၊
သာသနေ သာဓုသမ္မတေ။
အမနုဿေဟိ စဏ္ဍေဟိ၊
သဒါ ကိဗ္ဗိသကာရိဘိ။

၂။ ပရိသာနံ စတဿန္နံ၊
အဟိံသာယ စ ဂုတ္တိယာ။
ယံ ဒေသေသိ မဟာဝီရော၊
ပရိတ္တံ တံ ဘဏာမ ဟေ။

၃။ ဝိပဿိဿ စ နမတ္ထု၊
စက္ခုမန္တဿ သိရီမတော။
သိခိဿပိ စ နမတ္ထု၊
သဗ္ဗဘူတာနုကမ္ပိနော။

၄။ ဝေဿဘုဿ စ နမတ္ထု၊
နှာတကဿ တပဿိနော။
နမတ္ထု ကကုသန္ဓဿ၊
မာရသေနာပမဒ္ဒိနော။

၅။ ကောဏာဂမနဿ နမတ္ထု၊
ဗြာဟ္မဏဿ ဝုသီမတော။
ကဿပဿ စ နမတ္ထု၊
ဝိပ္ပမုတ္တဿ သဗ္ဗဓိ။

၆။ အင်္ဂိရသဿ နမတ္ထု၊
သကျပုတ္တဿ သိရီမတော။
ယော ဣမံ ဓမ္မံ ဒေသေသိ၊
သဗ္ဗဒုက္ခာပနူဒနံ။

၇။ ယေ စာပိ နိဗ္ဗုတာ လောကေ၊
ယထာဘူတံ ဝိပဿိသုံ။
တေ ဇနာ အပိသုဏာထ၊
မဟန္တာ ဝီတသာရဒါ။

၈။ ဟိတံ ဒေဝမနုဿာနံ၊
ယံ နမဿန္တိ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊
မဟန္တံ ဝီတသာရဒံ။

# အာဋာနာဋိယ နှစ်စောင်တွဲကျမ်း

၉။ ဧတေ စညေ စ သမ္ဗုဒ္ဓါ၊
အနေကသတကောဋိယော။
သဗ္ဗေ ဗုဒ္ဓါ သမသမာ၊
သဗ္ဗေ ဗုဒ္ဓါ မဟိဒ္ဓိကာ။

၁၀။ သဗ္ဗေ ဒသဗလူပေတာ၊
ဝေသာရဇ္ဇေဟု’ ပါဂတာ။
သဗ္ဗေ တေ ပဋိဇာနန္တိ၊
အာသဘံ ဌာနမုတ္တမံ။

၁၁။ သီဟနာဒံ နဒန္တေတေ၊
ပရိသာသု ဝိသာရဒါ။
ဗြဟ္မစက္က ပဝတ္တေန္တိ၊
လောကေ အပ္ပဋိဝတ္တိယံ။

၁၂။ ဥပေတာ ဗုဒ္ဓဓမ္မေဟိ၊
အဋ္ဌာရသဟိ နာယကာ။
ဗာတ္တိံသ လက္ခဏူပေတာ၊
သီတာနုဗျဉ္ဇနာဓရာ။

၁၃။ ဗျာမပ္ပဘာယ သုပ္ပဘာ၊
သဗ္ဗေ တေ မုနိကုဉ္ဇရာ။
ဗုဒ္ဓါ သဗ္ဗညုနော ဧတေ၊
သဗ္ဗေ ခီဏာသဝါ ဇိနာ။

၁၄။ မဟာပဘာ မဟာတေဇာ၊
မဟာမညာ မဟာဗလာ။
မဟာကာရုဏိကာ ဓီရာ၊
သဗ္ဗေသာနံ သုခါဝဟာ။

၁၅။ ဒီပါ နာထာ ပတိဋ္ဌာ စ၊
တာဏာ လေနာ စ ပါဏိနံ။
ဂတီ ဗန္ဓူ မဟေဿာသာ၊
သရဏာ စ ဟိတေသိနော။

၁၆။ သဒေဝကဿ လောကဿ၊
သဗ္ဗေ တေ ပရာယဏာ။
တေသာဟံ သိရသာ ပါဒေ၊
ဝန္ဒာမိ ပုရိသုတ္တမေ။

၁၇။ ဝစသာ မနသာ စေဝ၊
ဝန္ဒာမေ'တေ တထာဂတေ။
သယနေ အာသနေ ဌာနေ၊
ဂမနေ စာပိ သဗ္ဗဒါ။

၁၈။ သဒါ သုခေန ရက္ခန္တု၊
ဗုဒ္ဓါ သန္တိကရာ တုဝံ။
တေဟိ တွံ ရက္ခိတော သန္တော၊
မုတ္တော သဗ္ဗဘယေဟိ စ။

၂၄၈၁၃



၁၉။ သဗ္ဗရောဂါ ဝိနိမုတ္တော၊
သဗ္ဗသန္တာပ ဝဇ္ဇိတော။
သဗ္ဗဝေရ မတိက္ကန္တော၊
နိဗ္ဗုတော စ တုဝံ ဘဝ။

၂၀။ တေသံ သစ္စေန သီလေန၊
ခန္တိမေတ္တာဗလေန စ။
တေပိ အမှေ'နုရက္ခန္တု၊
အရောဂေန သုခေန စ။

၂၁။ ပုရတ္ထိမသ္မိံ 'ဒိသာဘာဂေ၊
သန္တိ ဘူတာ မဟိဒ္ဓိကာ။
တေပိ အမှေ'နုရက္ခန္တု၊
အရောဂေန သုခေန စ။

၂၂။ ဒက္ခိဏသ္မိံ ဒိသာဘာဂေ၊
သန္တိ ဒေဝါ မဟိဒ္ဓိကာ။
တေပိ အမှေ'နုရက္ခန္တု၊
အရောဂေန သုခေန စ။

၂၃။ ပစ္ဆိမသ္မိံ ဒိသာဘာဂေ၊
သန္တိ နာဂါ မဟိဒ္ဓိကာ။
တေပိ အမှေ'နုရက္ခန္တု၊
အရောဂေန သုခေန စ။

၂၄။ ဥတ္တရသ္မိံ ဒိသာဘာဂေ၊
သန္တိ ယက္ခာ မဟိဒ္ဓိကာ။
တေပိ အမှေ’နုရက္ခန္တု၊
အရောဂေန သုခေန စ။

၂၅။ ပုရတ္ထိမေန ဓတရဋ္ဌော၊
ဒက္ခိဏေန ဝိရူဠှကော။
ပစ္ဆိမေန ဝိရူပက္ခော၊
ကုဝေရော ဥတ္တရံ ဒိသံ။

၂၆။ စတ္တာရော တေ မဟာရာဇာ၊
လောကပါလာ ယသဿိနော။
တေပိ အမှေ’နုရက္ခန္တု၊
အရောဂေန သုခေန စ။

၂၇။ အာကာသဋ္ဌာ စ ဘူမဋ္ဌာ၊
ဒေဝါ နာဂါ မဟိဒ္ဓိကာ။
တေပိ အမှေ’နုရက္ခန္တု၊
အရောဂေန သုခေန စ။

၂၈။ ဣဒ္ဓိမန္တော စ ယေ ဒေဝါ၊
ဝသန္တာ ဣဓ သာသနေ။
တေပိ အမှေ’နုရက္ခန္တု၊
အရောဂေန သုခေန စ။

၂၉။ သဗ္ဗီတိယော ဝိဝဇ္ဇန္တု၊
သောကော ရောဂေါ ဝိနဿတု။
မာ တေ ဘဝန္တွန္တရာယာ၊
သုခီ ဒီဃာယုကော ဘဝ။

၃၀။ အဘိဝါဒနသီလိဿ၊
နိစ္စံ ဝုဍ္ဎာပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊
အာယု ဝဏ္ဏော သုခံ ဗလံ။

အာဋာနာဋိယသုတ္တံ နိဋ္ဌိတံ။

ဝိပဿနာ တရားအားထုတ်ရန် အတွက်

အချိန်များများ မအားသူများကို

တိုတို နှင့် လိုရင်း ညွှန်ပြ၍

ရေး သား တင် ပြ ခဲ့ သော

# ငါးမိနစ် တရားရှုမှတ်နည်း

စာ အုပ် ပြု စု သူ

**မောင်လှပေါ် (မဟာဗောဓိ) ၏**

**ကိုယ်တွေ့ဝိပဿနာ မှတ်တမ်းလွှာ**

# ဓမ္မလမ်း

ထူးခြားသော စာအုပ်ထွက်ပါတော့မည်

ဘာသာရေးကို စတင်လေ့လာစဉ်က ခန္ဓာကိုယ်တွင်

ဖြစ်ပေါ်လာသော ထူးခြားသည့်ဒဏ်ကို တွန်းလှန်ရုန်းကန်ရင်း မှ

တရားရခဲ့သော တကယ့်အဖြစ်အပျက် **စာအုပ်ထူး**

ပညာအလင်းပြစာပေ

၁၃၀၊ ဗိုလ်ချုပ်လမ်းနှင့် လေးဆယ့်ရှစ်လမ်းထိပ်၊ ရန်ကုန်မြို့။

ဖုန်း - ၉၀၉၂၇

# အာဋာနာဋိယသုတ်မန္တန်တော်

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## အမွှန်းနိဒါန

ဒေဝါတိဒေဝ ဗြဟ္မာတိဗြဟ္မ တိလောကတမွတ် နတ်ထက်နတ် ဖြစ်တော်မူသော ငါတို့ဦးသျှောင် ထွတ်ခေါင်ထိပ်ထား ဘုရားကိုယ်တော်မြတ်သည် တိုင်းရပ်နဂိုရ် ရာဇဂြိုဟ်ပြည်ကြီး၏ အရှေ့မုခ် ဂိဇ္ဈကုဋ်တောင်ယံ၌ ပျော်စံ စမ္ပယ်တော်မူသောအခါ မြင့်မိုရ်ဥတ္တရာ မြောက်မျက်နှာမှ တေဇာလွှန်ကျူး အာဏာထူး၍ နတ်ဘီလူးစစ်သည် ကုဋေတစ်သိန်း အခြံ အရံရှိသော ဝေဿဝဏ္ဏနတ်မင်း၊ ပါစီနခွင် ရှေ့ပြင်တသတ် တန်ခိုးပတ်၍ ဂန္ဓဗ္ဗစစ်သည် ကုဋေတစ်သိန်း အခြံအရံရှိသော ဓတရဋ္ဌနတ်မင်း၊ ဒက္ခိဏာယံ ပူဇော်ခံလျက် နတ်ကုမ္ဘဏ်စစ်သည် ကုဋေတစ်သိန်း အခြံအရံရှိသော ဝိရူဋ္ဌက နတ်မင်း၊ ပစ္ဆိမာခွင်ဝန်းကျင် ပိုင်စား နတ်နဂါးစစ်သည် ကုဋေတစ်သိန်း အခြံ အရံရှိသော ဝိရူပက္ခနတ်မင်း၊ ဤစာတုမဟာရာဇ်နတ်မင်းကြီး လေးပါးတို့သည် မိမိတို့၏ ခြွေရံ ကျေးကျွန် ပရိသတ်နှင့်တကွ ညသန်ကောင်ယံ အချိန်တွင် ထိန်ထိန်လျှံပြီး တညီးညီး ထွန်းပြောင်သော ကျူမီးရောင်အတူ ဂိဇ္ဈကူတောင်အလုံးကို လွှမ်းဖုံး

တောက်ပစေလျက် ဘုရားရှင်ထံတော်ပါးသို့ ခစားလာရောက်ကြပါသတည်း။

ထိုစဉ်အခါ ဥတ္တရာဓိပတိ တိုင်းကြီး တံခွန်ဓေဝဿဝဏ်နတ်မင်းသည် မြတ်ရှင်ရင်း ဘုန်းမော်ကို နားတော်သို့ ဤလိုလျှောက်တင်၏။

ဘုန်းရှိယောကျ်ား အိုမြတ်စွာဘုရား – ဘုရားတပည့်တော်တို့စိုးရာ နတ်ဘီလူးပေါင်းများစွာတို့တွင် အချို့သောနတ်ဘီလူးတို့သည် ညစ်ညူးသော အသိအမြင်ဖြင့် အရှင်မြတ်တို့ကို ကြည်ညိုနှစ်သက်ခြင်းမရှိကြပါ၊ သူ့အသက်ကို သတ်ခြင်း၊ သူ့အသားကို စားခြင်း၊ သူ့ဥစ္စာကို ခိုးဝှက်ခြင်း၊ သေအရက်ကို သောက်ခြင်း ဝသော အဓမ္မကံများကိုလည်း ရံဖန်ရံခါ လွန်ကျူးကြပါသည်၊ အရှင်ဘုရား၏ ဩဝါဒကို ခံယူကြပေသည့် ရဟန်းယောကျ်ား, ရဟန်းမိန်းမ, လူယောကျ်ား, လူမိန်းမ တို့သည် တရားတော်ကို နာယူပြီး အခါကာလ ဒေသမရှောင် တောတောင်လိုဏ်တွင်း သစ်ပင်ရင်း စသော ဝိဝေကအရပ်၌ ကိလေသာ ငြိမ်းပြတ်ကြောင်း တရားကောင်းကို ကောင်းစွာ အားထုတ်ကြပေသည်။

ထိုသို့သော ပရိသတ်ကိုလည်း အရှင်ဘုရားအား မကြည်ညိုမရှိသေကြသော နတ်, နတ်ဘီလူးများသည် အထူးထူးနှောင့်ယှက်ပြီး နှိပ်စက်ကြပါလိမ့်မည်၊ ထိုနတ်,နတ်ဘီလူးမျိုးတို့ကား အစိုးရအာဏာကိုသာ လွန်စွာ ကြောက်လန့်တတ်ကြပါသည်။

ယင်းသို့ အစိုးရအာဏာကိုသာ လွန်စွာ ကြောက်လန့်တတ်ကြသည့်အတွက် အရှင်မြတ်ဘုရား၏ ပရိသတ် လေးဖြာကို နတ်မိစ္ဆာအများတို့ မပမ်းစား မနှောင့်ယှက်ဝံ့သော်ငြား အာဋာနာဋိယ မည်သော မန္တရားကို တပည့်တပမ်း အများတို့အား ဟောပြ သင်ကြားတော်မူပါဘုရား။

ထိုဒေသနာတော်ကို လေ့လာဆောင်ရွက် နေ့ရက် မပြတ် ရွတ်ဖတ်သရဇ္ဈာယ်ကြပါစေကုန်၊ ရွတ်သံကြားက အများ ဘုတ်၊ ကျွတ်၊ ရုန်းနတ်တစ္ဆေ၊ မြေဘီလူး၊ မျိုးရှုံ့စိုး ခံ့ညား ရှောင်ရှား ပြေးထွက်ကြပါလိမ့်မည်ဟု လျှောက်ပြီးမှ 'ဝိပဿိဿနမတ္ထု' အစရှိသော ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော အာဋာနာဋိယသုတ်ရင်းကို နတ်မင်းလေးပါးတို့ ဆက်ခဲ့ပြီးမှ အသီးအသီး ပြန်သွားကြလေသတည်း။

ဝေမာဒိဂုဏ္ဍုပေတံ၊ ဤသို့ အစရှိသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံတော်မူပေသော၊ အာဋာနာဋိယပရိတ္တံ၊ အာဋာနာဋိယ မည်ရခေါ်ထား ပရိတ်အရံအတားကို။ဟေ၊ အိုသူစင်သူကောင်း စည်းဝေးရောက်လာကြသည့် ဓမ္မမာမက အပျိုးသမီး အမျိုးသားအပေါင်းတို့။ မယံ၊ သပ္ပုရိသ မည်ရသမုတ် အကျွန်ုပ်တို့သည်။ ဘဏာမ၊ ဌာန်ခုနစ်ခု လေးဒုကရွှံ့ကား လေးဂိုဏ်းပယတ် ဆယ်ထပ်တင်ပြ ဗျဥ္ဇနဗုဒ္ဓိ အညီညီကာ ရွတ်ဆိုကြပါကုန်အံ့။

အမွှန်းနိဒါန ပြီး၏။

လူတိုင်း - အိမ်တိုင်း တစ်အုပ်ကျစီ ရှိသင့်သော

ဓမ္မာစရိယ ဦးအောင်နိုင် ဘီအေ ၏

## ဗုဒ္ဓယဉ်ကျေးမှု

# မြန်မာ့ဓလေ့ ပွဲတော်များ

ဘာသာရေးပွဲတော်အသီးသီးတို့၏ စတင်

ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းအပြည့်အစုံ

ထိုပွဲတော်များ၏ ကျင်းပကြပုံ စနစ်များ

လုပ်ထုံးများနှင့် နယ်အသီးသီးမှ

ဘာသာရေးပွဲတော် ကျင်းပခဲ့ကြသည့် ဓလေ့နှင့်

ဆိုင်ရာ ဗဟုသုတများ စုံလင်စွာပါသည်။

ပညာအလင်းပြစာပေတိုက် ဖုန်း - ၉၀၉၂၇

၁၃၀၊ ဗိုလ်ချုပ်လမ်းနှင့် ၄၈-လမ်းထိပ်၊ ရန်ကုန်မြို့။

# အာဋာနာဋိယသုတ်တော်
# မြန်မာပြန်

(၁) ပညာမျက်လုံး ရှိတော်မူသည့် ဝိပဿီ ဘုရားရှင်အား ရှိခိုးခြင်းကို ပြုလုပ်ပါသည်၊ သတ္တဝါအားလုံးကို အစဉ်စောင့်ရှောက်တော်မူသည့် သိခီဘုရားရှင်အား ရှိခိုးခြင်းကို ပြုလုပ်ပါသည်။

(၂) ကိလေသာအညစ်အကြေးကို ဆေးကြောတော်မူပြီး ဖြစ်ရကား ရှုတ်နှောက်ညစ်ပေ ရန်သူတွေကို ပယ်ပန်တော်မူစေပြီးသည့် ဝေဿဘူဘုရားရှင်အားလည်း ရှိခိုးခြင်းကို ပြုလုပ်ပါသည်၊ မာရ်စစ်သည်ဗိုလ်ပါကို နှိမ်နင်းတော်မူပြီးသည့် ကကုသန် ဘုရားရှင်အားလည်း ရှိခိုးခြင်းကိုပြုလုပ်ပါသည်။

(၃) မကောင်းမှုမှန်သမျှကို စွန့်တော်မူပြီး ဖြစ်ရကား- အရဟတ္တမဂ် သီတင်းကို ကျင့်သုံးတော်မူပြီး ဖြစ်သည့် ကောဏာဂုမ် ဘုရားရှင်အားလည်း ရှိခိုးခြင်းကို ပြုလုပ်ပါသည်၊ အကုသိုလ် အညစ်အကြေး အားလုံးတို့မှ ကင်းလွတ်တော်မူပြီးသည့် ကဿပ ဘုရားရှင်အားလည်း ရှိခိုးခြင်းကို ပြုလုပ်ပါသည်။

(၄) အကြင် ဂေါတမဘုရားရှင်သည် ဆင်းရဲအားလုံးကို ပယ်နုတ်နိုင်စွမ်းရှိသည့် ဤပိဋကသုံးဖြာ တရားဒေသနာတော်ကို ဟောကြားညွှန်ပြတော်မူခဲ့ပြီး၊ သာကီဝင်မျိုးဖြစ်၍ ကျက်သရေဘုန်းဟုန် စုံလင်တော်မူသည့် အင်္ဂီရသ ဂေါတမ ဘုရားရှင်အားလည်း ရှိခိုးခြင်းကို ပြုလုပ်ပါသည်။

(၅) နတ်ဗြဟ္မာလူ ခပ်သိမ်းသူတို့၏ အစီးအပွားကိုလည်း ဆောင်တော်မူတတ်, အကျင့်စရဏ ၁၅ - ၁၈ အသိ ဝိဇ္ဇာ ၃/၈ ဖြာများနှင့်လည်း ပြည့်စုံတော်မူသည့်ပြင် ကြောက်ရွံ့ခြင်းလည်းကင်းစင်တော်မူပေသည့် အကြင် ဂေါတမဘုရားရှင်ကို ရှိခိုးကြပါသည်။

(၆) ရှင်းပြင် အကြင်ဘုရားရှင်များသည်လည်း လောကဓာတ်ကြီးအတွင်းမှာပင် ကိလေသာမီး ငြိမ်းကုန်ကြရကား- ဟုတ်တိုင်းမှန်စွာ သိမြင်ကြကုန်ပြီ၊ ထို ဘုရားရှင်များသည် ချောပစ် ကုန်းတိုက်ခြင်းလည်း ကင်းကြ၏၊ ကြီးမြတ်သော ဘုန်းတော် ကံတော် ဉာဏ်တော်လည်းရှိကြ၏၊ ကြောက်ရွံ့ခြင်း ကင်းပြီး အရာရာမှာလည်း ရဲတင်းတော်မူကြ၏၊ ထိုဘုရားရှင်များကိုလည်း ရှိခိုးကြပါသည်။

(ဤဂါထာသာ သုတ်ပါထေယျ အာဋာနာဋိယ သုတ်ရင်းစကားဖြစ်သည်)။

(၇) ထိုဆိုခဲ့ပြီး ဘုရား ၇-ဆူ ၌ ၇-ဆူမှတစ်ပါး အခြားသောဘုရားရှင်များသည် ပွင့်ထွန်းတော်မူခဲ့ကြ၏၊ ကုဋေအရာမက များပြားလှသည့် ဘုရားရှင်အားလုံးတို့သည် တူတန်ညီမျှကြသည်၊ ဘုရား ရှင်အားလုံးတို့သည် တန်ခိုးတော်လည်း ကြီးမားကြသည်။

(၈) ဘုရားရှင်အားလုံးတို့သည် ကိုယ်တော်အား ၁၀ မျိုး ဉာဏ်တော်အား ၁၀-မျိုးတို့နှင့်လည်း ပြည့်စုံတော်မူကြသည်၊ ရဲရင့်တော်မူခြင်း ၄ -မျိုးတို့နှင့်လည်း ပြည့်စုံတော် မူကြသည်၊ ထိုဘုရားရှင်အားလုံးတို့သည် လောကဓာတ်တစ်ခွင်လုံး အမြင့် အမြတ်ဆုံး ဖြစ်တော် မူကြသည်၊ အောင်မြင်ရာ ဌာနကိုလည်း သိတွမ်းတော်မူနိုင်ကြ၏။

(၉) ထို ဘုရားရှင်များသည် ခြင်္သေ့ဟောက်သလို ဂုဏ် ပြောက်သည့်စကားတော်ကို မကြောက် မရွံ့ ရဲရဲရင့်ရင့် မြွက်ဆို တော်မူကြ၏၊ ပရိသတ်၄-ပါးအတွင်း ပရိသတ် ၈-ပါးအတွင်းမှာ တစ်ပါးသူတို့ မဟောညွှန်နိုင်သည့် အမြတ်ဆုံး ဓမ္မစက် တရား အချက်ကို ဟောမြွက်တော်မူနိုင်ကြသည်။

(၁၀) လောကသားတို့၏ အားထားရာ ဘုရားရှင်တို့သည် ဘုရားတိုင်း ပြည့်စုံမြဲ ဗုဒ္ဓဓမ္မ ၁၈ -ပါးတို့နှင့် ပြည့်စုံတော်မူကြ သည်၊ ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး ၃၂-ပါးတို့ နှင့်လည်း ပြည့်စုံတော်မူကြသည်၊ ဝဲပက်စရာ လက္ခဏာ တော် ငယ် ၈၀ - တို့၏ တည်ရှိရာလည်း ဖြစ်တော်မူကြပေသည်။

(၁၁) ထို ဘုရားမြတ် အားလုံးတို့သည် တစ်လံလောက်ရှိသော ရောင်ခြည်တော်ဝန်းဖြင့် အလွန် ထိန်လင်းသည့် ကိုယ်တော်ရောင် ရှိတော်မူကြပေသည်၊ ထို ဘုရားရှင် အားလုံးတို့သည် တရားအားလုံးကိုလည်း သိတော်မူကြပေသည်၊ ထို ဘုရားရှင်အားလုံးတို့သည် အာသဝေလေးပါး အပြစ်တရား ကုန်ခန်းပြီးဖြစ်ကြသည်၊ မာရ်ငါးအင်ကို အောင်မြင်တော်မူကြပြီး ဖြစ်ကြသည်။

(၁၂) ကြီးကျယ်များပြားသည့် ကိုယ်တော်ရောင် ဉာဏ်တော်ရောင်လည်းရှိကြသည်၊ သဗ္ဗညုတ စသော များပြားသော ပညာတော်လည်း ရှိကြသည်၊ ဆဒ္ဒန် ၁၀ - စီး အားလောက် ကြီးမားသော ခွန်အားလည်းရှိကြသည်၊ အနာဝရဏ ဉာဏ်ရှင် ဘုရားသခင်အားလုံးတို့သည် သတ္တဝါအများအပြားကို သနားတော်မူကြပေသည်၊ သတ္တဝါ အားလုံးတို့၏ ချမ်းသာသုခကိုလည်း ဆောင်ရွက်တော်မူကြသည်။

(၁၃) သတ္တဝါအားလုံးတို့၏ အားထားရာလည်း ဖြစ်ကြသည်၊ ထောက်တည်ရာလည်း ဖြစ်ကြသည်၊ ခိုကိုးရာလည်းဖြစ်ကြသည်၊ ပုန်းအောင်းရာလည်းဖြစ်ကြသည်၊ ကပ်ရောက် ခိုနားရာလည်းဖြစ်ကြသည်၊ အဆွေခင်ပွန်းလည်းဖြစ်ကြသည်၊ ကိလေသာ စစ်မက်ကို ဖြိုဖျက်ပေးသည့် စစ်မှူးကြီးလည်း ဖြစ်ကြသည်၊ ခိုမှီကိုးစားရာလည်း ဖြစ်ကြသည်၊ မြင့်မြတ်သည့် ဂုဏ်ကျေးဇူးကိုလည်း ရှာမှီးတော်မူကြသည်။

(၁၄) ထိုဘုရားရှင်အားလုံးတို့သည် နတ်ပြဟ္မာနှင့် တကွသော လူအပေါင်း၏ လည်းလျောင်းရာလည်း ဖြစ်ကြသည်၊ တပည့်တော် (မ) သည် ထို ယောကျ်ားမြတ် ဘုရားရှင်တို့၏ ခြေတော်များကို ရှိခိုးပါ၏ဘုရား။

(၁၅) ထိုဘုရားရှင်တို့ကို နှုတ်ဖြင့်လည်းကောင်း, စိတ်ဖြင့်လည်းကောင်း, အိပ်စက်ရာမှာ လည်းကောင်း, ထိုင်နေရာမှာ လည်းကောင်း, ရပ်နေရာမှာ လည်းကောင်း, သွားနေရာမှာ လည်းကောင်း, အမြဲတစေ တပည့်တော် ရှိခိုးပါ၏ဘုရား။

(၁၆) ထိုဘုရားရှင်တို့၏ ဂုဏ်တော် တန်ခိုးတော် အစွမ်းအာနုဘော်ကြောင့် သင်သည် (ငါသည်) အမြဲတစေ ချမ်းသာပါစေသား၊ ဥပဒ်ရန်ဘေး အားလုံးမှ ကင်းဝေးလျက် သင်၏ (ငါ၏) စိတ်သည် ချမ်းသာပါစေသား။

(၁၇) ရောဂါအားလုံးမှ လွတ်ကင်းကာ ဘေးအားလုံးမှ ကြဉ်ပယ်ကာ ရန်အားလုံးမှ လွတ်မြောက်ကာ သင်သည် (ငါသည်) ကိလေသာမီးအားလုံး ငြိမ်းအေးရပါစေ။

(၁၈) ထိုဘုရားရှင်တို့၏ သစ္စာတော် သီလတော် ခန္တီတော်, မေတ္တာတော် အစွမ်းအားများကြောင့် သင်တို့ကို (ငါတို့ကို) နတ်များသည် ရောဂါကင်းသဖြင့် လည်းကောင်း, ချမ်းသာသဖြင့်လည်းကောင်း အစဉ် စောင့်မကြပါစေသား။

(၁၉) အရှေ့မျက်နှာ အရပ်အဖို့၌ တန်ခိုး ကြီးကြသည့် ထင်ရှားသော နတ်မင်းများ ရှိကြပါသည်၊ ထို နတ်မင်းများ သည် ကျွန်တော်တို့ကို ( ကျွန်မ တို့ကို ) ရောဂါ ကင်းသဖြင့် လည်းကောင်း, ချမ်းသာသဖြင့် လည်းကောင်း အစဉ်စောင့်မ ကြပါစေသား။

(၂၀) တောင်မျက်နှာအရပ်အဖို့၌ မထင်မရှား နတ်မင်း များ သည်ကျွန်တော်တို့ကို ( ) ( ) ရောဂါကင်းသဖြင့် လည်းကောင်း, ချမ်းသာသဖြင့်လည်းကောင်း အစဉ် စောင့်မ ကြပါစေသား။

(၂၁) အနောက်မျက်နှာအရပ်အဖို့၌ နတ်နဂါးများသည် ကျွန်တော်တို့ကို ( ) ( ) ရောဂါကင်း သဖြင့် လည်း ကောင်း, ချမ်းသာသဖြင့် လည်းကောင်း, အစဉ်စောင့်မကြပါ စေသား။

(၂၂) မြောက်မျက်နှာအရပ်အဖို့၌ နတ်ဘီလူးများ ရှိကြ သည်၊ ထိုနတ်ဘီလူးများသည် ကျွန်တော်တို့ကို ( ) ( ) ရောဂါကင်းသဖြင့်လည်းကောင်း အစဉ်စောင့်မကြပါစေသား။

(၂၃) မြင့်မိုရ်တောင်၏ အရှေ့အရပ်ရှိ ဓတရဋ္ဌနတ်မင်း၊ မြင့်မိုရ်တောင်၏ တောင်အရပ်ရှိ ဝိရူဠှကနတ်မင်း၊ မြင့်မိုရ် တောင်၏ အနောက်အရပ်ရှိ ဝိရူပက္ခနတ်မင်း၊ မြင့်မိုရ်တောင်၏ မြောက်အရပ်ရှိ ကုဝေရနတ်မင်း။

(၂၄) ထိုနတ်မင်းကြီး ၄ - ယောက်တို့သည် ကမ္ဘာ သူ ကမ္ဘာသားအပေါင်းကို စောင့်ရှောက်ကြသည်၊ အခြံအရံလည်း မြောက်များကြသည်၊ ထို နတ်မင်းကြီးများသည်လည်း ရောဂါ ကင်းသဖြင့် လည်းကောင်း, ချမ်းသာသဖြင့် လည်းကောင်း, ကျွန်တော် တို့ကို ( ) ( ) အစဉ် စောင့်မကြပါ စေသား။

(၂၅) ကောင်းကင်မှာ တည်နေကြသည့် အာကာသစိုး နတ်၊ မြေပေါ်မှာတည်နေကြသည့် ဘုမ္မစိုး နတ်များနှင့် နတ်နဂါးတို့သည်လည်း တန်ခိုးကြီးမားကြပေသည်၊ ထိုတန်ခိုးကြီး အာသစိုးနတ်, ဘုမ္မစိုးနတ်နဂါးတို့သည် ရောဂါကင်းသဖြင့် လည်းကောင်း, ချမ်းသာ သ ဖြင့် လည်းကောင်း ကျွန်တော် တို့ကို ( ) ( ) တစဉ်စောင့်မကြပါစေသား။

(၂၆) တန်ခိုးကြီးကြသည့် အာကာသစိုး, ဘုမ္မစိုး နတ် နဂါးမျိုးတို့သည်လည်းကောင်း, ဤ သာသနာတော် အတွင်း မှာ နေကြသည့် စာတုမဟာရာဇ် တာဝတိံသာ စသော နတ် ဗြဟ္မာတို့သည်လည်းကောင်း, ရောဂါကင်းသဖြင့်လည်းကောင်း ချမ်းသာသဖြင့်လည်းကောင်း, ကျွန်တော်တို့ကို ( ) ( ) အစဉ်စောင့်မကြပါစေသား။

(၂၇) ဘေးဥပဒ်အားလုံး တို့သည် ရှောင်ရှားကြပါစေ၊ စိုးရိမ်ရောဂါဟူသမျှ ကိုယ်သို့ မရောက် ပျောက်ပျက်ကြပါစေ၊ ဘေးဒဏ်အန္တရာယ် ရန်စွယ်အပေါင်း မကောင်းဟူသမျှတို့သည် မဖြစ်ကြရပါစေ၊ ကျွန်တော်သည် ( ) ( ) ချမ်းသာ အေးမြ အသက်ရှည်ကြပါစေ။

အာဋာနာဋိယသုတ်တော် မြန်မာပြန်ပြီး၏။

အမှာစကား—

အာဋာနာဋိယသုတ်တော် မြန်မာပြန်တွင် အလိုရှိသလို ပြောင်းလဲ ရွတ်ဆိုနိုင်ရန်အတွက် လက်သည်းကွင်း ပြထားပါသည်။ ။ဥပမာ— (သင်သည်) (ငါသည်) (တပည့်တော်) (တပည့်တော်မ)တို့ နေရာ၌ (သင်တို့ကို) (ငါတို့ကို) (တပည့် တော်တို့ ဝတ်အသင်း အပ္ပသူ အဖွဲ့သားတို့ကို ) ဟု ပြောင်းလဲ ရွတ်ဆိုနိုင်ပါသည်။



အရှေ့အရပ်

ဓတရဋ္ဌ နတ်မင်းကြီး



အနောက်အရပ်
ဝိရူပက္ခ နတ်နဂါးမင်းကြီး



တောင်အရပ်

ဝိရုဠှက နတ်ဂဠုန်မင်းကြီး



မြောက်အရပ်

ကုဝေရ နတ်ဘီလူးမင်းကြီး

# မဟာအာဋာနာဋိယသုတ်

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ ဧဝံ မေ သုတံ—ဧကံ သမယံ ဘဂဝါ ရာဇဂဟေ ဝိဟရတိ ဂိဇ္ဈကူဋေ ပဗ္ဗတေ။

၂။ အထ ခေါ စတ္တာရော မဟာရာဇာ မဟတိယာ စ ယက္ခသေနာယ, မဟတိယာ စ ဂန္ဓဗ္ဗသေနာယ, မဟတိယာ စ ကုမ္ဘဏ္ဍသေနာယ, မဟတိယာ စ နာဂသေနာယ စတုဒ္ဒိသံ ရက္ခံ ဌပေတွာ စတုဒ္ဒိသံ ဂုမ္ဗံ ဌပေတွာ စတုဒ္ဒိသံ ဩဝရဏံ ဌပေတွာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဂိဇ္ဈကူဋံ ပဗ္ဗတံ ဩဘာသေတွာ ယေန ဘဂဝါ တေနုပသင်္ကမိံသု၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိံသု။ တေပိ ခေါ ယက္ခာ အပ္ပေကစ္စေ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိံသု၊

၃။ အပ္ပေကစ္စေ ဘဂဝတာ သဒ္ဓိံ သမ္မောဒိံသု၊ သမ္မောဒနီယံ ကထံ သာရဏီယံ ဝီတိသာရေတွာ ဧကမန္တံ နိသီဒိံသု၊ အပ္ပေကစ္စေ ယေန ဘဂဝါ တေနဉ္ဇလိံ ပဏာမေတွာ ဧကမန္တံ နိသီဒိံသု၊ အပ္ပေကစ္စေ နာမဂေါတ္တံ သာဝေတွာ ဧကမန္တံ နိသီဒိံသု၊ အပ္ပေကစ္စေ တုဏှီဘူတာ ဧကမန္တံ နိသီဒိံသု။

၄။ ဧကမန္တံ နိသိန္နော ခေါ ဝေဿဝဏော မဟာရာဇာ ဘဂဝန္တံ ဧတဒဝေါစ “သန္တိ ဟိ ဘန္တေ ဥဠာရာ ယက္ခာ ဘဂဝတော အပ္ပသန္နာ၊ သန္တိ ဟိ ဘန္တေ ဥဠာရာ ယက္ခာ ဘဂဝတော ပသန္နာ၊ သန္တိ ဟိ ဘန္တေ မဇ္ဈိမာ ယက္ခာ ဘဂဝတော အပ္ပသန္နာ၊ သန္တိ ဟိ ဘန္တေ မဇ္ဈိမာ ယက္ခာ ဘဂဝတော ပသန္နာ၊ သန္တိ ဟိ ဘန္တေ နိစာ ယက္ခာ ဘဂဝတော အပ္ပသန္နာ၊ သန္တိ ဟိ ဘန္တေ နိစာ ယက္ခာ ဘဂဝတော ပသန္နာ။ ယေဘုယျေန ခေါ ပန ဘန္တေ ယက္ခာ အပ္ပသန္နာယေဝ ဘဂဝတော။

၅။ တံ ကိဿ ဟေတု၊ ဘဂဝါ ဟိ ဘန္တေ ပါဏာတိပါတာ ဝေရမဏိယာ ဓမ္မံ ဒေသေတိ၊ အဒိန္နာဒါနာ ဝေရမဏိယာ ဓမ္မံ ဒေသေတိ၊ ကာမေသုမိစ္ဆာစာရာ ဝေရမဏိယာ ဓမ္မံ ဒေသေတိ၊ မုသာဝါဒါ ဝေရမဏိယာ ဓမ္မံ ဒေသေတိ၊ သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏိယာ ဓမ္မံ ဒေသေတိ။

၆။ ယေဘုယျေန ခေါ ပန ဘန္တေ ယက္ခာ အပ္ပဋိ-ဝိရတာယေဝ ပါဏာတိပါတာ၊ အပ္ပဋိဝိရတာ အဒိန္နာဒါနာ၊ အပ္ပဋိဝိရတာ ကာမေသုမိစ္ဆာစာရာ၊ အပ္ပဋိဝိရတာ မုသာဝါဒါ၊ အပ္ပဋိဝိရတာ သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ။ တေသံ တံ ဟောတိ အပ္ပိယံ အမနာပံ။

၇။ သန္တိ ဟိ ဘန္တေ ဘဂဝတော သာဝကာ အရညဝန-ပတ္ထာနိ ပန္တာနိ သေနာသနာနိ ပဋိသေဝန္တိ အပ္ပသဒ္ဒါနိ အပ္ပနိဂ္ဃောသာနိ ဝိဇနဝါတာနိ မနုဿရာဟသေယျကာနိ ပဋိသလ္လာနသာရုပ္ပါနိ။

၈။ တတ္ထ သန္တိ ဥဠာရာ ယက္ခာ နိဝါသိနော၊ ယေ ဣမသ္မိံ ဘဂဝတော ပါဝစနေ အပ္ပသန္နာ၊ တေသံ ပသာဒါယ ဥဂ္ဂဏှာတု ဘန္တေ ဘဂဝါ အာဋာနာဋိယံ ရက္ခံ ဘိက္ခူနံ ဘိက္ခုနီနံ ဥပါသကာနံ ဥပါသိကာနံ ဂုတ္တိယာ ရက္ခာယ အဝိဟိံသာယ ဖာသုဝိဟာရာယာ”တိ။

၉။ အဓိဝါသေသိ ဘဂဝါ တုဏှီဘာဝေန။ အထ ခေါ ဝေဿဝဏော မဟာရာဇာ ဘဂဝတော အဓိဝါသနံ ဝိဒိတွာ တာယံ ဝေလာယံ ဣမံ အာဋာနာဋိယံ ရက္ခံ အဘာသိ—

၁၀။ ဝိပဿိဿ စ နမတ္ထု၊ စက္ခုမန္တဿ သိရီမတော။
သိခိဿပိ စ နမတ္ထု၊ သဗ္ဗဘူတာနုကမ္ပိနော။

၁၁။ ဝေဿဘုဿ စ နမတ္ထု၊ နှာတကဿ တပဿိနော။
နမတ္ထု ကကုသန္ဓဿ၊ မာရသေနာပမဒ္ဒိနော။

၁၂။ ကောဏာဂမနဿ နမတ္ထု၊ ဗြာဟ္မဏဿ ဝုသီမတော။
ကဿပဿ စ နမတ္ထု၊ ဝိပ္ပမုတ္တဿ သဗ္ဗဓိ။

၁၃။ အင်္ဂီရသဿ နမတ္ထု၊ သကျပုတ္တဿ သိရီမတော။
ယော ဣမံ ဓမ္မံ ဒေသေသိ၊ သဗ္ဗဒုက္ခာပနူဒနံ။

၁၄။ ယေ စာပိ နိဗ္ဗုတာ လောကေ၊ ယထာဘူတံ ဝိပဿိသုံ။
တေ ဇနာ အပိသုဏာ’ထ၊ မဟန္တာ ဝီတသာရဒါ။

၁၅။ ဟိတံ ဒေဝမနုဿာနံ၊ ယံ နမဿန္တိ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ မဟန္တံ ဝီတသာရဒံ။

၁၆။ ယတော ဥဂ္ဂစ္ဆတိ သူရိယော၊ အာဒိစ္စော မဏ္ဍလီ မဟာ။
ယဿ စု’ဂ္ဂစ္ဆမာနဿ၊ သံဝရီပိ နိရုဇ္ဈတိ။
ယဿ စု’ဂ္ဂတေ သူရိယေ၊ ဒိဝသောတိ ပဝုစ္စတိ။

၁၇။ ရဟဒေါပိ တတ္ထ ဂမ္ဘီရော၊ သမုဒ္ဒေါ သရိတောဒကော။
ဧဝံ တံ တတ္ထ ဇာနန္တိ၊ သမုဒ္ဒေါ သရိတောဒကော။

၁၈။ ဉာတေ သာ ပုရိမာ ဒိသာ၊ ဉာတိ နံ အာစိက္ခတိ ဇနော။
ယံ ဒိသံ အဘိပါလေတိ၊ မဟာရာဇာ ယသဿီ သော။

၁၉။ ဂန္ဓဗ္ဗာနံ အဓိပတိ၊ 'ဓတရဋ္ဌော'တိ နာမသော။
ရမတီ နစ္စဂီတေဟိ၊ ဂန္ဓဗ္ဗေဟိ ပုရက္ခတော။

၂၀။ ပုတ္တာပိ တဿ ဗဟဝေါ၊ ဧကနာမာတိ မေ သုတံ။
အသီတိ ဒသ ဧကော စ၊ ဣန္ဒနာမာ မဟဗ္ဗလာ။

၂၁။ တေ စာပိ ဗုဒ္ဓံ ဒိသွာန၊ ဗုဒ္ဓံ အာဒိစ္စဗန္ဓုနံ။
ဒူရတောဝ နမဿန္တိ၊ မဟန္တံ ဝီတသာရဒံ။

၂၂။ နမော တေ ပုရိသာဇည၊ နမော တေ ပုရိသုတ္တမ။
ကုသလေန သမေက္ခသိ၊ အမနုဿာပိ တံ ဝန္ဒန္တိ။
သုတံ နေတံ အဘိဏှသော၊ တသ္မာ ဧဝံ ဝဒေမသေ။

၂၃။ ဇိနံ ဝန္ဒထ ဂေါတမံ၊ ဇိနံ ဝန္ဒာမ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမ ဂေါတမံ။

၂၄။ ယေန ပေတာ ပဝုစ္စန္တိ၊ ပိသုဏာ ပိဋ္ဌိမံသိကာ။
ပါဏာတိပါတိနော လုဒ္ဒါ၊ စောရာ နေကတိကာ ဇနာ။

၂၅။ ဣတော သာ ဒက္ခိဏာ ဒိသာ၊ ဣတိ နံ အာစိက္ခတီ ဇနော။
ယံ ဒိသံ အဘိပါလေတိ၊ မဟာရာဇာ ယသဿိ သော။

၂၆။ ကုမ္ဘဏ္ဍာနံ အဓိပတိ၊ 'ဝိရူဠှော' တိ နာမသော။
ရမတီ နစ္စဂီတေဟိ၊ ကုမ္ဘဏ္ဍေဟိ ပုရက္ခတော။

၂၇။ ပုတ္တာပိ တဿ ဗဟဝေါ၊ ဧကနာမာတိ မေ သုတံ။
အသီတိ ဒသ ဧကော စ၊ ဣန္ဒနာမာ မဟဗ္ဗလာ။

၂၈။ တေ စာပိ ဗုဒ္ဓံ ဒိသွာန၊ ဗုဒ္ဓံ အာဒိစ္စဗန္ဓုနံ။
ဒူရတောဝ နမဿန္တိ၊ မဟန္တံ ဝီတသာရဒံ။

၂၉။ နမော တေ ပုရိသာဇည၊ နမော တေ ပုရိသုတ္တမ။
ကုသလေန သမေက္ခသိ၊ အမနုဿာပိ တံ ဝန္ဒန္တိ။
သုတံ နေတံ အဘိဏှသော၊ တသ္မာ ဧဝံ ဝဒေမသေ။

၃၀။ ဇိနံ ဝန္ဒထ ဂေါတမံ၊ ဇိနံ ဝန္ဒာမ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမ ဂေါတမံ။

၃၁။ ယတ္ထ စောဂ္ဂစ္ဆတိ သူရိယော၊ အာဒိစ္စော မဏ္ဍလီ မဟာ။
ယဿ စောဂ္ဂစ္ဆမာနဿ၊ ဒိဝသောပိ နိရုဇ္ဈတိ။
ယဿ စောဂ္ဂတေ သူရိယေ၊ သံဝရီတိ ပဝုစ္စတိ။

၃၂။ ရဟဒေါပိ တတ္ထ ဂမ္ဘီရော၊ သမုဒ္ဒေါ သရိတောဒကော။
ဧဝံ တံ တတ္ထ ဇာနန္တိ၊ သမုဒ္ဒေါ သရိတောဒကော။

၃၃။ ဣတော သာ ပစ္ဆိမာ ဒိသာ၊ ဣတိ နံ အာစိက္ခတီ ဇနော။
ယံ ဒိသံ အဘိပါလေတိ၊ မဟာရာဇာ ယသဿီ သော။

၃၄။ နာဂါနဉ္စ အဓိပတိ၊ ဝိရူပက္ခောတိ နာမသော။
ရမတိ နစ္စဂီတေဟိ၊ နာဂေဟေဝ ပုရက္ခတော။

၃၅။ ပုတ္တာပိ တဿ ဗဟဝေါ၊ ဧကနာမာတိ မေ သုတံ။
အသီတိ ဒသ ဧကော စ၊ ဣန္ဒနာမာ မဟဗ္ဗလာ။

၃၆။ တေ စာပိ ဗုဒ္ဓံ ဒိသွာန၊ ဗုဒ္ဓံ အာဒိစ္စဗန္ဓုနံ။
ဒူရတောဝ နမဿန္တိ၊ မဟန္တံ ဝီတသာရဒံ။

၃၇။ နမော တေ ပုရိသာဇည၊ နမော တေ ပုရိသုတ္တမ။
ကုသလေန သမေက္ခသိ၊ အမနုဿာပိ တံ ဝန္ဒန္တိ။
သုတံ နေတံ အဘိဏှသော၊ တသ္မာ ဧဝံ ဝဒေမသေ။

၃၈။ ဇိနံ ဝန္ဒထ ဂေါတမံ၊ ဇိနံ ဝန္ဒာမ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမ ဂေါတမံ။

၃၉။ ယေန ဥတ္တရကုရုဝှော၊ မဟာနေရု သုဒဿနော။
မနုဿာ တတ္ထ ဇာယန္တိ၊ အမမာ အပရိဂ္ဂဟာ။

၄၀။ န တေ ဗီဇံ ပဝပန္တိ၊ နပိ နီယန္တိ နင်္ဂလာ။
အကဋ္ဌပါကိမံ သာလိံ၊ ပရိဘုဉ္ဇန္တိ မာနုသာ။

၄၁။ အကဏံ အထုသံ သုဒ္ဓံ၊ သုဂန္ဓံ တဏ္ဍုလပ္ဖလံ။
တုဏ္ဍိကီရေ ပစိတွာန၊ တတော ဘုဉ္ဇန္တိ ဘောဇနံ။

၄၂။ ဂါဝိံ ဧကခုရံ ကတွာ၊ အနုယန္တိ ဒိသောဒိသံ။
ပသုံ ဧကခုရံ ကတွာ၊ အနုယန္တိ ဒိသောဒိသံ။

၄၃။ ဣတ္ထိံ ဝါ ဝါဟနံ ကတွာ၊ အနုယန္တိ ဒိသောဒိသံ။
ပုရိသံ ဝါဟနံ ကတွာ၊ အနုယန္တိ ဒိသောဒိသံ။

၄၄။ ကုမာရိံ ဝါဟနံ ကတွာ၊ အနုယန္တိ ဒိသောဒိသံ။
ကုမာရံ ဝါဟနံ ကတွာ၊ အနုယန္တိ ဒိသောဒိသံ။

၄၅။ တေ ယာနေ အဘိရုဟိတွာ၊
သဗ္ဗာ ဒိသာ အနုပရိယာယန္တိ။
ပစာရာ တဿ ရာဇိနော။

၄၆။ ဟတ္ထိယာနံ အဿယာနံ၊ ဒိဗ္ဗယာနံ ဥပဋ္ဌိတံ။
ပါသာဒါ သိဝိကာ စေဝ၊ မဟာရာဇဿ ယသဿိနော။

၄၇။ တဿ စ နဂရာ အဟု၊
အန္တလိက္ခေ သုမာပိတာ။
အာဋာနာဋာ ကုသိနာဋာ ပရကုသိနာဋာ၊
နာဋသုရိယာ ပရကုသိဋနာဋာ။

၄၈။ ဥတ္တရေန ကသိဝန္တော၊
ဇနောဃ မပရေန စ။
နဝနဝုတိယော အမ္ဗရအမ္ဗရဝတိယော၊
အာဠကမန္ဒာ နာမ ရာဇဓာနီ။

၄၉။ ကုဝေရဿ ခေါ ပန မာရိသ မဟာရာဇဿ ဝိသာဏာ
နာမ ရာဇဓာနီ။
တသ္မာ ကုဝေရော မဟာရာဇာ၊
ဝေဿဝဏောတိ ပဝုစ္စတိ။

၅၀။ ပစ္စေသန္တော ပကာသေန္တိ၊
တတောလာ တတ္တလာ တတောတလာ။
ဩဇသိ တေဇသိ တတောဇသီ၊
သူရော ရာဇာ အရိဋ္ဌော နေမိ။

၅၁။ ရဟဒေါပိ တတ္ထ ဓရဏီ နာမ၊
ယတော မေဃာ ပဝဿန္တိ။
ဝဿာ ယတော ပတာယန္တိ၊
သဘာပိ တတ္ထ သာလဝတီ နာမ။

၅၂။ ယတ္ထ ယက္ခာ ပယိရုပါသန္တိ၊ တတ္ထ နိစ္စဖလာ ရုက္ခာ။
နာနာဒိဇဂဏာယုတာ၊ မယူရကောဉ္စာဘိရုဒါ။
ကောကိလာဒီဟိ ဝဂ္ဂုဟိ။

၅၃။ ဇီဝဉ္ဇီဝကသဒ္ဒေတ္ထ၊ အထော ဩဋ္ဌဝစိတ္တကာ။
ကုက္ကုဋကာ ကုဠီရကာ၊ ဝနေ ပေါက္ခရသာတကာ။

၅၄။ သုက သာဠိကသဒ္ဒေတ္ထ၊ ဒဏ္ဍမာဏဝကာနိ စ။
သောဘတိ သဗ္ဗကာလံ သာ၊ ကုဝေရ နဠိနီ သဒါ။

၅၅။ ဣတော သာ ဥတ္တရာ ဒိသာ၊ ဣတိ နံ အာစိက္ခတိ ဇနော။
ယံ ဒိသံ အဘိပါလေတိ၊ မဟာရာဇာ ယသဿိ သော။

၅၆။ ယက္ခာနဉ္စ အဓိပတိ၊ ကုဝေရော ဣတိ နာမ သော။
ရမတိ နစ္စဂီတေဟိ၊ ယက္ခေဟိ ပုရက္ခတော။

၅၇။ ပုတ္တာပိ တဿ ဗဟဝေါ၊ ဧကနာမာတိ မေ သုတံ။
အသီတိ ဒသ ဧကော စ၊ ဣန္ဒနာမာ မဟဗ္ဗလာ။

၅၈။ တေ စာပိ ဗုဒ္ဓံ ဒိသွာန၊ ဗုဒ္ဓံ အာဒိစ္စဗန္ဓုနံ။
ဒူရတောဝ နမဿန္တိ၊ မဟန္တံ ဝီတသာရဒံ။

၄၉။ နမော တေ ပုရိသာဇည၊ နမော တေ ပုရိသုတ္တမ။
ကုသလေန သမေက္ခသိ၊ အမနုဿာပိ တံ ဝန္ဒန္တိ။
သုတံ နေတံ အဘိဏှသော၊ တသ္မာ ဧဝံ ဝဒေမသေ။

၅၀။ ဇိနံ ဝန္ဒထ ဂေါတမံ၊ ဇိနံ ဝန္ဒာမ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမ ဂေါတမန္တိ။

၅၁။ အယံ ခေါ သာ မာရိသ အာဋာနာဋိယာ ရက္ခာ ဘိက္ခူနံ ဘိက္ခုနီနံ ဥပါသကာနံ ဥပါသိကာနံ ဂုတ္တိယာ ရက္ခာယ အဝိဟိံသာယ ဖာသုဝိဟာရာယ။

၅၂။ ယဿ ကဿစိ မာရိသ ဘိက္ခုဿ ဝါ ဘိက္ခုနိယာ ဝါ ဥပါသကဿ ဝါ ဥပါသိကာယ ဝါ အယံ အာဋာနာဋိယာ ရက္ခာ သုဂ္ဂဟိတာ ဘဝိဿတိ သမတ္တာ ပရိယာပုတာ။

၅၃။ တံ စေ အမနုဿော ယက္ခော ဝါ ယက္ခိနီ ဝါ ယက္ခပေါတကော ဝါ ယက္ခပေါတိကာ ဝါ ယက္ခမဟာ-မတ္တော ဝါ ယက္ခပါရိသဇ္ဇော ဝါ ယက္ခပစာရော ဝါ၊ ဂန္ဓဗ္ဗော ဝါ ဂန္ဓဗ္ဗီ ဝါ ဂန္ဓဗ္ဗပေါတကော ဝါ ဂန္ဓဗ္ဗ-ပေါတိကာ ဝါ ဂန္ဓဗ္ဗမဟာမတ္တော ဝါ ဂန္ဓဗ္ဗပါရိသဇ္ဇော ဝါ ဂန္ဓဗ္ဗပစာရော ဝါ၊ ကုမ္ဘဏ္ဍော ဝါ ကုမ္ဘဏ္ဍီ ဝါ ကုမ္ဘဏ္ဍပေါတကော ဝါ ကုမ္ဘဏ္ဍပေါတိကာ ဝါ ကုမ္ဘဏ္ဍ-မဟာမတ္တော ဝါ ကုမ္ဘဏ္ဍပါရိသဇ္ဇော ဝါ ကုမ္ဘဏ္ဍပစာရော ဝါ၊ နာဂေါ ဝါ နာဂီ ဝါ နာဂပေါတကော ဝါ နာဂ-

ပေါတိကာ ဝါ နာဂမဟာမတ္တော ဝါ နာဂပါရိသဇ္ဇော ဝါ နာဂပစာရော ဝါ ပဒုဋ္ဌစိတ္တော ဘိက္ခုံ ဝါ ဘိက္ခုနိံ ဝါ ဥပါသကံ ဝါ ဥပါသိကံ ဝါ ဂစ္ဆန္တံ ဝါ အနုဂစ္ဆေယျ၊ ဌိတံ ဝါ ဥပတိဋ္ဌေယျ၊ နိသိန္နံ ဝါ ဥပနိသီဒေယျ၊ နိပန္နံ ဝါ ဥပနိပဇ္ဇေယျ။

၆၄။ န မေ သော မာရိသ အမနုဿော လဘေယျ ဂါမေသု ဝါ နိဂမေသု ဝါ သက္ကာရံ ဝါ ဂရုကာရံ ဝါ၊ န မေ သော မာရိသ အမနုဿော လဘေယျ အာဠကမန္ဒာယ နာမ ရာဇဓာနိယာ ဝတ္ထုံ ဝါ ဝါသံ ဝါ၊ န မေ သော မာရိသ အမနုဿော လဘေယျ ယက္ခာနံ သမိတိံ ဂန္တုံ။

၆၅။ အပိဿု နံ မာရိသ အမနုဿာ အနာဝယှမ္ပိ နံ ကရေယျုံ အဝိဝယှံ၊ အပိဿု နံ မာရိသ အမနုဿာ အတ္တာဟိပိ ပရိပုဏ္ဏာဟိ ပရိဘာသာဟိ ပရိဘာသေယျုံ၊ အပိဿု နံ မာရိသ အမနုဿာ ရိတ္တမ္ပိ’ဿ ပတ္တံ သီသေ နိက္ကုဇ္ဇေယျုံ၊ အပိဿု နံ မာရိသ အမနုဿာ သတ္တဓာပိ’ဿ မုဒ္ဓံ ဖာလေယျုံ။

၆၆။ သန္တိ ဟိ မာရိသ အမနုဿာ စဏ္ဍာ ရုဒ္ဒါ ရဘသာ၊ တေ နေဝ မဟာရာဇာနံ အာဒိယန္တိ၊ န မဟာရာဇာနံ ပုရိသကာနံ အာဒိယန္တိ၊ န မဟာရာဇာနံ ပုရိသကာနံ ပုရိသကာနံ အာဒိယန္တိ။ တေ ခေါ တေ မာရိသ အမနုဿာ မဟာရာဇာနံ အဝရုဒ္ဓါ နာမ ဝုစ္စန္တိ။

၆၇။ သေယျထာပိ မာရိသ ရညော မာဂဓဿ ဝိဇိတေ မဟာစောရာ။ တေ နေဝ ရညော မာဂဓဿ အာဒိယန္တိ၊ န ရညော မာဂဓဿ ပုရိသကာနံ အာဒိယန္တိ၊ န ရညော မာဂဓဿ ပုရိသကာနံ ပုရိသကာနံ အာဒိယန္တိ။ တေ ခေါ တေ မာရိသ မဟာစောရာ ရညော မာဂဓဿ အဝရုဒ္ဓါ နာမ ဝုစ္စန္တိ။

၆၈။ ဧဝမေဝ ခေါ မာရိသ သန္တိ အမနုဿာ စဏ္ဍာ ရုဒ္ဒါ ရဘသာ၊ တေ နေဝ မဟာရာဇာနံ အာဒိယန္တိ၊ န မဟာရာဇာနံ ပုရိသကာနံ အာဒိယန္တိ၊ န မဟာရာဇာနံ ပုရိသကာနံ ပုရိသကာနံ အာဒိယန္တိ။ တေ ခေါ တေ မာရိသ အမနုဿာ မဟာရာဇာနံ အဝရုဒ္ဓါ နာမ ဝုစ္စန္တိ။

၆၉။ ယော ဟိ ကောစိ မာရိသ အမနုဿော ယက္ခော ဝါ ယက္ခိနီ ဝါ။ပ။ ဂန္ဓဗ္ဗော ဝါ ဂန္ဓဗ္ဗီ ဝါ။ပ။ ကုမ္ဘဏ္ဍော ဝါ ကုမ္ဘဏ္ဍီ ဝါ။ပ။ နာဂေါ ဝါ နာဂီ ဝါ နာဂပေါတကော ဝါ နာဂပေါတိကာ ဝါ နာဂမဟာမတ္တော ဝါ နာဂပါရိသဇ္ဇော ဝါ နာဂပစာရော ဝါ ပဒုဋ္ဌစိတ္တော ဘိက္ခုံ ဝါ ဘိက္ခုနိံ ဝါ ဥပါသကံ ဝါ ဥပါသိကံ ဝါ ဂစ္ဆန္တံ ဝါ အနုဂစ္ဆေယျ၊ ဌိတံ ဝါ ဥပတိဋ္ဌေယျ၊ နိသိန္နံ ဝါ ဥပနိသီဒေယျ၊ နိပန္နံ ဝါ ဥပနိပဇ္ဇေယျ။

၇၀။ ဣမေသံ ယက္ခာနံ မဟာယက္ခာနံ သေနာပတီနံ မဟာသေနာပတီနံ ဥဇ္ဈာပေတဗ္ဗံ ဝိက္ကန္ဒိတဗ္ဗံ ဝိရဝိတဗ္ဗံ "အယံ ယက္ခော ဂဏှာတိ၊ အယံ ယက္ခော အာဝိသတိ၊ အယံ ယက္ခော ဟေဌေတိ၊ အယံ ယက္ခော ဝိဟေဌေတိ၊ အယံ ယက္ခော ဟိံသတိ၊ အယံ ယက္ခော ဝိဟိံသတိ၊ အယံ ယက္ခော န မုဉ္စတီ"တိ။ ကတမေသံ ယက္ခာနံ မဟာယက္ခာနံ သေနာပတီနံ မဟာသေနာပတီနံ?

၇၁။ ဣန္ဒော သောမော ဝရုဏော စ၊
ဘာရဒွါဇော ပဇာပတိ။

စန္ဒနော ကာမသေဋ္ဌော စ၊
ကိန္နုဃဏ္ဍု နိဃဏ္ဍု စ။

၇၂။ ပနာဒေါ ဩပမညော စ၊
ဒေဝသူတော စ မာတလိ။

စိတ္တသေနော စ ဂန္ဓဗ္ဗော၊
နဠော ရာဇာ ဇနေသဘော။

၇၃။ သာတာဂိရော ဟေမဝတော၊
ပုဏ္ဏကော ကရတိယော ဂုဠော။

သိဝကော မုစလိန္ဒော စ၊
ဝေဿာမိတ္တော ယုဂန္ဓရော။

၇၄။ ဂေါပါလော သုပ္ပရောဓော စ၊
ဟိရိ နေတ္တိ စ မန္ဒိယော။
ပဥ္စာလစဏ္ဍော အာဠဝကော၊
ပဇ္ဇုန္နော သုပနော သုမုခေါ။
ဒဓိမုခေါ မဏိ မာဏိ ဝရော ဒီဃော၊
အထော သေရိသကော သဟ။

၇၅။ ဣမေသံ ယက္ခာနံ မဟာယက္ခာနံ သေနာပတီနံ မဟာသေနာပတီနံ ဥဇ္ဈာပေတဗ္ဗံ ဝိက္ကန္ဒိတဗ္ဗံ ဝိရဝိတဗ္ဗံ ''အယံ ယက္ခော ဂဏှာတိ၊ အယံ ယက္ခော အာဝိသတိ၊ အယံ ယက္ခော ဟေဌေတိ၊ အယံ ယက္ခော ဝိဟေဌေတိ၊ အယံ ယက္ခော ဟိံသတိ၊ အယံ ယက္ခော ဝိဟိံသတိ၊ အယံ ယက္ခော န မုဉ္စတီ''တိ။

၇၆။ အယံ ခေါ သာ မာရိသ အာဋာနာဋိယာ ရက္ခာ ဘိက္ခူနံ ဘိက္ခုနီနံ ဥပါသကာနံ ဥပါသိကာနံ ဂုတ္တိယာ ရက္ခာယ အဝိဟိံသာယ ဖာသုဝိဟာရာယ။

၇၇။ ဟန္ဒ စ ဒါနိ မယံ မာရိသ ဂစ္ဆာမ၊ ဗဟုကိစ္စာ မယံ ဗဟုကရဏီယာတိ၊ ယဿ ဒါနိ တုမှေ မဟာရာဇာနော ကာလံ မညထာတိ။

၇၈။ အထ ခေါ စတ္တာရော မဟာရာဇာ ဥဋ္ဌာယာသနာ ဘဂဝန္တံ အဘိဝါဒေတွာ ပဒက္ခိဏံ ကတွာ ကတ္ထေဝ'န္တရဓာယိံသု။ တေပိ ခေါ ယက္ခာ ဥဋ္ဌာယာသနာ အပ္ပေကစ္စေ

ဘဂဝန္တံ အဘိဝါဒေတွာ ပဒက္ခိဏံ ကတွာ တတ္ထေဝ'န္တရ-
ဓာယိံသု၊ အပ္ပေကစ္စေ ဘဂဝတာ သဒ္ဓိံ သမ္မောဒိံသု၊
သမ္မောဒနီယံ ကထံ သာရဏီယံ ဝီတိသာရေတွာ တတ္ထေဝ'န္တရ-
ဓာယိံသု၊ အပ္ပေကစ္စေ ယေန ဘဂဝါ, တေနဉ္ဇလိံ ပဏာ-
မေတွာ တတ္ထေဝ'န္တရဓာယိံသု၊ အပ္ပေကစ္စေ နာမဂေါတ္တံ
သာဝေတွာ တတ္ထေဝ'န္တရဓာယိံသု၊ အပ္ပေကစ္စေ တုဏှီဘူတာ
တတ္ထေဝ'န္တရဓာယိံသူတိ။

## ပဌမဘာဏဝါရော နိဋ္ဌိတော။

၇၉။ အထ ခေါ ဘဂဝါ တဿာ ရတ္တိယာ အစ္စယေန ဘိက္ခူ အာမန္တေသိ— ဣမံ ဘိက္ခဝေ ရတ္တိံ စတ္တာရော မဟာရာဇာ မဟတိယာ စ ယက္ခသေနာယ, မဟတိယာ စ ဂန္ဓဗ္ဗသေနာယ, မဟတိယာ စ ကုမ္ဘဏ္ဍသေနာယ, မဟတိယာ စ နာဂသေနာယ စတုဒ္ဒိသံ ရက္ခံ ဌပေတွာ စတုဒ္ဒိသံ ဂုမ္ဗံ ဌပေတွာ စတုဒ္ဒိသံ ဩဝရဏံ ဌပေတွာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဂိဇ္ဈကူဋံ ဩဘာသေတွာ ယေနာဟံ, တေနုပသင်္ကမိံသု၊ ဥပသင်္ကမိတွာ မံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိံသု။

၈၀။ တေပိ ခေါ ဘိက္ခဝေ ယက္ခာ အပ္ပေကစ္စေ မံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိံသု၊ အပ္ပေကစ္စေ မယာ သဒ္ဓိံ

သမ္မောဒိံသု၊ သမ္မောဒနီယံ ကထံ သာရဏီယံ ဝီတိသာရေတွာ ဧကမန္တံ နိသီဒိံသု၊ အပ္ပေကစ္စေ ယေနာဟံ, တေနဉ္ဇလိံ ပဏာမေတွာ ဧကမန္တံ နိသီဒိံသု၊ အပ္ပေကစ္စေ နာမဂေါတ္တံ သာဝေတွာ ဧကမန္တံ နိသီဒိံသု၊ အပ္ပေကစ္စေ တုဏှီဘူတာ ဧကမန္တံ နိသီဒိံသု။

၈၁။ ဧကမန္တံ နိသိန္နော ခေါ ဘိက္ခဝေ ဝေဿဝဏော မဟာရာဇာ မံ ဧတဒဝေါစ "သန္တိ ဟိ ဘန္တေ ဥဠာရာ ယက္ခာ ဘဂဝတော အပ္ပသန္နာ ။ပ။ သန္တိ ဟိ ဘန္တေ နီစာ ယက္ခာ ဘဂဝတော ပသန္နာ။ ယေဘုယျေန ခေါ ပန ဘန္တေ ယက္ခာ အပ္ပသန္နာယေဝ ဘဂဝတော။

၈၂။ တံ ကိဿ ဟေတု၊ ဘဂဝါ ဟိ ဘန္တေ ပါဏာတိပါတာ ဝေရမဏိယာ ဓမ္မံ ဒေသေတိ ။ပ။ သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏိယာ ဓမ္မံ ဒေသေတိ။

၈၃။ ယေဘုယျေန ခေါ ပန ဘန္တေ ယက္ခာ အပ္ပဋိဝိရတာယေဝ ပါဏာတိပါတာ။ပ။အပ္ပဋိဝိရတာ သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ။ တေသံ တံ ဟောတိ အပ္ပိယံ အမနာပံ။

၈၄။ သန္တိ ဟိ ဘန္တေ ဘဂဝတော သာဝကာ အရညဝနပတ္ထာနိ ပန္တာနိ သေနာသနာနိ ပဋိသေဝန္တိ အပ္ပသဒ္ဒါနိ အပ္ပနိဂ္ဃောသာနိ ဝိဇနဝါတာနိ မနုဿရာဟဿေယျကာနိ ပဋိသလ္လာနသာရုပ္ပါနိ။

၈၅။ တတ္ထ သန္တိ ဥဠာရာ ယက္ခာ နိဝါသိနော၊ ယေ ဣမသ္မိံ ဘဂဝတော ပါဝစနေ အပ္ပသန္နာ၊ တေသံ ပသာဒါယ ဥဂ္ဂဏှာတု ဘန္တေ ဘဂဝါ အာဋာနာဋိယံ ရက္ခံ ဘိက္ခူနံ ဘိက္ခုနီနံ ဥပါသကာနံ ဥပါသိကာနံ ဂုတ္တိယာ ရက္ခာယ အဝိဟိံသာယ ဖာသုဝိဟာရာယာ''တိ။

၈၆။ အဓိဝါသေသိံ ခေါ အဟံ ဘိက္ခဝေ တုဏှီဘာဝေန။ အထ ခေါ ဘိက္ခဝေ ဝေဿဝဏော မဟာရာဇာ မေ အဓိဝါသနံ ဝိဒိတွာ တာယံ ဝေလာယံ ဣမံ အာဋာနာဋိယံ ရက္ခံ အဘာသိ—

၈၇။ ဝိပဿိဿ စ နမတ္ထု၊ စက္ခုမန္တဿ သိရီမတော။
သိခိဿပိ စ နမတ္ထု၊ သဗ္ဗဘူတာနုကမ္ပိနော။

၈၈။ ဝေဿဘုဿ စ နမတ္ထု၊ နှာတကဿ တပဿိနော။
နမတ္ထု ကကုသန္ဓဿ၊ မာရသေနာပမဒ္ဒိနော။

၈၉။ ကောဏာဂမနဿ နမတ္ထု၊ ဗြာဟ္မဏဿ ဝုသီမတော။
ကဿပဿ စ နမတ္ထု၊ ဝိပ္ပမုတ္တဿ သဗ္ဗဓိ။

၉၀။ အင်္ဂီရသဿ နမတ္ထု၊ သကျပုတ္တဿ သိရီမတော။
ယော ဣမံ ဓမ္မံ ဒေသေသိ၊ သဗ္ဗဒုက္ခာပနူဒနံ။

၉၁။ ယေ စာပိ နိဗ္ဗုတာ လောကေ၊ ယထာဘူတံ ဝိပဿိသုံ။
တေ ဇနာ အပိသုဏာ’ထ၊ မဟန္တာ ဝီတသာရဒါ။

၄၂။ ဟိတံ ဒေဝမနုဿာနံ၊ ယံ နမဿန္တိ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ မဟန္တံ ဝီတသာရဒံ။

၄၃။ ယတော ဥဂ္ဂစ္ဆတိ သူရိယော၊ အာဒိစ္စော မဏ္ဍလီ မဟာ။
ယဿ စု’ဂ္ဂစ္ဆမာနဿ၊ သံဝရိပိ နိရုဇ္ဈတိ။
ယဿ စု’ဂ္ဂတေ သူရိယေ၊ ဒိဝသောတိ ပဝုစ္စတိ။

၄၄။ ရဟဒေါပိ တတ္ထ ဂမ္ဘီရော၊ သမုဒ္ဒေါ သရိတောဒကော။
ဧဝံ တံ တတ္ထ ဇာနန္တိ၊ သမုဒ္ဒေါ သရိတောဒကော။

၄၅။ ဣတော သာ ပုရိမာ ဒိသာ၊ ဣတိ နံ အာစိက္ခတိ ဇနော။
ယံ ဒိသံ အဘိပါလေတိ၊ မဟာရာဇာ ယသဿိ သော။

၄၆။ ဂန္ဓဗ္ဗာနံ အဓိပတိ၊ ဓတရဋ္ဌောတိ နာမသော။
ရမတိ နစ္စဂီတေဟိ၊ ဂန္ဓဗ္ဗေဟိ ပုရက္ခတော။

၄၇။ ပုတ္တာပိ တဿ ဗဟဝေါ၊ ဧကနာမာတိ မေ သုတံ။
အသီတိ ဒသ ဧကော စ၊ ဣန္ဒနာမာ မဟဗ္ဗလာ။

၄၈။ တေ စာပိ ဗုဒ္ဓံ ဒိသွာန၊ ဗုဒ္ဓံ အာဒိစ္စဗန္ဓုနံ။
ဒူရတောဝ နမဿန္တိ၊ မဟန္တံ ဝီတသာရဒံ။

၄၉။ နမော တေ ပုရိသာဇည၊ နမော တေ ပုရိသုတ္တမ။
ကုသလေန သမေက္ခသိ၊ အမနုဿာပိ တံ ဝန္ဒန္တိ။
သုတံ နေတံ အဘိဏှသော၊ တသ္မာ ဧဝံ ဝဒေမသေ။

၁၀၀။ ဇိနံ ဝန္ဒထ ဂေါတမံ၊ ဇိနံ ဝန္ဒာမ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမ ဂေါတမံ။

၁၀၁။ ယေန ပေတာ ပဝုစ္စန္တိ၊ ပိသုဏာ ပိဋ္ဌိမံသိကာ။
ပါဏာတိပါတိနော လုဒ္ဒါ၊ စောရာ နေကတိကာ ဇနာ။

၁၀၂။ ဣတော သာ ဒက္ခိဏာ ဒိသာ၊ ဣတိ နံ အာစိက္ခတိ ဇနော။
ယံ ဒိသံ အဘိပါလေတိ၊ မဟာရာဇာ ယသဿိ သော။

၁၀၃။ ကုမ္ဘဏ္ဍာနံ အာဓိပတိ၊ ဝိရူဠှော ဣတိ နာမသော။
ရမတိ နစ္စဂီတေဟိ၊ ကုမ္ဘဏ္ဍေဟိ ပုရက္ခတော။

၁၀၄။ ပုတ္တာပိ တဿ ဗဟဝေါ၊ ဧကနာမာတိ မေ သုတံ။
အသီတိ ဒသ ဧကော စ၊ ဣန္ဒနာမာ မဟဗ္ဗလာ။

၁၀၅။ တေ စာပိ ဗုဒ္ဓံ ဒိသွာန၊ ဗုဒ္ဓံ အာဒိစ္စဗန္ဓုနံ။
ဒူရတောဝ နမဿန္တိ၊ မဟန္တံ ဝီတသာရဒံ။

၁၀၆။ နမော တေ ပုရိသာဇည၊ နမော တေ ပုရိသုတ္တမ။
ကုသလေန သမေက္ခသိ၊ အမနုဿာပိ တံ ဝန္ဒန္တိ။
သုတံ နေတံ အဘိဏှသော၊ တသ္မာ ဧဝံ ဝဒေမသေ။

၁၀၇။ ဇိနံ ဝန္ဒထ ဂေါတမံ၊ ဇိနံ ဝန္ဒာမ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမ ဂေါတမံ။

၁၀၈။ ယတ္ထ စောဂ္ဂစ္ဆတိ သူရိယော၊ အာဒိစ္စော မဏ္ဍလီ မဟာ။
ယဿ စောဂ္ဂစ္ဆမာနဿ၊ ဒိဝသောပိ နိရုဇ္ဈတိ။
ယဿ စောဂ္ဂတေ သူရိယေ၊ သံဝရီတိ ပဝုစ္စတိ။

၁၀၉။ ရဟဒေါပိ တတ္ထ ဂမ္ဘီရော၊ သမုဒ္ဒေါ သရိတောဒကော။
ဧဝံ တံ တတ္ထ ဇာနန္တိ၊ သမုဒ္ဒေါ သရိတောဒကော။

၁၁၀။ ဣတော သာ ပစ္ဆိမာ ဒိသာ၊ ဣတိ နံ အာစိက္ခတိ ဇနော။
ယံ ဒိသံ အဘိပါလေတိ၊ မဟာရာဇာ ယသဿီ သော။

၁၁၁။ နာဂါနဉ္စ အဓိပတိ၊ ဝိရူပက္ခောတိ နာမသော။
ရမတိ နစ္စဂီတေဟိ၊ နာဂေဟေဝ ပုရက္ခတော။

၁၁၂။ ပုတ္တာပိ တဿ ဗဟဝေါ၊ ဧကနာမာတိ မေ သုတံ။
အသီတိ ဒသ ဧကော စ၊ ဣန္ဒနာမာ မဟဗ္ဗလာ။

၁၁၃။ တေ စာပိ ဗုဒ္ဓံ ဒိသွာန၊ ဗုဒ္ဓံ အာဒိစ္စဗန္ဓုနံ။
ဒူရတောဝ နမဿန္တိ၊ မဟန္တံ ဝီတသာရဒံ။

၁၁၄။ နမော တေ ပုရိသာဇည၊ နမော တေ ပုရိသုတ္တမ။
ကုသလေန သမေက္ခသိ၊ အမနုဿာပိ တံ ဝန္ဒန္တိ။
သုတံ နေတံ အဘိဏှသော၊ တသ္မာ ဧဝံ ဝဒေမသေ။

၁၁၅။ ဇိနံ ဝန္ဒထ ဂေါတမံ၊ ဇိနံ ဝန္ဒာမ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမ ဂေါတမံ။

၁၁၆။ ယေန ဥတ္တရကုရုဝှော၊ မဟာနေရု သုဒဿနော။
မနုဿာ တတ္ထ ဇာယန္တိ၊ အမမာ အပရိဂ္ဂဟာ။

၁၁၇။ န တေ ဗီဇံ ပဝပန္တိ၊ နပိ နီယန္တိ နင်္ဂလာ။
အကဋ္ဌပါကိမံ သာလိံ၊ ပရိဘုဉ္ဇန္တိ မာနုသာ။

၁၁၈။ အကဏှံ အတုလံ သုဒ္ဓံ၊ သုဂန္ဓံ တဏ္ဍုလပ္ဖလံ။
တုဏ္ဍိကီရေ ပစိတွာန၊ တတော ဘုဉ္ဇန္တိ ဘောဇနံ။
၁၁၉။ ဂါဝိံ ကေခုရံ ကတွာ၊ အနုယန္တိ ဒိသောဒိသံ။
ပသုံ ကေခုရံ ကတွာ၊ အနုယန္တိ ဒိသောဒိသံ။
၁၂၀။ ဣတ္ထိံ ဝါ ဝါဟနံ ကတွာ၊ အနုယန္တိ ဒိသောဒိသံ။
ပုရိသံ ဝါဟနံ ကတွာ၊ အနုယန္တိ ဒိသောဒိသံ။
၁၂၁။ ကုမာရိံ ဝါဟနံ ကတွာ၊ အနုယန္တိ ဒိသောဒိသံ။
ကုမာရံ ဝါဟနံ ကတွာ၊ အနုယန္တိ ဒိသောဒိသံ။
၁၂၂။ တေ ယာနေ အဘိရုဟိတွာ၊
သဗ္ဗာ ဒိသာ အနုပရိယာယန္တိ။
ပစာရာ တဿ ရာဇိနော။
၁၂၃။ ဟတ္ထိယာနံ အဿယာနံ၊ ဒိဗ္ဗံ ယာနံ ဥပဋ္ဌိတံ။
ပါသာဒါ သိဝိကာ စေဝ၊ မဟာရာဇဿ ယသဿိနော။
၁၂၄။ တဿ စ နဂရာ အဟု၊
အန္တလိက္ခေ သုမာပိတာ။
အာဋ္ဌာနာဋ္ဌာ ကုသိနာဋ္ဌာ ပရကုသိနာဋ္ဌာ၊
နာဋ္ဌသုရိယာ ပရကုသိဋ္ဌနာဋ္ဌာ။
၁၂၅။ ဥတ္တရေန ကသိဝန္တော၊
ဇနောဃ ပပရေန စ။
နဝနဝုတိယော အမ္ဗရအမ္ဗရဝတိယော၊
အာဠကမန္ဒာ နာမ ရာဇဓာနီ။

၁၂၆။ ကုဝေရဿ ခေါ ပန မာရိသ မဟာရာဇဿ ဝိသာဏာ
နာမ ရာဇဓာနီ၊
တသ္မာ ကုဝေရော မဟာရာဇာ၊
ဝေဿဝဏောတိ ပဝုစ္စတိ။

၁၂၇။ ပစ္စေသန္တော ပကာသေန္တိ၊
တတောလာ တတ္တလာ တတောတလာ။
ဩဇသိ တေဇသိ တတောဇသီ၊
သူရော ရာဇာ အရိဋ္ဌော နေမိ။

၁၂၈။ ရဟဒေါပိ တတ္ထ ဓရဏီ နာမ၊
ယတော မေဃာ ပဝဿန္တိ။
ဝဿာ ယတော ပတာယန္တိ၊
သဘာပိ တတ္ထ သာလဝတီ နာမ။

၁၂၉။ ယတ္ထ ယက္ခာ ပယိရုပါသန္တိ၊ တတ္ထ နိစ္စဖလာ ရုက္ခာ။
နာနာဒိဇဂဏာယုတာ၊ မယူရကောဉ္စာဘိရုဒါ။
ကောကိလာဒီဟိ ဝဂ္ဂုဟိ။

၁၃၀။ ဇီဝဉ္ဇီဝကသဒ္ဒေတ္ထ၊ အထော ဩဋ္ဌဝစိတ္တကာ။
ကုက္ကုဋကာ ကုဠီရကာ၊ ဝနေ ပေါက္ခရသာတကာ။

၁၃၁။ သုက·သာဠိကသဒ္ဒေတ္ထ၊ ဒဏ္ဍမာဏဝကာနိ စ။
သောဘတိ သဗ္ဗကာလံ သာ၊ ကုဝေရ နဠိနီ သဒါ။

၁၃၂။ ဣတော သာ ဥတ္တရာ ဒိသာ၊ ဣတိ နံ အာစိက္ခတိ ဇနော။
ယံ ဒိသံ အဘိပါလေတိ၊ မဟာရာဇာ ယသဿိ သော။

၁၃၃။ ယက္ခာနဉ္စ အဓိပတိ၊ ကုဝေရောဣတိ နာမသော။
ရမတိ နစ္စဂီတေဟိ၊ ယက္ခေဟေဝ ပုရက္ခတော။

၁၃၄။ ပုတ္တာပိ တဿ ဗဟဝေါ၊ ဧကနာမာတိ မေ သုတံ။
အသီတိ ဒသ ဧကော စ၊ ဣန္ဒနာမာ မဟဗ္ဗလာ။

၁၃၅။ တေ စာပိ ဗုဒ္ဓံ ဒိသွာန၊ ဗုဒ္ဓံ အာဒိစ္စဗန္ဓုနံ။
ဒူရတောဝ နမဿန္တိ၊ မဟန္တံ ဝီတသာရဒံ။

၁၃၆။ နမော တေ ပုရိသာဇည၊ နမော တေ ပုရိသုတ္တမ။
ကုသလေန သမေက္ခသိ၊ အမနုဿာပိ တံ ဝန္ဒန္တိ။
သုတံ နေတံ အဘိဏှသော၊ တသ္မာ ဧဝံ ဝဒေမသေ။

၁၃၇။ ဇိနံ ဝန္ဒထ ဂေါတမံ၊ ဇိနံ ဝန္ဒာမ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမ ဂေါတမန္တိ။

၁၃၈။ အယံ ခေါ သာ မာရိသ အာဋာနာဋိယာ ရက္ခာ ဘိက္ခုနံ ဘိက္ခုနီနံ ဥပါသကာနံ ဥပါသိကာနံ ဂုတ္တိယာ ရက္ခာယ အဝိဟိံသာယ ဖာသုဝိဟာရာယ။

၁၃၉။ ယဿ ကဿစိ မာရိသ ဘိက္ခုဿ ဝါ ဘိက္ခုနိယာ ဝါ ဥပါသကဿ ဝါ ဥပါသိကာယ ဝါ အယံ အာဋာနာဋိယာ ရက္ခာ သုဂ္ဂဟိတာ ဘဝိဿတိ သမတ္တာ ပရိယာပုတာ။

၁၄၀။ တံ စေ အမနုဿော ယက္ခော ဝါ ယက္ခိနီ ဝါ၊ပ၊ ဂန္ဓဗ္ဗော ဝါ ဂန္ဓဗ္ဗီ ဝါ ။ပ။ ကုမ္ဘဏ္ဍော ဝါ ကုမ္ဘဏ္ဍီ ဝါ ။ပ။ နာဂေါ ဝါ နာဂီ ဝါ နာဂပေါတကော ဝါ နာဂပေါ- တိကာ ဝါ နာဂမဟာမတ္တော ဝါ နာဂပါရိသဇ္ဇော ဝါ နာဂပစာရော ဝါ ပဒုဋ္ဌစိတ္တော ဘိက္ခုံ ဝါ ဘိက္ခုနိံ ဝါ ဥပါသကံ ဝါ ဥပါသိကံ ဝါ ဂစ္ဆန္တံ ဝါ အနုဂစ္ဆေယျ၊ ဌိတံ ဝါ ဥပတိဋ္ဌေယျ၊ နိသိန္နံ ဝါ ဥပနိသီဒေယျ၊ နိပန္နံ ဝါ ဥပနိပဇ္ဇေယျ။

၁၄၁။ န မေ သော မာရိသ အမနုဿော လဘေယျ ဂါမေသု ဝါ နိဂမေသု ဝါ သက္ကာရံ ဝါ ဂရုကာရံ ဝါ၊ န မေ သော မာရိသ အမနုဿော လဘေယျ အာဠကမန္ဒာယ ရာဇဓာနိယာ ဝတ္ထုံ ဝါ ဝါသံ ဝါ၊ န မေ သော မာရိသ အမနုဿော လဘေယျ ယက္ခာနံ သမိတိံ ဂန္တုံ။

၁၄၂။ အပိဿု နံ မာရိသ အမနုဿာ အနာဝယှမ္ပိ နံ ကရေယျုံ အဝိဝယှံ၊ အပိဿု နံ မာရိသ အမနုဿာ အတ္တာဟိပိ ပရိပုဏ္ဏာဟိ ပရိဘာသာဟိ ပရိဘာသေယျုံ၊ အပိဿု နံ မာရိသ အမနုဿာ ရိတ္တမ္ပိ'ဿ ပတ္တံ သီသေ နိက္ကုဇ္ဇေယျုံ၊ အပိဿုနံ နံ မာရိသ အမနုဿာ သတ္တဓာပိ'ဿ ပုဒ္ဓံ ဖာလေယျုံ။

၁၄၃။ သန္တိ ဟိ မာရိသ အမနုဿာ စဏ္ဍာ ရုဒ္ဒါ ရဘသာ၊ တေ နေဝ မဟာရာဇာနံ အာဒိယန္တိ၊ န မဟာရာဇာနံ ပုရိသကာနံ အာဒိယန္တိ၊ န မဟာရာဇာနံ ပုရိသကာနံ ပုရိသကာနံ အာဒိယန္တိ။ တေ ခေါ တေ မာရိသ အမနုဿာ မဟာရာဇာနံ အဝရုဒ္ဓါ နာမ ဝုစ္စန္တိ။

၁၄၄။ သေယျထာပိ မာရိသ ရညော မာဂဓဿ ဝိဇိတေ မဟာစောရာ၊ တေ နေဝ ရညော မာဂဓဿ အာဒိယန္တိ၊ န ရညော မာဂဓဿ ပုရိသကာနံ အာဒိယန္တိ၊ န ရညော မာဂဓဿ ပုရိသကာနံ ပုရိသကာနံ အာဒိယန္တိ။ တေ ခေါ တေ မာရိသ မဟာစောရာ ရညော မာဂဓဿ အဝရုဒ္ဓါ နာမ ဝုစ္စန္တိ

၁၄၅။ ဧဝမေဝ ခေါ မာရိသ သန္တိ အမနုဿာ စဏ္ဍာ ရုဒ္ဒါ ရဘသာ၊ တေ နေဝ မဟာရာဇာနံ အာဒိယန္တိ၊ န မဟာရာဇာနံ ပုရိသကာနံ အာဒိယန္တိ၊ န မဟာရာဇာနံ ပုရိသကာနံ ပုရိသကာနံ အာဒိယန္တိ။ တေ ခေါ တေ မာရိသ အမနုဿာ မဟာရာဇာနံ အဝရုဒ္ဓါ နာမ ဝုစ္စန္တိ။

၁၄၆။ ယော ဟိ ကောစိ မာရိသ အမနုဿော ယက္ခော ဝါ ယက္ခိနီ ဝါ ။ပ။ ဂန္ဓဗ္ဗော ဝါ ဂန္ဓဗ္ဗီ ဝါ ။ပ။ ကုမ္ဘဏ္ဍော ဝါ ကုမ္ဘဏ္ဍီ ဝါ ။ပ။ နာဂေါ ဝါ နာဂီ ဝါ ။ပ။

ပဒုဋ္ဌစိတ္တော ဘိက္ခုံ ဝါ ဘိက္ခုနိံ ဝါ ဥပါသကံ ဝါ ဥပါသိကံ ဝါ ဂစ္ဆန္တံ ဝါ ဥပဂစ္ဆေယျ၊ ဌိတံ ဝါ ဥပတိဋ္ဌေယျ၊ နိသိန္နံ ဝါ ဥပနိသီဒေယျ၊ နိပန္နံ ဝါ ဥပနိပဇ္ဇေယျ။

၁၄၇။ ဣမေသံ ယက္ခာနံ မဟာယက္ခာနံ သေနာပတီနံ မဟာသေနာပတီနံ ဥဇ္ဈာပေတဗ္ဗံ ဝိက္ကန္ဒိတဗ္ဗံ ဝိရဝိတဗ္ဗံ “အယံ ယက္ခော ဂဏှာတိ၊ အယံ ယက္ခော အာဝိသတိ၊ အယံ ယက္ခော ဟေဌေတိ၊ အယံ ယက္ခော ဝိဟေဌေတိ၊ အယံ ယက္ခော ဟိံသတိ၊ အယံ ယက္ခော ဝိဟိံသတိ၊ အယံ ယက္ခော န မုဉ္စတီ”တိ။ ကတမေသံ ယက္ခာနံ မဟာယက္ခာနံ သေနာပတီနံ မဟာသေနာပတီနံ ?

၁၄၈။ ဣန္ဒော သောမော ဝရုဏော စ၊
ဘာရဒွါဇော ပဇာပတိ။
စန္ဒနော ကာမသေဋ္ဌော စ၊
ကိန္နုဃဏ္ဍု နိဃဏ္ဍု စ။

၁၄၉။ ပနာဒော ဩပမညော စ၊
ဒေဝသူတော စ မာတလိ။
စိတ္တသေနော စ ဂန္ဓဗ္ဗော၊
နဠော ရာဇာ ဇနေသဘော။

၁၅၀။ သာတာဂိရော ဟေမဝတော၊
ပုဏ္ဏကော ကရတိယော ဂုဠော။
သိဝကော မုစလိန္ဒော စ၊
ဝေဿာမိတ္တော ယုဂန္ဓရော။

၁၅၁။ ဂေါပါလော သုပ္ပရောဓော စ၊
ဟိရိ နေတ္တိ စ မန္ဒိယော။
ပဉ္စာလစဏ္ဍော အာဠဝကော၊
ပဇ္ဇုန္နော သုမနော သုမုခေါ။
ဒဓိမုခေါ မဏိ မာဏိ ဝရော ဒီဃော၊
အထော သေရီသကော သဟ။

၁၅၂။ ဣမေသံ ယက္ခာနံ မဟာယက္ခာနံ သေနာပတီနံ မဟာသေနာပတီနံ ဥဇ္ဈာပေတဗ္ဗံ ဝိက္ကန္ဒိတဗ္ဗံ ဝိရဝိတဗ္ဗံ "အယံ ယက္ခော ဂဏှာတိ၊ အယံ ယက္ခော အာဝိသတိ၊ အယံ ယက္ခော ဟေဌေတိ၊ အယံ ယက္ခော ဟိံသတိ၊ အယံ ယက္ခော ဝိဟိံသတိ၊ အယံ ယက္ခော န မုဉ္စတီ"တိ။

၁၅၃။ အယံ ခေါ မာရိသ အာဋာနာဋိယာ ရက္ခာ ဘိက္ခူနံ ဘိက္ခုနီနံ ဥပါသကာနံ ဥပါသိကာနံ ဂုတ္တိယာ ရက္ခာယ အဝိဟိံသာယ ဖာသုဝိဟာရာယ။

၁၅၄။ ဟန္ဒ စ ဒါနိ မယံ မာရိသ ဂစ္ဆာမ၊ ဗဟုကိစ္စာ မယံ ဗဟုကရဏီယာတိ။ ယဿ ဒါနိ တုမှေ မဟာရာဇာ ကာလံ မညထာတိ။

၁၅၅။ အထ ခေါ ဘိက္ခဝေ စတ္တာရော မဟာရာဇာ ဥဋ္ဌာယာသနာ မံ အဘိဝါဒေတွာ ပဒက္ခိဏံ ကတွာ တတ္ထေဝ'န္တရဓာယိံသု၊ တေပိ ခေါ ဘိက္ခဝေ ယက္ခာ ဥဋ္ဌာယာသနာ အပ္ပေကစ္စေ မံ အဘိဝါဒေတွာ ပဒက္ခိဏံ ကတွာ တတ္ထေဝ'န္တရဓာယိံသု၊ အပ္ပေကစ္စေ မယာ သဒ္ဓိံ သမ္မောဒိံသု၊ သမ္မောဒနီယံ ကထံ သာရဏီယံ ဝီတိသာရေတွာ တတ္ထေဝ'န္တရဓာယိံသု၊ အပ္ပေကစ္စေ ယေနာဟံ, တေနဉ္ဇလိံ ပဏာမေတွာ တတ္ထေဝ'န္တရဓာယိံသု၊ အပ္ပေကစ္စေ နာမဂေါတ္တံ သာဝေတွာ တတ္ထေဝ'န္တရဓာယိံသု၊ အပ္ပေကစ္စေ တုဏှီဘူတာ တတ္ထေဝ'န္တရဓာယိံသု။

၁၅၆။ ဥဂ္ဂဏှာထ ဘိက္ခဝေ အာဋာနာဋိယံ ရက္ခံ၊ ပရိယာပုဏာထ ဘိက္ခဝေ အာဋာနာဋိယံ ရက္ခံ၊ ဓာရေထ ဘိက္ခဝေ အာဋာနာဋိယံ ရက္ခံ။ အတ္ထသံဟိတာ ဘိက္ခဝေ အာဋာနာဋိယာ ရက္ခာ ဘိက္ခူနံ ဘိက္ခုနီနံ ဥပါသကာနံ ဥပါသိကာနံ ဂုတ္တိယာ ရက္ခာယ အဝိဟိံသာယ ဖာသုဝိဟာရာယာတိ။ ဣဒမဝေါစ ဘဂဝါ။ အတ္တမနာ တေ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။

မဟာအာဋာနာဋိယသုတ္တံ နိဋ္ဌိတံ။

# မဟာအာဋာနာဋိယသုတ် မြန်မာပြန်

## နမော ဗုဒ္ဓါယ သိဒ္ဓံ။

ဗုဒ္ဓါယ – သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားသိမြင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးအား၊ နမော– ကိုယ်, နှုတ်, နှလုံး သုံးပါးပျောင်းပျော့ မာန်ကိုလျှော့၍ ကန်တော့ မြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ဘုရား၊

သိဒ္ဓံ– ရှိသမျှအဖုံဖုံ လုံးစုံသိဒ္ဓိ ပြီးပြည့်စုံပါစေသတည်း။

(၁) အခါတစ်ပါး အကျွန်ုပ်တို့၏ မြတ်စွာ ဘုရား သည် နောက်ပါ သံဃာများစွာ ခြံရံ၍ ရာဇဂြိုဟ်ပြည်အနီး ဂိဇ္ဈကုဋ်တောင်ယံရှိ တောကျောင်း၌ ယာပိုတ်လေးလီ မျှညီ ရှင်ပြုံး သီတင်းသုံးစံနေတော်မူ၏။

(၂) ထိုအခါ စာတုမဟာရာဇ် နတ်မင်းကြီးလေးယောက်တို့ သည် များစွာသော နဂါး, ကုမ္ဘဏ်, ဂန္ဓဗ္ဗ, ဘီလူး အထူးထူးသော နတ်ဘီလူး စစ်သည်ဗိုလ်ပါတို့နှင့်တကွ လေးရပ် သော မြို့တံခါးတို့၌ ကိုယ်ရံတော် ရဲမက်ဗိုလ်ပါတပ်များ အထူး

လုံခြုံစွာ ချစ်ထားပြီးနောက် သန်းခေါင်ယံအချိန်၌ အလွန်ထွန်းလင်း တောက်ပသော ကိုယ်ရောင် ကိုယ်ဝါဖြင့် ဂိဇ္ဈကုဋ်တောင်တစ်ခုလုံးကို တောက်ပပြောင်ဝင်း ထွန်းလင်းစေ၍ အကြင်အရပ်၌ ဘုန်းတော်ကြီးမား ရှင်တော်မြတ်ဘုရားရှိတော်မူ၏။ ထိုရှင်တော်ဘုရား ရှိတော်မူသောအရပ်သို့ ချဉ်းကပ်ကြလေသည်။

ထိုနတ်ဘီလူးတို့တွင် အချို့သော နတ်ဘီလူးတို့နှင့်တကွ မြတ်စွာဘုရားကို အလွန်ရိုသေစွာရှိခိုးကုန်ပြီး ဝေး, နီး, လည်ညာ, မြင့်ရာ, ရှေ့, နောက် ပြစ်ခြောက်ကင်းကွာ သင့်တင့်လျောက်ပတ်သော နေရာ၌ ထိုင်နေကုန်၏။

(၃) အချို့ကုန်သော နတ်ဘီလူးတို့သည် မြတ်စွာဘုရားနှင့် အတူတကွ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက် ပြောဆိုကုန်၏။ အသက်ထက်ဆုံး အောက်မေ့ ပွတ်ယူအပ်သော ဝမ်းမြောက်ဖွယ်သော စကားကို ပြောဆိုပြီး၍ ပြစ်ခြောက်ကင်းကွာ သင့်တင့်လျောက်ပတ်သော နေရာ၌ ထိုင်နေကြကုန်၏။ အချို့ကုန်သော နတ်ဘီလူးတို့သည် လက်အုပ်ချီမိုး လွန်ရိုကျိုးလျက် သင့်တင့်လျောက်ပတ်သော နေရာ၌ ထိုင်နေကြကုန်၏။ အချို့ကုန်သော နတ်ဘီလူးတို့သည် အပည်, အနွယ်ကို လျောက်ကြား၍ သင့်တင့်လျောက်ပတ်သော နေရာ၌ ထိုင်နေ

ကြကုန်၏။ အချို့ကုန်သော နတ်ဘီလူးတို့သည် မလျှောက်မကြား ဆိတ်ဆိတ်နေသောအားဖြင့် သင့်တင့်လျှောက်ပတ်သော နေရာ၌ ထိုင်နေကြကုန်၏။

(၄) ထိုအခါ နတ်မင်းကြီးလေးယောက်တို့အနက် ဝေဿဝဏ်နတ်မင်းကြီးသည် မြတ်စွာဘုရားအား ရိုသေစွာရှိခိုးကာ ဤသို့ နားတော်လျှောက်၏။

''ရှေ့ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားအား မကြည်ညိုကုန်သော ဘုန်းတန်ခိုးကြီးမား နတ်ဘီလူးကြီးများသည် ထင်ရှားရှိကြပါကုန်၏။ အရှင်ဘုရားအား ကြည်ညိုကုန်သော ဘုန်းကြီးမား နတ်ဘီလူးကြီးများလည်း ရှိကြပါကုန်၏။

ရှေ့ဘုန်းတော်နေဝန်း ထွန်းလင်း တောက်ပတော်မူသော ပြတ်စွာဘုရား၊ အရှင်ဘုရားအား မကြည်ညိုကုန်သော ဘုန်းတန်ခိုးအလယ်အလတ်စား နတ်ဘီလူးကြီးများလည်း ရှိကြပါကုန်၏။ အရှင်ဘုရားအား ကြည်ညိုကုန်သော ဘုန်းတန်ခိုး အလယ်အလတ်စား နတ်ဘီလူးကြီးလည်း ရှိကြပါကုန်၏။

ရှေ့ဘုန်းတော်နေဝန်း ထွန်းလင်း တောက်ပတော်မူသော ပြတ်စွာဘုရား၊ အရှင်ဘုရားအား မကြည်ညိုကုန်သော ဘုန်းတန်ခိုး အငယ်စား နတ်ဘီလူးကြီးများလည်း ရှိကြပါကုန်၏။

အရှင်ဘုရားအား ကြည်ညိုကုန်သော ဘုန်းတန်ခိုး အငယ်စား နတ်ဘီလူးကြီးများလည်း ရှိကြပါကုန်၏။

ရွှေဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော် မူသော မြတ်စွာဘုရား၊ များသောအားဖြင့် ဘုန်းကံအစားစား နတ်ဘီလူးများတို့သည် အရှင်ဘုရားအား မကြည်ညိုကြပါကုန်။

(၅) အဘယ့်ကြောင့် ထိုသို့ မကြည်ညိုနိုင်ကြပါကုန်သနည်း ဆိုသော်— ဘုန်းတော်ကြီးမား ရှင်တော် မြတ်ဘုရားသည် သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ရန်၊ အရှင်မပေးသော သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ရန်၊ ကာမဂုဏ်တို့၌ မှားယွင်းသော အကျင့်မှ ရှောင်ကြဉ်ရန်၊ မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ရန်၊ မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သုရာ ငါးပါး, မေရယ ငါးပါးတို့ကို သောက်စားခြင်းမှ ရှောင်ကြဉ်ရန် တရားတော်ကို ဟောကြားလေ့ ရှိတော်မူပါ၏။

(၆) ရွှေဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရား၊ ဘုန်းကံအစားစား ထိုနတ်ဘီလူးများတို့သည် များသောအားဖြင့် သူ့အသက်ကို သတ်ခြင်းမှ မရှောင်ကြဉ်နိုင်ကြကုန်၊ အရှင်မပေးသော သူ့ဥစ္စာကို ခိုးယူခြင်းမှ မရှောင်ကြဉ်နိုင်ကြကုန်၊ ကာမဂုဏ်တို့၌ မှားယွင်းသောအကျင့်မှ

မရှောင်ကြဉ်နိုင်ကြကုန်၊ မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ မရှောင်ကြဉ်နိုင်ကြကုန်၊ မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သုရာ ငါးပါး, မေရယ ငါးပါးတို့ကို သောက်စားခြင်းမှ မရှောင်ကြဉ်နိုင်ကြကုန်။ ထို့ကြောင့် ဘုန်းကံအစားစားထို နတ်ဘီလူးများတို့သည် အရှင်ဘုရား၏ ထိုတရားတော်ကို မနှစ်သက်ကြပါ၊ မမြတ်နိုးကြပါ။

(၇) ရှေ့ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရား၊ ရှင်တော်ဘုရား၏ တပည့်သား သံဃာတော်များသည် အရညကင် ဝိုတင်ရကွာမူ ကျင့်ဆောင်တော်မူကြ၍ လူသံသူသံဆူညံမရှိ တောကြီး တောင်ကြီး မြောင်ဆည်းသေလာ ဆိတ်ငြိမ်ရာ၌ ကိန်းကာမွေ့လျော် နေထိုင်တော်မူကြပါကုန်၏။

(၈) ထိုသို့ ဆိတ်ငြိမ်ရာ အရပ်၌ ချဉ်းကပ်နေထိုင်၍ သူတော်ကောင်းတရားကို ပွားများကြိုးကုတ် အားထုတ်ကုန်သည်ရှိသော်—သာသနာတော်၌ မမြတ်နိုး,မကြည်ညိုကုန်သော တောတောင် ကြီးစိုး တန်ခိုးကြီးမား ထိုနတ်ဘီလူးကြီးများတို့သည် ညှဉ်းဆဲနှိပ်စက် နှောင့်ယှက်မှု ပြုကြပါကုန်အံ့။

(၈) ထိုတောအုပ်အရပ်၌ နေထိုင်ကြကုန်သော များစွာကုန်သော တန်ခိုးအစားစား နတ်ဘီလူးများတို့သည် ထင်ရှား ရှိကြပါကုန်၏။ ဘုန်းတော်ကြီးမား ရှင်တော်မြတ်

ဘုရား၏ အဆုံးအမတော်ဟူသော ဤ သာသနာတော်မြတ်၌ သဒ္ဓါကင်းပ မကြည်ညိုကြကုန်သော တန်ခိုးအစားစား အကြင် နတ်ဘီလူးကြီးများတို့သည် နေ ထိုင် ကြပါကုန်၏။ ထိုနတ် ဘီလူးကြီးများကိုလည်း ရှင်တော်မြတ်ဘုရား သာသနာတော်ကို လေးစားကြည်ညိုကြစေရန် ဘုန်းတော်ကြီးမား ရှင်တော်မြတ် ဘုရားသည် ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဥပါသကာ, ဥပါသကီ လေးလီသော တပည့်သား ပရိသတ်တို့အား လုံခြုံ စေခြင်းငှာ, စောင့်ရှောက်စေခြင်းငှာ, ညှဉ်းဆဲ ကင်းကွာ ချမ်းသာစွာနေရခြင်းငှာ အာဋာနာဋိယ သုတ် တော် မည် ငြား ဓမ္မမန္တရား ပရိတ်အရံအတားကို သင် ကြား ပြသ ပေးတော် မူပါ''ဟု ဤသို့ရှိသေစွာရှိခိုးကာ လျှောက်ထား၏။

(၉) ဘုန်းတော်ကြီးမား ရှင်တော်မြတ်ဘုရားသည် ဆိတ် ဆိတ်နေသော အားဖြင့် သာယာသည်းခံ လက်ခံတော် မူ၏။ ထိုအခါ တန်ခိုးထန်ပြင်း ဝေဿဝဏ် နတ်မင်းသည် ဘုန်းတော်ကြီးမား ရှင်တော်မြတ်ဘုရား၏ ဆိတ်ဆိတ်နေသော အားဖြင့် လက်ခံတော်မူသည်ကို ဒိဋ္ဌထင်ထင် သိမြင်၍ သန်း ခေါင်ယံမှန်စွာ ထိုအချိန်အခါ၌ အာဋာနာဋိယ သုတ်တော် မည်ငြား မန္တန်မန္တရား ဤပရိတ်တော်အရံအတားကို ရွေနား တော်ကြား ရွတ်ဆိုလျှောက်ထား၏။

(၁၀) အရှင်ဘုရား၊ ဤအာဋ္ဌာနာဋ္ဋိယ **ပရိတ်အရံအတား** သည် ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဥပါသကာ, ဥပါသိကာ လေးလီသော တပည့်သား ပရိသတ်တို့အား လုံခြုံစေခြင်းငှာ, စောင့်ရှောက်စေခြင်းငှာ, ညှဉ်းဆဲကင်းကွာ ချမ်းသာစွာ နေရခြင်းငှာ အာဋ္ဌာနာဋ္ဋိယ သုတ်တော်မည်ကြား မန္တန်မန္တရား ဤပရိတ်တော် အရံအတားကို ကောင်းစွာ သင်ယူအပ်သည်၊ ပြည့်စုံစွာ အပန်ပန် လေ့လာအပ်သည် ဖြစ်လတ္တံ့။

(၁၁) ထိုသို့ ကောင်းစွာ သင်ယူအပ် ပြည့်စုံစွာ အဖန်ဖန် လေ့လာအပ်သည်ရှိသော် လူမဟုတ်သော နတ်ဘီလူးသည်လည်းကောင်း၊ နတ်ဘီလူးမသည် လည်းကောင်း၊ နတ်ဘီလူးငယ်သည် လည်းကောင်း၊ နတ်ဘီလူးမငယ်သည် လည်းကောင်း၊ နတ်ဘီလူးအမတ်ကြီးသည် လည်းကောင်း၊ အခြံအရံ နတ်ဘီလူးသည်လည်းကောင်း၊ ဂန္ဓဗ္ဗနတ်သည် လည်းကောင်း၊ ဂန္ဓဗ္ဗနတ်သမီးသည် လည်းကောင်း၊ ဂန္ဓဗ္ဗ နတ်ကလေးသည် လည်းကောင်း၊ ဂန္ဓဗ္ဗ နတ်သမီးကလေးသည် လည်းကောင်း၊ ဂန္ဓဗ္ဗနတ် အမတ်ကြီးသည်လည်းကောင်း၊ အခြံအရံ ဂန္ဓဗ္ဗနတ်သည်လည်းကောင်း၊ အလုပ်အကျွေး ဂန္ဓဗ္ဗနတ်သည် လည်းကောင်း၊ ကုမ္ဘဏ်သည် လည်းကောင်း၊ ကုမ္ဘဏ်မသည် လည်းကောင်း၊ ကုမ္ဘဏ်ကလေးသည် လည်းကောင်း၊ ကုမ္ဘဏ်မ

ကလေးသည် လည်းကောင်း၊ ကုမ္ဘဏ်အမတ်ကြီးသည် လည်းကောင်း၊ အခြံအရံ ကုမ္ဘဏ်သည်လည်းကောင်း၊အလုပ်အကျွေးကုမ္ဘဏ်သည်လည်းကောင်း၊ နဂါးသည်လည်းကောင်း၊ နဂါးမသည်လည်းကောင်း၊ နဂါးကလေးသည်လည်းကောင်း၊ နဂါးမကလေးသည် လည်းကောင်း၊ နဂါး အမတ်ကြီးသည် လည်းကောင်း၊ အခြံအရံနဂါးသည်လည်းကောင်း၊ အလုပ်အကျွေးနဂါးသည်လည်းကောင်း ဖျက်ဆီးလိုသော စိတ်ရှိသည်ဖြစ်၍ ရဟန်း ယောကျ်ားကို သော် လည်း ကောင်း၊ ရဟန်း မိန်းမကို သော် လည်း ကောင်း၊ ဥပါသကာ ကိုသော် လည်း ကောင်း၊ ဥပါသိကာမကိုသော်လည်းကောင်း၊ သွားနေစဉ် အစဉ်လိုက်၍ သွားငြားအံ့၊ ရပ်နေစဉ် ကပ်၍ရပ်ငြားအံ့၊ ထိုင်နေစဉ် ကပ်၍ ထိုင်ငြားအံ့၊ အိပ်နေစဉ် ကပ်၍ အိပ်ငြားအံ့။

(၁၂) အရှင်ဘုရား၊ ဤဘီလူးသည် ရွာတို့၌ လည်းကောင်း၊ နိဂုံးတို့၌လည်းကောင်း၊ အရိုအသေပြုခြင်း ပူဇော်သက္ကာရကို လည်းကောင်း၊ အလေး အမြတ်ပြုခြင်းကို လည်းကောင်း မရရာ။ အရှင်ဘုရား ဤဘီလူးသည် အာလကမန္ဒာနာမသင်းကြည် နတ်မင်းနေပြည်၌ ပျော်စံစားရာ ဗိမာန်အိမ်ရာကို လည်းကောင်း၊ အမြဲနေခြင်းကို လည်းကောင်း မရနိုင်။ အရှင်ဘုရား ဤနတ်ဘီလူးသည် နတ်ဘီလူးတို့၏ နတ်သဘင် အစည်းအဝေးသို့ တက်ရောက်ခွင့် မရနိုင်။

(၁၃) အရှင်ဘုရား ထိုဘီလူးကို အခြား နတ်ဘီလူးများက သွားပေးသမီးယူ ဆက်ဆံခြင်းအမှု မပြုကြတော့ကုန်။
အရှင်ဘုရား ထိုနတ်ဘီလူးကို အခြားသော နတ်ဘီလူးများက မျက်စိကြောင်သူ၊ သွားခေါသူ စသည်ဖြင့် ကိုယ်နှင့်စပ်ကုန်သော နတ်ဘီလူးတို့၏ ဆင်းရဲရခြင်းမျိုးစုံတို့ဖြင့် ဆဲရေးကုန်ရာ၏။

အရှင်ဘုရား၊ ထိုနတ်ဘီလူး၏ ဦးခေါင်းထက်၌ အခြား နတ် ဘီ လူး များ က အလျံပြောင်ပြောင် မီးတောက်လောင်သော သံခွက်ကို စွပ်၍မှောက်ထားကုန်ရာ၏။ ထိုနတ်ဘီလူး၏ ဦးခေါင်းကို အခြားသောနတ်ဘီလူးများက ခုနစ်စိတ်ခွဲလည်း ခွဲကုန်ရာ၏။

(၁၄) အရှင်ဘုရား၊ အမျက်ဒေါသကြီးကုန်သော၊ နှောင့်ယှက်တတ်ကုန်သော၊နှိပ်စက်တတ်ကုန်သောနတ်ဘီလူးတို့သည် ရှိပါကုန်၏။ ထိုနတ်ဘီလူးကြီးတို့သည်လည်း ရှိပါကုန်၏။ ထိုနတ်ဘီလူးကြီးတို့သည် နတ်မင်းကြီးတို့၏ (စကားကို) မနာယူကြပါကုန်။ အ ရှင် ဘု ရား၊ ထို နတ်ဘီလူးကြီးတို့ကို နတ်မင်းကြီးတို့၏ ဆန့်ကျင်ဘက် ရန်သူများဟူ၍ ဆိုအပ်ပါကုန်၏။

(၁၅) အရှင်ဘုရား၊ ဥပမာအားဖြင့် မာဂဓတိုင်းကို အစိုးရသော မင်းကြီး၏ နိုင်ငံ၌ ခိုးသူ တို့ ရှိပါကုန်၏။ ထိုခိုးသူကြီးတို့သည် မာဂဓတိုင်းကို အစိုးရသော မင်းကြီး၏

(စကားကို) မနာယူကြပါကုန်။ မာဂဓတိုင်းကို အစိုးရသော မင်းကြီး၏ စစ်သူကြီးတို့၏ (စကားကို) မနာယူကြပါကုန်။ မာဂဓတိုင်းကို အစိုးရသော မင်းကြီး၏ စစ်သူကြီးတို့၏ မင်းချင်းတို့၏ စကားကို မနာယူကြပါကုန်။ အရှင်ဘုရား၊ ထိုခိုးသူကြီးတို့ကို မာဂဓတိုင်းကို အစိုးရသော မင်းကြီး၏ ဆန့်ကျင်ဘက် ရန်သူတို့ဟူ၍ ဆိုအပ်ပါကုန်၏။

(၁၆) အရှင်ဘုရား၊ ဤအတူ အမျက်ဒေါသကြီးကုန်သော၊ နှောင့်ယှက်တတ်ကုန်သော၊ နှိပ်စက် တတ် ကုန် သော နတ်ဘီလူးတို့သည် ရှိပါကုန်၏။ ထိုနတ်ဘီလူးတို့သည် နတ်မင်းကြီးတို့၏ (စကားကို) မနာယူကြပါကုန်။ နတ်မင်းကြီးတို့၏ နတ်ဘီလူးစစ်သူကြီးတို့၏ (စကားကို) မနာယူကြပါကုန်။ နတ်မင်းကြီးတို့၏ နတ် ဘီ လူး စစ် သူ ကြီးတို့၏ မင်းချင်းတို့၏ (စကားကို) မနာယူကြပါကုန်။ အရှင်ဘုရား၊ ထိုနတ်ဘီလူးတို့ကို နတ်မင်းကြီးတို့၏ ဆန့်ကျင်ဘက် ရန်သူတို့ဟူ၍ ဆိုအပ်ပါကုန်၏။

(၁၇) အရှင်ဘုရား၊တစ်စုံတစ်ယောက်သော နတ်ဘီလူးသည်လည်းကောင်း၊ နတ်ဘီလူးမသည် လည်းကောင်း၊ နတ်ဘီလူးငယ်သည် လည်းကောင်း၊ နတ် ဘီလူး မငယ် သည် လည်းကောင်း၊ နတ်ဘီလူးအမတ်ကြီးသည် လည်း ကောင်း၊ အခြံအရံ နတ်ဘီလူးသည်လည်းကောင်း၊ ဂန္ဓဗ္ဗနတ်သည်လည်း

ကောင်း၊ ဂန္ဓဗ္ဗနတ်သမီးသည် လည်းကောင်း၊ ဂန္ဓဗ္ဗနတ်ကလေးသည်လည်းကောင်း၊ ဂန္ဓဗ္ဗနတ်သမီးကလေးသည် လည်းကောင်း၊ ဂန္ဓဗ္ဗနတ်အမတ်ကြီးသည် လည်းကောင်း၊ အခြံအရံဂန္ဓဗ္ဗနတ်သည် လည်းကောင်း၊ အလုပ်အကျွေး ဂန္ဓဗ္ဗနတ်သည် လည်းကောင်း၊ ကုမ္ဘဏ်သည် လည်းကောင်း၊ ကုမ္ဘဏ်မသည် လည်းကောင်း၊ ကုမ္ဘဏ်ကလေးသည် လည်းကောင်း၊ ကုမ္ဘဏ်မကလေးသည်လည်းကောင်း၊ ကုမ္ဘဏ် အမတ်ကြီးသည် လည်းကောင်း၊ အခြံအရံကုမ္ဘဏ်သည်လည်းကောင်း၊ အလုပ်အကျွေး ကုမ္ဘဏ်သည်လည်းကောင်း၊ နဂါးသည်လည်းကောင်း၊ နဂါးမသည်လည်းကောင်း၊ နဂါးကလေးသည်လည်းကောင်း၊ နဂါးမကလေး သည် လည်း ကောင်း၊ နဂါး အမတ်ကြီးသည် လည်းကောင်း၊ အခြံအရံ နဂါးသည် လည်းကောင်း၊အလုပ်အကျွေး နဂါးသည် လည်းကောင်း ဖျက်ဆီးလိုသောစိတ်ရှိသည်ဖြစ်၍ ရဟန်းယောကျ်ားကိုသော်လည်းကောင်း၊ ရဟန်းမိန်းမကိုသော်လည်းကောင်း၊ ဥပါသကာ ယောကျ်ားကိုသော် လည်းကောင်း၊ ဥပါသိကာ မိန်းမကိုသော် လည်းကောင်း သွားနေစဉ် လိုက်၍ သွားငြားအံ့၊ ရပ်နေစဉ် ကပ်၍ရပ်ငြားအံ့၊ ထိုင်နေစဉ် ကပ်၍ ထိုင်ငြားအံ့။

(၁၀) ဤနတ်ဘီလူးများ၊ နတ်ဘီလူးကြီးများ၊ နတ်ဘီလူးစစ်သူကြီးများ၊ နတ်ဘီလူး စစ်သေနာပတိချုပ်ကြီးများတို့ကို သိစေအပ်၊ တိုင်တန်းအပ်၊ မြန်ကြားအပ်၏၊ "ဤ

ဘီလူးသည် (ဤသူကို) ဖမ်းစား၏၊ ဤဘီလူးသည် ပူးဝင်၏၊ ဤဘီလူးသည် နှိပ်စက်၏၊ ဤဘီလူးသည် ညှဉ်းဆဲ၏၊ ဤဘီလူးသည် ဆင်းရဲစေ၏၊ ဤဘီလူးသည် ပင်ပန်းစေ၏၊ ဤဘီလူးသည် မလွှတ်လို'' ဟု သိစေအပ်၊ တိုင်တန်းအပ်၊ ပြောကြားအပ်၏။

အဘယ်မည်သော နတ်များ၊ ဘီလူးများ၊ နတ်ကြီး, ဘီလူးကြီးများ၊ နတ်စစ်သူကြီး,ဘီလူးစစ်သူကြီးများ၊ နတ်စစ်သေနာပတိ ချုပ်, ဘီလူးစစ်သေနာပတိ ချုပ်ကြီးများကို သိစေအပ်, တိုင်တန်းအပ်, ပြောကြားအပ်သနည်းဟူမူ–

(၁၉) ဣန္ဒ, သောမ, ဝရုဏ, ဘာရဒွါဇ, ပဇာပတိ, စန္ဒန, ကာမသေဋ္ဌ, ကိန္နုဃဏ္ဍု, နိဃဏ္ဍု,–

(၂၀) ပနာဒ, ဩပမည, နတ်တို့တမန် မာတလိ, ဂန္ဓဗ္ဗ တောင်၌ နေကုန်သော စိတ္တသေန, နဠောရာဇာ, ဇနေသဘ,–

(၂၁) သာတာဂိရိ, ဟေမဝတ, ပုဏ္ဏက, ကရတိယ, ဂုဠ, သိဝက, မုစလိန္ဒ, ဝေဿမိတ္တ, ယုဂန္ဓရ,–

(၂၂) ဂေါပါလ, သုပ္ပရောဓ, ဟိရိ, နေတ္တိ, မန္ဒိယ,–

(၂၃) ပဉ္စာလ, စဏ္ဍ, အာဠဝက, ပဇ္ဇုန္န, သုမန, သုမုခ, ဒဓိမုခ, မဏိ, မာဏိဝရ, ဒီဃ–ဟူသော ဘီလူးများ၊ နတ်များနှင့်တကွ သေရိသက နတ်တို့တည်း။

(၂၄) ဤနတ်များ၊ ဘီလူးများ၊ နတ်ကြီး-ဘီလူးကြီးများ၊ နတ်စစ်သူကြီး၊ ဘီလူးစစ်သူကြီးများ၊ နတ်စစ်ပဟာသေနာပတိကြီးများ၊ ဘီလူးစစ်မဟာသေနာပတိကြီးများတို့ကို သိစေအပ်၊ တိုင်တန်းအပ်၊ ပြောကြားအပ်၏။ "ဤဘီလူးသည် (ဤသူ့ကို)ဖမ်းစား၏၊ ဤဘီလူးသည် ပူးဝင်၏၊ ဤဘီလူးသည် နှိပ်စက်၏၊ ဤဘီလူးသည် ညှဉ်းဆဲ၏၊ ဤဘီလူးသည် ဆင်းရဲစေ၏၊ ဤဘီလူးသည် ပင်ပန်းစေ၏၊ ဤဘီလူးသည် မလွှတ်လို" ဟု သိစေအပ်၊ တိုင်တန်းအပ်၊ ပြောကြားအပ်၏။

(၂၅) အရှင်ဘုရား၊ ဤအာဋာနာဋိယ မန္တန်မန္တရား ပရိတ်အရံအတားသည် ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ ဥပါသကာ, ဥပါသိကာ လေးလီသော ပရိသတ်တို့အား လုံခြုံစေခြင်းငှာ၊ စောင့်ရှောက်စေခြင်းငှာ၊ ညှဉ်းဆဲကင်းကွာ ချမ်းသာစွာ နေခြင်းငှာ ဖြစ်ပါ၏။

(၂၆) "အရှင်ဘုရား၊ ယခုအခါ ကျွန်ုပ်တို့ သွားပါကုန်အံ့။ အကျွန်ုပ်တို့သည် ကိစ္စများပါကုန်၏။ အကျွန်ုပ်တို့သည် ပြုဖွယ်များပါကုန်၏"ဟူ၍လျှောက်ထား၏။နတ်မင်းကြီးတို့ ယခုအခါ၌ သွားရန်အချိန်ကို သင်တို့သိကုန်၏။ (သွားရန်မှာ သင်တို့၏အလိုအတိုင်းပင်ဖြစ်၏) ဟု (ငါမိန့်ဆို၏။)

(၂၇) ထိုအခါ နတ်ပင်ကြီး းယောက်တို့သည် နေရာမှ ထကာ မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးကုန်၍ လက်ယာရစ်လှည့်သည်ကို ပြုကုန်လျက် ထိုအရပ်၌ပင် ကွယ်ပျောက်ကုန်၏၊ ထိုနတ်,နတ်ဘီလူးတို့တွင် အချို့သောနတ်, နတ်ဘီလူးတို့သည် နေရာမှထကုန်၍ မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးကုန်၍ လက်ယာရစ် လှည့်လည်သည်ကို ပြုကြကုန်လျက်၊ ထိုအရပ်၌ပင် ကွယ်ပျောက်ကုန်၏။ အချို့သောနတ်,နတ်ဘီလူးတို့သည် မြတ်စွာဘုရားနှင့် အတူတကွ ဝမ်းမြောက် ဝမ်းသာ ပြောဆိုကြကုန်၏။

ဝမ်းမြောက်ဖွယ်ရာ, အသက်ထက်ဆုံး အောက်မေ့ဖွယ်သော စကားကို ပြောဆိုပြီးဆုံးကြကုန်၍ ထိုအရပ်၌ပင် ကွယ်ပျောက်ကုန်၏။ အချို့သောနတ်, နတ်ဘီလူးတို့သည် အကြင်အရပ်၌ မြတ်စွာဘုရားရှိတော်မူ၏၊ ထိုမြတ်စွာဘုရား ရှိတော်မူရာ အရပ်သို့ လက်အုပ်ချီမိုး ရှိခိုးကြကုန်လျက်၊ ထို အရပ်၌ပင် ကွယ်ပျောက်ကုန်၏။ အချို့သောနတ်,နတ်ဘီလူးတို့သည် (မိမိတို့) အမည်အနွယ်ကို ပြောကြားလျှောက်ထား၍ ထိုအရပ်၌ပင် ကွယ်ပျောက်ကြကုန်၏။ အချို့သောနတ်, နတ်ဘီလူးတို့သည် ဆိတ်ဆိတ်နေကုန်၍ ထိုအရပ်မှ ကွယ်ပျောက်ကုန်၏။

(၂၈) ထိုအခါ မြတ်စွာဘုရားသည် ထိုညဉ့်လွန်သဖြင့် ရဟန်းတို့ကို မိန့်တော်မူ၏။ ရဟန်းတို့ ဤညဉ့်ပတ်လုံး

စာတုမဟာရာဇ် နတ်မင်းကြီး လေးယောက်တို့သည် များစွာသော နဂါး၊ ကုမ္ဘဏ်၊ ဂန္ဓဗ္ဗ၊ ဘီလူးမည်ပြား အထူးထူးသော စစ်သည်ဗိုလ်ပါများနှင့် တကွ မြို့ပါခါးလေးရပ်တို့၌ ကိုယ်ရံတော်တပ်များ အထူးလုံခြုံစွာ ချစွဲထားပြီးနောက် ထွန်းလင်းတောက်ပသော ကိုယ်ရောင်ကိုယ်ဝါဖြင့် ဂိဇ္ဈကုဋ်တစ်တောင်လုံးကို ဖုံးလွှမ်းပြောင်ဝင်း ထွန်းလင်းတောက်ပစေ၍ ငါဘုရားရှိတော်မူရာအရပ်သို့ ချဉ်းကပ်ကုန်ပြီးလျှင် ငါဘုရားကို အလွန်ရိုသေစွာ ရှိခိုးကုန်လျက် သင့်တင့်လျောက်ပတ်သော အရပ်၌ ထိုင်နေကြကုန်၏။

(၂၉) ရဟန်းတို့၊ ထို နတ်ဘီလူးအပေါင်းတို့တွင် အချို့သောနတ်ဘီလူးတို့သည် ငါဘုရားကို အလွန်ရိုသေစွာ ရှိခိုးကုန်၍ သင့်တင့်လျောက်ပတ်သော အရပ်၌ ထိုင်နေကုန်၏။ အချို့သော နတ်ဘီလူးတို့သည် ငါဘုရားနှင့် အတူတကွ ဝမ်းမြောက်ဝမ်းသာ စကားပြောဆိုနေကြကုန်၏။ ဝမ်းမြောက်ဝမ်းသာ ပြောဆိုအပ်သော အသက်ထက်ဆုံး အောက်မေ့အပ်သော စကားကို ပြီးဆုံးလွန်မြောက်စေ၍ သင့်တင့်လျောက်ပတ်သော အရပ်၌ ထိုင်နေကြကုန်၏။ အချို့သော နတ်ဘီလူးတို့သည် အကြင်အရပ်၌ ငါဘုရားရှိ၏၊ ထို ငါဘုရား ရှိတော်မူရာအရပ်သို့ လက်အုပ်ချီမိုး ရှိခိုးပြီးလျှင် သင့်တင့်လျောက်ပတ်သော အရပ်၌ ထိုင်နေကြကုန်၏။ အချို့သော နတ်ဘီလူး

တို့သည် အမျိုးအနွယ်ကိုလျှောက်ကြား၍ သင့်တင့်လျောက်ပတ်သော အရပ်၌ ထိုင်နေကြကုန်၏။ အချို့သော နတ်ဘီလူးတို့သည် ဆိတ်ဆိတ်နေကြကုန်သည်ဖြစ်၍ သင့်တင့်လျောက်ပတ်သော အရပ်၌ ထိုင်နေကြပါကုန်၏။

(၃၀) ရဟန်းတို့၊ သင့်တင့်လျောက်ပတ်သော အရပ်၌ ထိုင်နေသော–ထိုင်နေပြီးသော ဝေဿဝဏ် နတ်မင်းသည် ငါဘုရားကို ဤသို့သော စကားကိုလျှောက်ထား၏။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အရှင်ဘုရားအား မကြည်ညိုကုန်သော ဘုန်းတန်ခိုးကြီးမား နတ်ဘီလူးများသည် ရှိကြပါကုန်၏။ ကြည်ညိုကုန်သော ဘုန်းတန်ခိုးကြီးမား နတ်ဘီလူးကြီးများလည်း ရှိကြပါကုန်၏။ မကြည်ညိုကုန်သော ဘုန်းတန်ခိုး အလတ်စား နတ်ဘီလူးကြီးများလည်း ရှိကြပါကုန်၏။ မကြည်ညိုကုန်သော ဘုန်းတန်ခိုးအငယ်စားနတ်ဘီလူးကြီးများလည်း ရှိကြပါကုန်၏။ မကြည်ညိုကုန်သော ဘုန်းတန်ခိုး အငယ်စား နတ်ဘီလူးကြီးများလည်း ရှိကြပါကုန်၏။ ကြည်ညိုကုန်သော ဘုန်းတန်ခိုးအငယ်စား နတ်ဘီလူးကြီးများလည်း ရှိကြပါကုန်၏။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ များသောအားဖြင့် ဘုန်းတန်ခိုးအစားစား နတ်ဘီလူးများတို့သည် ရှင်တော်မြတ်ဘုရားအား မကြည်ညိုကြကုန်သည်သာလျှင်တည်း။

(၃၁) ထိုသို့ မကြည်ညိုကြခြင်းသည် အဘယ့်ကြောင့်နည်း ဆိုသော် ဘုန်းတော်ကြီးမား ရှင်တော်မြတ်ဘုရားသည် သူ့အသက်ကိုသတ်ခြင်း၊ သူတစ်ပါးဥစ္စာကို ခိုးယူခြင်း၊ ကာမဂုဏ်တို့၌ မှားယွင်းသော အကျင့်ကို ကျင့်ခြင်း၊ မဟုတ်မမှန်သော စကားကို ပြောဆိုခြင်း၊ သေရည်သေရက် တို့ကို သောက်ခြင်းဟူသော ကံငါးပါးမှ ရှောင်ကြဉ်ရန် တရားကို ဟောကြားလေ့ ရှိပါ၏။

(၃၂) ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ များသော အားဖြင့် နတ်ဘီလူးတို့သည် သူ့အသက်ကိုသတ်ခြင်း၊ သူတစ်ပါးဥစ္စာကို ခိုးယူခြင်း၊ ကာမဂုဏ်တို့၌ မှားယွင်းသော အကျင့်ကိုကျင့်ခြင်း၊ မဟုတ်မမှန်သော စကားကို ပြောဆိုခြင်း၊ သေရည်သေရက်တို့ကို သောက်ခြင်း- ဟူသော ကံငါးပါးမှ မကြဉ်ရှောင်ကြပါကုန်။ ထို နတ်ဘီလူးတို့သည် အရှင်ဘုရား ဟောကြားသော ထိုကံငါးပါးတရားကို မကြည်ညိုမမြတ်နိုးကြပါကုန်။

(၃၃) ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ရှင်တော်ဘုရား၏ တပည့်သား သံဃာများသည် တောရပ်ယှဉ်မှီ ဝုတင်ရကျွမူ ကျင့်သုံးတော်မူကြ၍ လူသံ, သူသံ, ဆူညံ မသည်း အသံနည်းကုန်သော၊ လူသံ, သူသံ, ဆူညံအလျှင်း ကင်းကုန်သော၊ လူတို့၏ အငွေ့အသက် ကင်းကုန်သော၊ လူတို့၏

လျှို့ဝှက်သောအမှုကို ပြုခြင်းငှာထိုက်ကုန်သော၊ ကိန်းအောင်း၍ နေခြင်းငှာ လျောက်ပတ်ကုန်သော၊ ဝေးကွာသော တောကျောင်းတို့ကို မှီဝဲနေထိုင်ကြပါကုန်၏။

(၃၄) ထိုတောကျောင်း၌ နေကုန်သော တန်ခိုးကြီးမား နတ်ဘီလူးများတို့သည် ရှိပါကုန်၏။ အကြင် နတ်ဘီလူးကြီးတို့သည် မြတ်စွာဘုရား၏ အဆုံးအမ တော်တည်းဟူသော ဤသာသနာတော်မြတ်၌ သဒ္ဓါကင်းပ မကြည်ညိုကြကုန်။ ထိုနတ်ဘီလူးတို့ကို ကြည်ညိုကြစေရန် ဘုန်းတော်ကြီးမား ရှင်တော်မြတ်ဘုရားသည် အာဋာနာဋိယမည်ငြား ဓမ္မပန္တရား ပရိတ်အရံအတားကို ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဥပါသကာ, ဥပါသိကာ-လေးလီသော ပရိသတ်တို့၏ အကာအကွယ် အစောင့်အရှောက်ဖြစ်ခြင်းငှာ, မပင်ပန်းခြင်းငှာ, ဆင်းရဲကင်းကွာ ချမ်းသာစွာ နေရခြင်းငှာ သင်ကြားပေးတော်မူပါ''ဟု(လျှောက်ထား၏။)

(၃၅) ရဟန်းတို့၊ငါဘုရားသည် ဆိတ်ဆိတ်နေသောအားဖြင့် လက်ခံတော်မူ၏။ ထိုအခါ ဝေဿဝဏ်နတ်မင်းကြီးသည် ငါဘုရား၏ လက်ခံတော်မူခြင်းကိုသိမြင်၍ သန်းခေါင်ယံပွန်စွာ ထိုအချိန်အခါ၌ အာဋာနာဋိယမည်ငြား ဓမ္မပန္တန်မန္တရား ဤပရိတ်တော် အစောင့်အရှောက် အရံအတားကို ရွတ်ဆိုလျှောက်ထား၏။

(၃၆) ဉာဏ်စက္ခု ငါးပါးရှိတော်မူသော၊ ဘုန်းကံကျက်သရေ ရှိတော်မူသော ဝိပဿီမည်သော ဘုရားရှင်အား ရှိခိုးပါ၏ဘုရား။ အလုံးစုံသော သတ္တဝါတို့ကို မဟာကရုဏာဖြင့် မပြတ်သနားတော်မူသော သိခီမည်တွင် ဘုရားရှင်အားလည်း ရှိခိုးပါ၏ဘုရား။

## ဘုရားခုနစ်ဆူအား ရှိခိုးခြင်း

(၃၇) မဂ်ရေစင်ဖြင့် ကိလေသာစင်ကြယ်အောင် ဆေးကြောတော်မူသော ကိလေသာကို ပူပန်စေသော အကျင့်ရှိတော်မူသော ဝေဿဘူမည်တွင် ဘုရားရှင်အား ရှိခိုးပါ၏ဘုရား။ မာရ်စစ်သည်အပေါင်းကို ဖျက်ဆီးတော်မူသော ကကုသန်မည်တွင်ဘုရားရှင်အား ရှိခိုးပါ၏ဘုရား။

(၃၈) မကောင်းမှုကို အပပြုပြီးသော– မဂ်င်အကျင့်ကို ကျင့်သုံးပြီးသော ကောဏာဂုံမည်ဌြား ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား ရှိခိုးပါ၏။ အလုံးစုံသော ဣရိယာပုတ်တို့၌ ကိလေသာ အကြွင်းမရှိ ငါးပါးသော ဝိမုတ္တိတို့ဖြင့် လွတ်ပြီးသော ကဿပမည်တွင် ဘုရားရှင်အာ ရှိခိုးပါ၏ဘုရား။

(၃၉) အကြင်ဂေါတမမည်တွင်ဘုရားရှင်သည် အလုံးစုံသော ဆင်းရဲဒုက္ခကို ပယ်နုတ်နိုင်သော ဤအာဋာနာဋိယသုတ်တော်ကို ဟောတော်မူပြီး၊ ကိုယ်တော်မှ ပြိုးပြိုးပြက်

ထွက်သော ရောင်ခြည်တော်ရှိတော်မူသော သာကီဝင်မင်းသား ဖြစ်တော်မူသော ဘုန်းကံကျက်သရေ ရှိတော်မူပေသော ဂေါတမမည်တွင် ထိုဘုရားရှင်အား ရှိခိုးပါ၏။

(၅၀) အကြင်ဘုရားရှင်တို့သည်လည်းလောကသုံးခွင်ဘုံအပြင်၌ ကိလေသာ ဇာတ်သိမ်း၍ ငြိမ်းအေးတော်မူကြလေကုန်ပြီ။ မပေါက်မပြန် ဟုတ်မှန်စွာ သစ္စာလေးဝ မြတ်ဓမ္မကို ကောင်းစွာကုန်စင် သိမြင်တော်မူကုန်ပြီ။ ထိုဘုရားရှင်တို့သည် ချောပစ် ကုန်းတိုက် ခြင်းမှ လွတ်ကင်းတော်မူကြကုန်၏။ ချွတ်ယွင်း, ကြမ်းထော်, ပြက်ချော်ပြောမှု စကားစုလည်း ရှိတော်မမူကြကုန်။ ဂုဏ်နေ့သကတ် ပုံနေဟပ်၍ မြတ်တော်မူကြကုန်၏။ ကြောက်ရွံ့မဲ့လျှင်း ခြင်္သေ့မင်းသို့ ရဲတင်းတော်မူကြပေကုန်၏။

(၅၁) ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏတစ်ဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူသော၊ ဘုန်းတော်, ဂုဏ်တော်, အနွယ်တော်ဇာတ် ကြီးမားမြင့်မြတ်တော်မူသော၊ ကြောက်ရွံ့မဲ့လျှင်း ခြင်္သေ့မင်းသို့ ရဲတင်းတော်မူသော၊ ဗြဟ္မာ, နတ်, လူ ခပ်သိမ်းသူတို့၏ စီးပွားချမ်းသာကို ဆောင်တော်မူသော ဂေါတမမည်တွင် ဘုရားရှင်ကို ကြည်ရှင်မြတ်နိုး ရှိခိုးကြကုန်၏။ (ယံ နမဿန္တိ–၌ 'ယံ'ကားအနက်ပင်။ နိပါတ်မျှသာ)။

## အရှေ့ကျွန်း၌ ဓတရဋ္ဌနတ်မင်း

(၄၂) အကြင်အရပ်မှ အလွန် ထွန်းလင်း တောက်ပသော ကြီးကျယ်သော အဝန်းရှိသော နေမင်းသည် ထွက်ပေါ်လာ၏။ ယင်း နေမင်းထွက်လာသည် ရှိသော် အမှောင်ပိတ်ဖုံး ညဉ့်အလုံးလည်း ကွယ်ပျောက်၏။ ယင်း နေထွက်လာသည်ရှိသော် နေ့ဟူ၍ ဆိုအပ်၏။

(၄၃) ထိုနေထွက်ပေါ်ရာ၌ အရှေ့အရပ်၌ ရေအိုင်သည်လည်းနက်၏။ကျသူတို့ကို စွတ်စိုစေတတ်၏။ကျသောရေရှိ၏။ ဝါ-မြစ်ကြီး,မြစ်ငယ်အသွယ်သွယ်တို့မှ သက်ဝင်လာသောရေရှိ၏။ ထိုနေထွက်ရာအရပ်က ထိုရေအထုကို မြစ်ကြီး, မြစ်ငယ်တို့မှ သက်ဝင်သော ရေရှိသော သမုဒ္ဒရာ- ဟူ၍ (လူတို့)သိပါကုန်၏။

(၄၄) ဤစည်းဝေးရာနေရာမှ ထိုအရပ်သည် အရှေ့အရပ်မည်၏။ ဤသို့ အရှေ့အရပ်ဟူ၍ ထိုအရပ်ကို လူအပေါင်းသည် ပြောကြား၏။ ယင်းအရှေ့အရပ်ကို များသော အခြံအရံရှိသော ထိုနတ်မင်းကြီးသည် စောင့်ရှောက်၏။

(၄၅) ထိုနတ်မင်းကြီးသည် ဂန္ဓဗ္ဗနတ်တို့ကို အစိုးရ၏။ 'ဓတရဋ္ဌ'ဟု အမည်ရှိ၏။ ဂန္ဓဗ္ဗနတ်အပေါင်း ခြံရံလျက် က-ခြင်း, သီချင်းတို့ဖြင့် မွေ့လျော်၏။

(၄၆) ထိုစတုရဌနတ်မင်းကြီး၏ သားတို့သည်လည်း များလှကုန်၏။ တူသော အမည်ရှိကုန်၏–ဟု အကျွန်ုပ်ကြားဖူးပါ၏။ ကိုးကျိပ်တစ်ယောက်ရှိပါ၏။ ဣန္ဒအမည်ရှိပါကုန်၏။ ခွန်အားကြီးပါကုန်၏။

(၄၇) ထိုစတုရဌနတ်မင်းကြီး၏ သားတို့သည်လည်း သစ္စာလေးပါးကို သိတော်မူသော၊ နေမင်း၏ အဆွေဖြစ်တော်မူသော၊ ကြီးမြတ်တော်မူသော၊ ကြောက်ရွံ့ခြင်းကင်းတော်မူသော ဘုရားရှင်ကို မြင်သော် အဝေးကပင်လျှင် ရှိခိုးပါကုန်၏။

(၄၈) ယောကျ်ားအာဇာနည် ဖြစ်တော်မူသော မြတ်စွာဘုရား၊ ရှင်တော်မြတ်ဘုရားအား ရှိခိုးပါ၏။ ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား၊ ရှင်တော်မြတ်ဘုရားအား ရှိခိုးပါ၏ ရှင်တော်မြတ်ဘုရားသည် အပြစ်မရှိသော သဗ္ဗညုတဉာဏ်တော်ဖြင့် သတ္တဝါအပေါင်းကို မပြတ်ကြည့်ရှုတော်မူ၏။ ဤသို့ဆို၍ လူပုဘစ်ပါးနတ်ဘီလူးစသော သူတို့သည်လည်း ရှင်တော်မြတ်ဘုရားကို ရှိခိုးကုန်၏။ ဤအကြောင်းကို အကျွန်ုပ်တို့သည် မပြတ်ကြားအပ်၏။ ထို့ကြောင့် ဤသို့ အကျွန်ုပ်တို့ ဆိုပါကုန်၏။

(၄၉) မာရ်ငါးပါးကို အောင်တော်မူသော ဂေါတမ မြတ်စွာဘုရားကို သင်တို့ ရှိခိုးကြကုန်လော့။ မာရ်ငါးပါးကို အောင်တော်မူသော ဂေါတမမြတ်စွာဘုရားကို ငါတို့ ရှိခိုးကြကုန်၏။ ဤသို့ အကျွန်ုပ်တို့ မေးကြသောအခါ ဖြေဆိုကြကုန်၏။ အသိဉာဏ် 'ဝိဇ္ဇာ'၊ အကျင့်'စရဏ' တရားတို့နှင့် ပြည့်စုံတော်မူသော ဂေါတမမြတ်စွာဘုရားကို အကျွန်ုပ်တို့သည် ရှိခိုးပါကုန်၏ဘုရား။

## တောင်ကျွန်း၌ ဝိရူဠှ နတ်မင်း

(၅၀) အကြင်အရပ်ဖြင့် သေသော သူတို့ကို ထုတ်ပစ်ကုန်လော့။ ချောပစ်ကုန်းတိုက်သူတို့ကို ထုတ်ပစ်ကုန်လော့။ ကျောက်ကုန်းသား စားသကဲ့သို့ လျှို့ဝှက်သောအမှုကိုပြုသူတို့ကိုလည်းကောင်း၊ တံစိုးစားသူတို့ကို ထုတ်ပစ်ကုန်လော့။ သူ့အသက် သတ်သူတို့ကို ထုတ်ပစ်ကုန်လော့။ ခိုးသူတို့ကို ထုတ်ပစ်ကုန်လော့။ စဉ်းလဲကောက်ကျစ် သူတို့ကို ထုတ်ပစ်ကုန်လော့။ ဝါ–ထုတ်၍ သတ်ကုန်လော့။ မီးရှို့ကုန်လော့။ ဤသို့ ဆိုအပ်ကုန်၏။

(၅၁) ဤစည်းဝေးရာနေရာမှ ထိုအရပ်သည် တောင်အရပ်မည်၏။ ဤသို့ တောင်အရပ် ဟူ၍ ထိုအရပ်ကို လူအပေါင်းသည် ပြောကြား၏။ ယင်းတောင်အရပ်ကိုများသော အခြံအရံရှိသော ထိုနတ်မင်းကြီးသည် စောင့်ရှောက်၏။

(၅၂) ထို နတ်မင်းကြီးသည် ကုမ္ဘဏ်နတ်တို့ကို အစိုးရ၏။ ဝိရူဠ္ဌဟု အမည်ရှိ၏။ ကုမ္ဘဏ်နတ်တို့ခြံရံလျက် ကခြင်း, သီချင်းတို့ဖြင့် မွေ့လျော်၏။

(၅၃) ထိုဝိရူဠ္ဌနတ်မင်းကြီး၏ သားတို့သည်လည်း များလှကုန်၏။ တူသောအမည်ရှိကုန်၏ဟု ကြားဖူးပါ၏။ ကိုးကျိပ်တစ်ယောက် ရှိပါကုန်၏။ ဣန္ဒအမည် ရှိပါကုန်၏။ ခွန်အားကြီးပါကုန်၏။

(၅၄) ထို ဝိရူဠ္ဌ နတ်မင်းကြီး၏ သားတို့သည်လည်း သစ္စာလေးပါးကိုသိတော်မူသော၊ နေမင်း၏အဆွေဖြစ်တော်မူသော၊ ကြောက်ရွံ့ခြင်း ကင်းတော်မူသော ဘုရားရှင်ကို မြင်သော် အဝေးကပင်လျှင် ရှိခိုးပါကုန်၏။

(၅၅) ယောက်ျားအာဇာနည် ဖြစ်တော်မူသော မြတ်စွာဘုရား၊ ရှင်တော် မြတ် ဘုရား အား ရှိခိုးပါ၏။ ယောက်ျားမြတ် ဖြစ်တော်မူသော မြတ်စွာဘုရား၊ ရှင်တော်မြတ်ဘုရားအားရှိခိုးပါ၏။ ရှင်တော်မြတ်ဘုရားသည် အပြစ်မရှိသော သဗ္ဗညုတဉာဏ်တော်ဖြင့် သတ္တဝါအပေါင်းကို မပြတ်ကြည့်ရှုစောင်မတော်မူ၏။ ဤသို့ဆို၍ လူ့တစ်ပါး နတ်ဘီလူးစသော သူတို့သည်လည်း ရှင်တော်မြတ်ဘုရားကို ရှိခိုးကုန်၏။ ဤအကြောင်းကို အကျွန်ုပ်တို့သည် မပြတ်ကြားအပ်၏။ ထို့ကြောင့် ဤသို့ အကျွန်ုပ်တို့ဆိုပါကုန်၏။

(၅၆) မာရ်ငါးပါးကို အောင်တော်မူသော ဂေါတမ မြတ်စွာဘုရားကို သင်တို့ ရှိခိုးကြကုန်လော့။ မာရ်ငါးပါးကို အောင်တော်မူသော ဂေါတမ မြတ်စွာဘုရားကို ငါတို့ ရှိခိုးကြကုန်၏။ ဤသို့ အကျွန်ုပ်တို့ မေးကြသောအခါ ပြေဆိုကြကုန်၏။ အသိဉာဏ် 'ဝိဇ္ဇာ'၊ အကျင့် 'စရဏ' တရားတို့နှင့် ပြည့်စုံတော်မူသော ဂေါတမမြတ်စွာဘုရားကို အကျွန်ုပ်တို့သည် ရှိခိုးပါကုန်၏ဘုရား။

## အနောက်ကျွန်း၌ ဝိရူပက္ခနတ်မင်း

(၅၇) အကြင်အရပ်၌လည်း အလွန်ထွန်းလင်း တောက်ပသော၊ ကြီးကျယ်သော အဝန်းရှိသော နေမင်းသည် သက်ဝင်၏ ယင်းနေမင်း သက်ဝင်သည်ရှိသော် နေ့သည်လည်း အရောင်ကင်းပျောက် ချုပ်ခြင်းသို့ ရောက်၏။ ယင်းနေသက်ဝင်သည်ရှိသော် မိုက်မှောင်လွှမ်းဆင့် ညဉ့်ဟူ၍ ဆိုအပ်၏။

(၅၈) ထိုနေဝင်အနောက်အရပ်၌ ရေအိုင်သည်လည်း နက်၏။ ကျသူတို့ကို ဒွတ်စိုစေတတ်၏။ ကျသော ရေရှိ၏။ မြစ်ကြီး၊ ပြင်ငယ် အသွယ်သွယ်တို့မှ သက်ဝင်လာသော ရေရှိ၏။ ထိုနေဝင်ရာ အရပ်က ရေအထုကို မြစ်ကြီး၊ မြစ်ငယ်တို့မှ သက်ဝင်သော ရေရှိသော သမုဒ္ဒရာဟူ၍ (လူတို့) သိပါ၏။

(၅၉) ဤစည်းဝေးရာဌာနမှ ထိုအရပ်သည် ဤနေရာမှ အနောက်အရပ်မည်၏။ ဤသို့ အနောက်အရပ်ဟူ၍ ထိုအရပ်ကို လူအပေါင်းသည် ပြောကြား၏။ ယင်း အနောက် အရပ်ကို များသော အဖြာအရံရှိသော ထို နတ်မင်းကြီးသည် စောင့်ရှောက်၏။

(၆၀) ထိုနတ်မင်းကြီးသည် နဂါးတို့ကိုအစိုးရ၏။ ဝိရူပက္ခဟု အမည်ရှိ၏။ နဂါးတို့ဖြင့်သာလျှင် ခြံရံလျက် ကခြင်း, သီခြင်းတို့ဖြင့် ပျော်မွေ့၏။

(၆၁) ထို ဝိရူပက္ခနတ်မင်းကြီး၏ သားတို့သည်လည်းများလှကုန်၏။ တူသောအမည်ရှိ၏- ဟု ကြားဖူးပါ၏။ ကိုးကျိပ်တစ်ယောက် ရှိပါကုန်၏။ ဣန္ဒအမည် ရှိပါကုန်၏။ ခွန်အား ကြီးပါကုန်၏။

(၆၂) ထို ဝိရူပက္ခနတ်မင်းကြီး၏ သားတို့သည်လည်း သစ္စာလေးပါးကို သိတော်မူသော၊ နေမင်း၏ အဆွေဖြစ်တော်မူသော၊ ကြီးမြတ်တော်မူသော၊ ကြောက်ရွံ့ခြင်းကင်းရဲတင်းတော်မူသောဘုရားရှင်ကို ပြင်သော် အဝေးကပင်လျှင် ရှိခိုးကုန်၏။

(၆၃) ယောကျ်ား အာဇာနည် ဖြစ်တော်မူသော မြတ်စွာဘုရား၊ ရှင်တော်မြတ်ဘုရား အား ရှိခိုးပါ၏။ ယောကျ်ားမြတ် ဖြစ်တော်မူသော မြတ်စွာဘုရား၊ ရှင်တော်မြတ်ဘုရားအား ရှိခိုးပါ၏။ ရှင်တော်မြတ်ဘုရား သည် အပြစ်မရှိသော သဗ္ဗညုတဉာဏ်တော်ဖြင့် သတ္တဝါအပေါင်းကို မပြတ်ကြည့်ရှုတော်မူ၏။ ဤသို့ဆို၍ လူမှတစ်ပါးနတ်ဘီလူး- စသော သူတို့သည်လည်း ရှင်တော်မြတ်ဘုရားကို ရှိခိုကုန်၏။ ဤကြောင်းကိုအကျွန်ုပ်တို့သည် မပြတ်ကြားအပ်၏။ ထို့ကြောင့် အကျွန်ုပ်တို့ ဤသို့ဆိုပါကုန်၏။

(၆၄) မာရ်ငါပါးကို အောင်တော်မူသော ဂေါတမမြတ်စွာဘုရာ ကို သင်တို့ ရှိခိုးကြကုန်လော့။ ဤသို့အကျွန်ုပ်တို မေးသောအခါ ဖြေဆိုကြကုန်၏။ အသိဉာဏ် 'ဝိဇ္ဇာ'၊ အကျင့် 'စရဏ' တရားတို့နှင့် ပြည့်စုံတော်မူသော ဂေါတမမြတ်စွာဘုရားကို အကျွန်ုပ်တို့သည် ရှိခိုးပါကုန်၏ ဘုရား။

## မြောက်ကျွန်း၌ ကုဝေရနတ်မင်း

(၆၅) အကြင်အရပ်၌ ဥတ္တရကုရု ခေါ်သည့်န်း မြောက်ကျွန်းသည်ရှိ၏။ မြင်းမိုရ်တောင်ပင် သည် ရွှေရောင်ဝင်းဘိကောင်းသောရှုပွယ်ရှိ၏။ ထိုမြောက်ကျွန် နေကြသော လူအများ

တို့သည် ငါ့ဟာ, ငါ့ဥစ္စာ-ဟု မြတ်နိုးမှုမရှိကြကုန်။ ငါ့သား, ငါ့မယား-ဟု ပိုင်းခြားမှတ်ထင်း သိမ်းဆည်းမှုမရှိကြကုန်။

## မြောက်ကျွန်းသားတို့ ချမ်းသာပုံ

(၆၆) ထိုမြောက်ကျွန်းသားတို့သည် မျိုးစေ့ကို မစိုက်ပျိုးကြကုန်၊ ထွန်တို့ကို (လယ်သို့) မဆောင်ကြကုန်။ မထွန်ပယက်သော မြေသက်သက်၌ အလိုလိုပေါက်၍ ရင့်မှည့်သော သလေးဆန်ကို စားသောက်ကုန်၏။

(၆၇) ဆန်ကျိုး, ဆန်ကွဲမရှိ ဖွဲမရှိသော ဝင်ကြယ်သန့်ပြန့်ကောင်းသောအနံ့လှိုင်သော ဆန်သီးကို ထမင်းအိုး၌ ချက်၍ ထိုထမင်းအိုးမှ ဘောဇဉ်ထမင်းကိုသာလျှင် ခူးယူ၍ စိတ်တိုင်းကျ စားကုန်၏။

## နတ်အလုပ်အကျွေးတို့၏ အလေ့

(၆၈) ထိုမြောက်ကျွန်၌ ဝေဿဝဏ်နတ်မင်းကြီး၏ အခြံအရံ ပရိသတ်နတ်ဘီလူးတို့သည် နွားကို ခွာတစ်ခုတည်းရှိသော မြင်းကဲ့သို့ ယာဉ်ပြု၍ ထိုထိုလိုရာအရပ်သို့ လှည့်လည်သွားလာကြကုန်၏။ နွားမှတစ်ပါး သားကောင်များကို ခွာတစ်ခုတည်းရှိသော မြင်းယာဉ်ကဲ့သို့ ယာဉ်ပြု၍ ထိုထိုလိုရာ အရပ်သို့ လှည့်လည် သွားလာကြကုန်၏၊

(၆၉) မိန်းမကို ယာဉ်ပြုလျက် ထိုထိုလိုရာအရပ် လှည့်လည် သွားလာကြကုန်၏။ ယောကျ်ားကို ယာဉ်ပြုလျက် ထိုထိုလိုရာအရပ်သို့လှည့်လည်သွားလာကြကုန်။

(၇၀) မိန်းမပျိုကိုယာဉ်ပြုလျက် ထိုထိုလိုရာအရပ်သို့ လှည့်လည်သွားလာကြကုန်၏။ လုလင်ပျိုကို ယာဉ်ပြုလျက် ထိုထိုလိုရာအရပ်သို့ လှည့်လည်သွားလာကြကုန်၏။

(၇၁) ထိုဝေဿဝဏ်နတ်မင်းကြီး၏ အခြံအရံ ပရိသတ်နတ်ဘီလူးတို့သည် ထိုယာဉ်တို့ကိုစီးကုန်လျက် ထိုထိုလိုရာအရပ်မျက်နှာအလုံးစုံတို့သို့ လှည့်လည်သွားလာကြကုန်၏။

## ဝေဿဝဏ်နတ်မင်းကြီး၏ စည်းစိမ်

(၇၂) များသောအခြံအရံရှိသော ဝေဿဝဏ်နတ်မင်းကြီးအားဆင်ယာဉ်, မြင်းယာဉ်, နတ်၌ဖြစ်သော ယာဉ်သည် ရှေးရှုဖြစ်ပေါ်လာ၏။ ပြာသာဒ်,ထမ်းစဉ်တို့သည်လည်း ရှေးရှုဖြစ်ပေါ်လာကုန်၏။

(၇၃) ထိုဝေဿဝဏ် နတ်မင်းကြီးအား ကောင်းကင်၌ ကောင်းစွာ ပန်ဆင်အပ်ကုန်သော အာဋာနာဋမြို့, ကုသိနာဋမြို့, ပရကုသိနာဋမြို့, နာဋသုရိယမြို့, ပရကုသိဋနာဋမြို့တို့သည်လည်းရှိကုန်၏။

(၄၄) ပြောက်ဘက်အရပ်၌ ကသိဝန္တမြို့, ဇနောသမြို့ရှိ၏။ တစ်ပါးသောနေရာ၌ နဝနဝုတိမြို့၊ အမ္ဗရဝတိယမြို့ သည်ရှိ၏။ အာဠကမန္ဒာမည်သောမြို့ကား ရာဇဓာနီ မင်းနေ ပြည်ဖြစ်၏။

(၄၅) မာရ်ငါးပါးကို နှိမ်နင်းတော်မူပြီးသော အရှင်မြတ် ဘုရား၊ စင်စစ်ကုဝေရမည်လျှင်း နတ်မင်းကြီးအား ဝိသာဏတွင်မည် မင်းနေပြည်သည်ရှိပါ၏။ထို့ကြောင့် ကုဝေရ နတ်မင်းကြီးကို 'ဝေဿဝဏ်နတ်မင်းကြီး' ဟူ၍ ဆိုအပ်ပါ၏။

(၄၆) အကြင်နတ်ဘိလူးတို့သည် (အကျိုးစီးပွားနှင့် စပ်လျဉ်းသော သတင်းစကားကို) အသီးသီးစုံစမ်း ရှာပုံးဝ ဆောင်းကုန်လျက် ထိုဝေဿဝဏ် နတ်မင်းကြီးအား ထင်စွာပြသ ပြောကြားကြကုန်၏။ ထိုနတ်ဘိလူးတို့သည်ကား– တတောလာ, တတ္တလာ, တတောတလာ, ဩဇသိ, တေဇသိ, တတောဇသိ, သူရ, ရာဇာ, အရိဋ္ဌ, နေမိတို့တည်း။

## ဓရဏီနတ်ရေကန်ကြီး

(၄၇) ထိုဝေဿဝဏ်နတ်မင်းကြီး၏ နတ်မြို့၌ ဓရဏီမည် သော လေးထောင့်ရေကန်ကြီးသည်လည်း ရှိပါ၏။ ယင်းလေးထောင့်ရေကန်ကြီးမှ (ရေကိုယူ၍) ပုံးတို့သည် ရွာချ ပါကုန်၏။ (မိုးရွာလတ်သော်) အကြင် လေးထောင့်ကန်ကြီးမှ

မိုးရေဟောင်းတို့သည် လျှံထွက်ပါကုန်၏။ ထိုလေးထောင့်ရေကန်ကြီးအနီး၌ သာလဝတီမည်သော စည်းဝေးရာ ရတနာသဘင်မဏ္ဍပ်သည်လည်း ရှိပါ၏။

(၇၈) ယင်းသဘင်မဏ္ဍပ်၌ နတ်ဘီလူးတို့သည် စည်းဝေးနေထိုင်ပါကုန်၏။ ထိုသဘင်မဏ္ဍပ်၌အမြဲတမ်းပွင့်ကုန်သော သပြေ့,သရက်စသော သစ်ပင်များ ရံလျက် တည်ရှိပါကုန်၏။ အမျိုးမျိုးသော ငှက်အပေါင်းတို့၏ ပျံသန်းလှည့်လည်ခြင်းတို့ဖြင့်ပြွမ်းလျက်ရှိပါကုန်၏။ အသံသာယာကုန်သော ဥဒေါင်း, ကြိုးကြာနှင့် ဥသြငှက် စသည်တို့ဖြင့် မြည်တွန်ကြွေးကြော်ကာ အမြဲပို၍နေထိုင်ရာ ဖြစ်ပါကုန်၏။

(၇၉) ဤလေးထောင့် ရေကန်ကြီး၌ 'အသက်ရှည်ပါစေ–အသက်ရှည်ပါစေ' ဟု မြည်တမ်းသော ဇီဝငှက်သံရှိပါ၏။ ထိုမှတစ်ပါး 'ဥဋ္ဌေဟိ စိတ္တ၊ ဥဋ္ဌေဟိစိတ္တ' ဟု မြည်တမ်းသော(ဝါ–စိတ်ထလော့၊ စိတ်ထလော့'ဟု မြည်တမ်းသော) ငှက်တို့လည်း ရှိပါကုန်၏။ တောကြက်, ရွှေပုစွန်လုံးတို့လည်း ရှိပါကုန်၏။ ပဒုပာ ကြာတော၌ ပေါက္ခရသာတကမည်သော ငှက်တို့လည်း ရှိပါကုန်၏

(၈၀) ဤလေးထောင့် ရေကန်ကြီး၌ ကျေးသား,သာလိကာတို့ ပြည်သံများလည်း ရှိပါကုန်၏။ လူ၏မျက်နှာကဲ့သို့ မျက်နှာရှိသော ရွှေလုံတ ကိုင်ထောက်၍ ကြာရက်၌ လှည့်လည်

သော ကိန္နရာငှက်တို့လည်း ရှိပါကုန်၏။ ကုဝေရနတ်မင်း၏ ကြာပဒုမာအိုင်ဖြစ်သော ထိုဝရဏီမည်သော ရေကန်ကြီးသည် ဥတုသုံးပါးလုံး အခါခပ်သိမ်း တင့်တယ်ပါ၏။

(၈၁) ထိုအရပ်သည် ဤစည်းဝေးရာနေရာမှ မြောက်အရပ်ပည်ပါ၏။ များသော အခြံအရံရှိသော၊ နတ်ဘီလူးတို့ကို အစိုးရသော ကုဝေရပည်သောနတ်မင်းကြီးသည်အကြင်အရပ်ကိုစောင့်၏။ ထိုအရပ်ကိုလူအများတို့သည် မြောက်အရပ်ဟုခေါ်ပါကုန်၏။ ထို ကုဝေရနတ်မင်းကြီးသည် နတ်ဘီးလူးတို့ခြံရံလျက် ကခုန် သီဆိုခြင်း တို့ဖြင့် ပျော်မွေ့လျော်၏။

(၈၂) ထိုကုဝေရနတ်မင်းကြီး၏ သားတို့သည်လည်း များလှကုန်၏၊ တူသော အမည်ရှိကုန်၏-ဟု ကြားဖူးပါ၏။ ကိုးကျိပ်တစ်ယောက် ရှိပါကုန်၏။ ဣန္ဒအမည် ရှိပါကုန်၏။ ခွန်အားကြီးပါကုန်၏။

(၈၃) ထိုကုဝေရနတ်မင်းကြီး၏ သားတို့သည်လည်း သစ္စာလေးပါးကို သိတော်မူသော၊ နေမင်း၏ အဆွေဖြစ်တော်မူသော၊ ကြီးမြတ်တော်မူသော၊ ကြောက်ရွံ့ခြင်းကင်း ရှိတင်းတော်မူသော ဘုရားရှင်ကို မြင်သော် အဝေးကပင်လျှင် ရှိခိုးပါကုန်၏။

(၈၄) ယောကျ်ားအာဇာနည် ဖြစ်တော်မူသော မြတ်စွာဘုရား၊ ရှင်တော် မြတ်ဘုရားအား ရှိခိုးပါ၏။ ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား၊ ရှင်တော်မြတ်ဘုရားအား ရှိခိုးပါ၏။ ရှင်တော်မြတ်ဘုရားသည် အပြစ်မရှိသော သဗ္ဗညုတဉာဏ်တော်ဖြင့် သတ္တဝါအပေါင်းကို ပမြော်ကြည့်ရှုတော်မူ၏။ ဤသို့ဆို၍ လူမှုတစ်ပါး နတ်ဘီလူးစသော သူတို့သည်လည်း ရှင်တော်ဘုရားကို ရှိခိုးကုန်၏။ ဤအကြောင်းကို အကျွန်ုပ်တို့သည် မပြတ်ကြားအပ်၏။ ထိုကြောင့် အကျွန်ုပ်တို့ ဤသို့ ဆိုပါကုန်၏။

(၈၅) မာရ်ငါးပါးကို အောင်တော်မူသော ဂေါတမမြတ်စွာဘုရားကို သင်တို့ရှိခိုး ကြကုန်လော့။ မာရ်ငါးပါးကို အောင်တော်မူသော ဂေါတမမြတ်စွာဘုရားကို ငါတို့ ရှိခိုး ကြကုန်၏။ ဤသို့ အကျွန်ုပ်တို့ မေးကြသောအခါ ပြန်ဆိုကြကုန်၏။ အသိဉာဏ်'ဝိဇ္ဇာ'၊ အကျင့်'စရဏ'တရားတို့နှင့် ပြည့်စုံတော်မူသော ဂေါတမမြတ်စွာဘုရားကို အကျွန်ုပ်တို့သည ရှိခိုးပါကုန်၏ဘုရား ။

(၈၆) အရှင်ဘုရား၊ ဤအာဋာနာဋိယ ပရိတ် အစောင့်အရှောက်သည် ရဟန်း ယောကျ်ား၊ ရဟန်းမိန်းမ၊ ဥပါသကာ၊ ဥပါသိကာ ဤလေးပါးသော ပရိသတ်တို့၏ အကာအကွယ်

အစောင့်အရှောက်ဖြစ်ခြင်း၄ ၁ မပင်ပန်း မဆင်းရဲစေခြင်း၄ ၁ ချမ်းသာစွာနေရခြင်း၄ ၁ ဖြစ်ပါ၏။

(၈၇) အရှင်ဘုရား၊ တစ်စုံတစ်ယောက်သော ရဟန်းယောကျ်ားသည်လည်းကောင်း၊ ရဟန်းမိန်းမသည်လည်းကောင်း၊ ဥပါသကာ ယောကျ်ားသည်လည်းကောင်း၊ ဥပါသိကာ မိန်းမသည်လည်းကောင်း ဤအာဋာနာဋိယ ပရိတ်အရံအတား ဓမ္မမန္တန်မန္တရားကို ကောင်းစွာ သင်ယူအပ်သည်၊ ပြည့်စုံစွာ အဖန်ဖန် လေ့လာအပ်သည် ဖြစ်လတ္တံ့။

(၈၈) ထိုသို့ကောင်းစွာ သင်ယူအပ်သည် ပြည့်စုံစွာ အဖန်ဖန် လေ့လာအပ်သည်ရှိသော် လူမဟုတ်သော နတ်ဘီလူးသည်လည်းကောင်း၊ နတ်ဘီလူးမ သည်လည်းကောင်း၊ နတ်ဘီလူးငယ်သည် လည်းကောင်း၊ နတ်ဘီလူးမငယ်သည် လည်းကောင်း၊ နတ်ဘီလူးအမတ်ကြီးသည် လည်းကောင်း၊ အခြံအရံဘီလူးသည် လည်းကောင်း၊ အလုပ်အကျွေး ဘီလူးသည်လည်းကောင်း။

ဂန္ဓဗ္ဗနတ်သည်လည်းကောင်း၊ ဂန္ဓဗ္ဗ နတ်သမီးသည်လည်းကောင်း၊ ဂန္ဓဗ္ဗနတ်ကလေးသည်လည်းကောင်း၊ ဂန္ဓဗ္ဗနတ်သမီးကလေးသည်လည်းကောင်း၊ ဂန္ဓဗ္ဗနတ်အမတ်ကြီးသည် လည်းကောင်း၊ အခြံအရံ ဂန္ဓဗ္ဗနတ်သည်လည်းကောင်း၊ အလုပ်အကျွေး ဂန္ဓဗ္ဗနတ်သည်လည်းကောင်း။

ကုမ္ဘဏ်သည်လည်းကောင်း၊ ကုမ္ဘဏ်မသည် လည်းကောင်း၊ ကုမ္ဘဏ် ကလေး သည် လည်း ကောင်း၊ ကုမ္ဘဏ် မ ကလေးသည် လည်းကောင်း၊ ကုမ္ဘဏ်အမတ်ကြီးသည်လည်းကောင်း၊ အခြံအရံ ကုမ္ဘဏ်သည်လည်းကောင်း၊ အလုပ်အကျွေး ကုမ္ဘဏ်သည် လည်းကောင်း။

နဂါးသည် လည်းကောင်း၊ နဂါးမသည် လည်းကောင်း၊ နဂါးကလေးသည်လည်းကောင်း, နဂါးမကလေးသည် လည်း ကောင်း၊ နဂါးအမတ်ကြီးသည်လည်းကောင်း၊ အခြံအရံ နဂါး သည်လည်းကောင်း၊ အလုပ်အကျွေးနဂါးသည်လည်းကောင်း- ဖျက်ဆီးလိုသော စိတ်ရှိသည်ဖြစ်၍ ရဟန်းယောကျ်ားကိုသော် လည်းကောင်း၊ ရဟန်းမိန်းမကို သော် လည်း ကောင်း၊ ဥပါ သကာယောကျ်ားကို သော် လည်း ကောင်း၊ ဥပါသိကာမကို သော်လည်းကောင်း သွားနေစဉ် အစဉ်လိုက်၍ သွားငြားအံ့။ ရပ်နေစဉ် ကပ်၍ ရပ်ငြားအံ့၊ ထိုင်နေစဉ် ကပ်၍ ထိုင်ငြားအံ့၊ အိပ်နေစဉ် ကပ်၍ အိပ်ငြားအံ့။

(၇၉) အရှင်ဘုရား၊ ဤဘီလူးသည် ရွာတို့၌ လည်း ကောင်း၊ နိဂုံးတို့၌လည်းကောင်း၊ အရိုအသေပြုခြင်း ပူဇော် သက္ကာရ ကို လည်း ကောင်း၊ အလေးအမြတ် ပြုခြင်းကို လည်း ကောင်း မရရာ။

အရှင်ဘုရား၊ ဤဘီလူးသည် အာလကမန္ဒာ နာမသင်းကြည် နတ်မင်းနေပြည်၌ စံစားစရာ ဗိမာန်အိမ်ရာကို လည်းကောင်း, အမြဲနေခြင်းကိုလည်းကောင်း မရနိုင်။ အရှင်ဘုရား ဤဘီလူးသည် နတ်ဘီလူးသည် နတ်ဘီလူးတို့၏ အစည်းအဝေးသို့ တက်ရောက်ခွင့် မရနိုင်။

(၉၀) အရှင်ဘုရား....၊ ထို ဘီလူးကို အခြားဘီလူး များက သားပေး, သမီးယူ ဆက်ဆံခြင်းအမှု မပြုကြတော့ကုန်။ အရှင်ဘုရား၊ ထိုဘီလူးကို အခြား ဘီလူးများက မျက်စိကြောင်သူ, သွားခေါသူ စသည်ဖြင့် ကိုယ်နှင့် စပ်ကုန်သော နတ်ဘီလူးတို့၏ ဆဲရေးခြင်းမျိုးစုံတို့ဖြင့် ဆဲရေးကုန်ရာ၏။

အရှင်ဘုရား ..၊ထိုဘီလူးကို အခြား ဘီလူးများက သူ၏ ဦးခေါင်း၌ အလျံပြောင်ပြောင်တောက်လောင်သော သံခွက်ကို မှောက်ထားကုန်ရာ၏။ အရှင်ဘုရား၊ ထို ဘီလူးကို အခြားသော ဘီလူးများက သူ၏ဦးခေါင်းကို ခုနစ်ဝိပ်ခွဲလည်း ခွဲကုန်ရာ၏။

(၉၁) အရှင်ဘုရား....၊အမျက်ဒေါသကြီးကုန်သော၊ နှောင့်ယှက်ဘတ်ကုန်သော၊ နှိပ်စက်တတ်ကုန်သောဘီလူးတို့သည် ရှိပါကုန်၏။ ထို ဘီလူးတို့သည် နတ်မင်း ကြီး တို့ ၏ (စကားကို)မနာယူကြပါကုန်။ နတ်မင်းကြီးတို့၏ ဘီလူးစစ်သူကြီးတို့၏ (စကားကို) မနာယူပါကုန်။ နတ်မင်းကြီးတို့၏ မင်းချင်းတို့၏ (စကားကို) မနာယူကြပါကုန်။

အရှင်ဘုရား....ထိုဘီလူးတို့ကို အခြားဘီလူးများက နတ်မင်းကြီးတို့၏ ဆန့်ကျင်ဘက်ရန်သူများဟူ၍ ဆိုအပ်ပါကုန်၏။

(၉၂) အရှင်ဘုရား.... ဥပမာအားဖြင့် မာဂဓတိုင်းကိုအစိုးရသောမင်းကြီး၏ နိုင်ငံ၌ ခိုးသူတို့ရှိပါကုန်၏။ ထိုခိုးသူကြီးတို့သည် မာဂဓတိုင်းကို အစိုးရသောမင်းကြီး၏(စကားကို) မနာယူကြပါကုန်။ မာဂဓတိုင်းကို အစိုးရသော မင်းကြီး၏ စစ်သူကြီးတို့၏ (စကားကို) မနာယူကြပါကုန်။ မာဂဓတိုင်းကို အစိုးရသော မင်းကြီး၏ စစ်သူကြီးတို့၏ မင်းချင်းတို့၏ (စကားကို)မနာယူကြပါကုန်။

အရှင်ဘုရား၊ထိုခိုးသူကြီးတို့ကို မာဂဓတိုင်းကို အစိုးရသော မင်းကြီး၏ ဆန့်ကျင်ဘက် ရန်သူတို့ဟူ၍ ဆိုအပ်ပါကုန်၏

(၉၃) အရှင်ဘုရား၊ ဤအတူ အမျက်ဒေါသကြီးကုန်သော၊ နှောင့်ယှက်တတ်ကုန်သော၊ နိုပ်စက်တတ်ကုန်သော ဘီလူးတို့သည် ရှိပါကုန်၏။ ထိုဘီလူးတို့သည် နတ်မင်းကြီးတို့၏ (စကားကို) မနာယူကြပါကုန်၊ နတ်မင်းကြီးတို့၏ ဘီလူးစစ်သူကြီးတို့၏ (စကားကို) မနာယူကြပါကုန်။ နတ်မင်းကြီးတို့၏ ဘီလူးစစ်သူကြီးတို့၏ မင်းချင်းတို့၏ (စကားကို) မနာယူကြပါကုန်

အရှင်ဘုရား၊ ထိုဘီလူးတို့ကို အခြားဘီလူးတို့က နတ်မင်းကြီးတို့၏ ဆန့်ကျင်ဘက် ရန်သူတို့ ဟူ၍ ဆိုအပ်ပါကုန်၏။

(၉၄) အရှင်ဘုရား၊ တစ်စုံတစ်ယောက်သော နတ်ဘီလူးသည်လည်းကောင်း၊ နတ်ဘီလူးမ သည် လည်း ကောင်း၊ နတ်ဘီလူးငယ်သည်လည်းကောင်း၊ နတ်ဘီလူးမငယ်သည်လည်းကောင်း၊ နတ်ဘီလူးအမတ်ကြီးသည်လည်းကောင်း၊ အခြံအရံဘီလူး သည် လည်းကောင်း၊ အလုပ်အကျွေး ဘီလူးသည်လည်းကောင်း။–

ဂန္ဓဗ္ဗနတ်သည်လည်းကောင်း၊ ဂန္ဓဗ္ဗနတ် သမီးသည် လည်းကောင်း၊ ဂန္ဓဗ္ဗနတ်ကလေးသည်လည်းကောင်း၊ ဂန္ဓဗ္ဗနတ်သမီးကလေးသည်လည်းကောင်း၊ ဂန္ဓဗ္ဗနတ်အမတ်ကြီးသည် လည်းကောင်း၊ အခြံအရံ ဂန္ဓဗ္ဗနတ်လည်းကောင်း၊ အလုပ်အကျွေးဂန္ဓဗ္ဗနတ်သည်လည်းကောင်း။–

ကုမ္ဘဏ်သည်လည်းကောင်း၊ ကုမ္ဘဏ်မသည်လည်းကောင်း၊ ကုမ္ဘဏ် ကလေး သည် လည်းကောင်း၊ ကုမ္ဘဏ်မကလေးသည်လည်းကောင်း၊ ကုမ္ဘဏ်အမတ်ကြီးသည်လည်းကောင်း၊ အခြံအရံကုမ္ဘဏ်သည် လည်း ကောင်း၊ အလုပ်အကျွေး ကုမ္ဘဏ်သည်လည်းကောင်း။

နဂါးသည်လည်းကောင်း၊ နဂါး မ သည် လည်း ကောင်း၊ နဂါးကလေးသည် လည်းကောင်း၊ နဂါးမကလေး သည်လည်း

ကောင်း၊ နဂါးအမတ်ကြီးသည်လည်းကောင်း၊ အခြံအရံနဂါးသည်လည်းကောင်း၊ အလုပ်အကျွေး နဂါးသည်လည်းကောင်း၊ ဖျက်ဆီးလိုသော စိတ်ရှိသည်ဖြစ်၍—

ရဟန်းယောကျ်ားကိုသော်လည်းကောင်း၊ ရဟန်းမိန်းမကို သော်လည်း ကောင်း၊ ဥပါသကာ ကို သော် လည်း ကောင်း၊ ဥပါသိကာမကိုသော်လည်းကောင်း သွားနေစဉ် အစဉ်လိုက်၍ သွားငြားအံ့၊ ရပ်နေစဉ် ကပ်၍ရပ်ငြားအံ့။ ထိုင်နေစဉ် ကပ်၍ ထိုင်ငြားအံ့၊ အိပ်နေစဉ် ကပ်၍ အိပ်ငြားအံ့။

(၉၅) ဤနတ်များ, ဘီလူးများ၊ ဤနတ်ကြီး, ဘီလူးကြီး များ၊ စစ်သူကြီးများ, စစ်မဟာသေနာပတိကြီးများ တို့ကို သိစေအပ်, တိုင်တန်းအပ်, ပြောကြားအပ်၏။ "ဤဘီလူး သည် (ဤသူကို) ဖမ်းစား၏။ ဤဘီလူးသည် ပူးဝင်၏။ ဤဘီလူးသည် နှိပ်စက်၏။ ဤဘီလူးသည် ညှဉ်းဆဲ၏။ ဤဘီလူး သည် ဆင်းရဲစေ၏။ ဤဘီလူးသည် ပင်ပန်းစေ၏။ ဤဘီလူး သည် မလွှတ်လို"ဟု- သိစေအပ်၊ တိုင်တန်းအပ်၊ ပြောကြား အပ်၏။

အဘယ်မည်သော နတ်များ, ဘီလူးများ၊ နတ်ကြီး, ဘီလူး ကြီးများ၊ စစ်သူကြီးများ၊ စစ်မဟာသေနာပတိကြီးများတို့ကို သိစေအပ်၊ တိုင်တန်းအပ်၊ ပြောကြားအပ်သနည်းဟူမူ။-

# ဘီလူး၊ ဂန္ဓဗ္ဗ၊ ကုမ္ဘဏ်၊ နဂါးတို့ ဖမ်းစားလျှင် တိုင်ကြားစရာနတ်စစ်သူကြီးများ

(၉၆) ဣန္ဒနတ်မင်း၊ သောမနတ်မင်း၊ ဝရုဏနတ်မင်း၊ ဘာရဒွါဇနတ်မင်း၊ ပဇာပတိနတ်မင်း၊ စန္ဒနနတ်မင်း၊ ကာမသေဋ္ဌနတ်မင်း၊ ကိန္နိဃဏ္ဍုနတ်မင်း၊ နိဃဏ္ဍုနတ်မင်း။

(၉၇) ပနာဒနတ်မင်း၊ ဩပမညနတ်မင်း၊ နတ်ရထားထိန်း မာတလိနတ်မင်း၊ စိတ္တဂန္ဓဗ္ဗနတ်၊ သေနဂန္ဓဗ္ဗနတ်၊ စိတ္တသေန ဂန္ဓဗ္ဗနတ်၊ နဠကာရကနတ်မင်း၊ ဇနေသဘနတ်မင်း။

(၉၈) သာတာဂိရိတောင်နတ်မင်း၊ ဟေမဝတတောင်နတ်မင်း၊ ပုဏ္ဏကနတ်မင်း၊ ကရတိယနတ်မင်း၊ ဂုဠနတ်မင်း၊ သိဝကနတ်မင်း၊ မုစလိန္ဒနတ်မင်း၊ ဝေဿာမိတ္တတောင်နတ်မင်း၊ ယုဂန္ဓရတောင်နတ်မင်း။

(၉၉) ဂေါပါလနတ်မင်း၊ သုပရောဓနတ်မင်း၊ ဟိရိနတ်မင်း၊ နေတ္တိနတ်မင်း၊ မန္ဒိယနတ်မင်း၊ ပဉ္စာလစဏ္ဍနတ်မင်း၊ အာဠဝကနတ်မင်း၊ ပဇ္ဇုန္နနတ်မင်း၊ သုမနနတ်မင်း၊ သုမုခနတ်မင်း၊ ဒဓိမုခနတ်မင်း၊ မဏိနတ်မင်း၊ မာဏိနတ်မင်း၊ ဝရနတ်မင်း၊ ဒီဃနတ်မင်း-ဟူသောဘီလူးများနတ်များနှင့်တကွ သေရိသကနတ်မင်းတို့တည်း။

(၁၀၀) ဤနတ်များ၊ ဘီလူးများ၊ နတ်ကြီး, ဘီလူးကြီးများ၊ စစ်သူကြီးများ၊ စစ်မဟာသေနာပတိကြီးများတို့ကို သိစေအပ်၊ တိုင်တန်းအပ်၊ ပြောကြားအပ်၏။

''ဤဘီလူးသည် (ဤသူကို) ပမ်းစား၏။ ဤဘီလူးသည် ပူးဝင်၏။ ဤဘီလူးသည်နှိပ်စက်၏။ ဤဘီလူးသည် ညှဉ်းဆဲ၏။ ဤဘီလူးသည် ဆင်းရဲစေ၏။ ဤဘီလူးသည် ပင်ပန်းစေ၏။ ဤဘီလူးသည် မလွှတ်လို''ဟု- သိစေအပ်၊ တိုင်တန်းအပ်၊ ပြောကြားအပ်၏။

(၁၀၁) အရှင်ဘုရား၊ ဤအာဠာနာဋိယသုတ်သည် ပရိတ် အရံအတားသည် ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဥပါသကာ, ဥပါသိကာ ဤလေးလီသော ပရိသတ်တို့၏ အကာအကွယ် အစောင့်အရှောက်ဖြစ်ခြင်းငှာ၊ မပင်ပန်း မဆင်းရဲစေခြင်းငှာ၊ ချမ်းသာစွာ နေရခြင်းငှာဖြစ်ပါ၏။

(၁၀၂) ''အရှင်ဘုရား၊ ယခုအခါ အကျွန်ုပ်တို့ သွားပါကုန်အံ့။ အကျွန်ုပ်တို့သည် ကိစ္စများပါကုန်၏။ အကျွန်ုပ်တို့သည် ပြုဖွယ်များပါကုန်၏-''ဟူ၍ (လျှောက်ထား၏။)

''နတ်မင်းကြီးတို့၊ ယခုအခါ၌ သွားရန်အချိန် သင်တို့သိကုန်၏''။(သွားရန်မှာ သင်တို့၏ အလိုအတိုင်းပင်ဖြစ်၏)- ဟု (ငါမိန့်ဆို၏)။

(၁၀၃) ရဟန်းတို့၊ ထိုအခါ နတ်မင်းကြီးလေးယောက်တို့သည် နေရာမှထကာ ငါဘုရားကို ရှိသေစွာ ရှိခိုးကုန်ပြီး၍ လက်ယာရစ်လှည့်သည်ကို ပြုကုန်ပြီးလျှင် ထိုအရပ်၌ပင် ကွယ်ပျောက်ကုန်၏။

ရဟန်းတို့၊ ထိုနတ်ဘီလူးတို့သည် နေရာမှ ထကုန်၍ အချို့သော နတ်ဘီလူးတို့သည် ငါဘုရားကို အလွန်ရိုသေစွာ ရှိခိုးကုန်ပြီး၍ လက်ယာရစ်လှည့်လည်သည်ကို ပြုကုန်ပြီးလျှင် ထိုအရပ်၌ပင် ကွယ်ပျောက်ကုန်၏။

အချို့နတ်ဘီလူးတို့သည် ငါဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကား ပြောကြားကြကုန်၏။ ဝမ်းမြောက်ဖွယ်ရာဖြစ်သော အသက်ထက်ဆုံး အောက်မေ့ အမှတ်ရဖွယ်စကားကို ပြောဆိုပြီးဆုံးစေကုန်ပြီး၍ ထိုအရပ်၌ပင် ကွယ်ပျောက်ကုန်၏။

အချို့သော နတ်တို့သည် အကြင်အရပ်၌ ငါဘုရားရှိတော်မူ၏။ ထိုငါဘုရားရှိရာသို့ လက်အုပ်ချီပုံး ဦးညွှတ်ကျိုးကုန်လျက် ထိုအရပ်၌ပင် ကွယ်ပျောက်ကုန်၏။ အချို့သော နတ်

ဘိလူးတို့သည် (မိမိတို့) အပည်အနွယ်များကို လျှောက်ထား ပြောကြား၍ ထိုအရပ်၌ပင် ကွယ်ပျောက်ကုန်၏။

အချို့သော နတ်တို့သည် တိတ်ဆိတ်ငြိမ်သက်စွာ နေကုန်သည်ဖြစ်၍ ထိုအရပ်မှကွယ်ပျောက်ကုန်၏။

(၁၀၄) ရဟန်းတို့၊ အာဋ္ဌာနာဋိယ မည်သော ဝမ္မ မန္တန် မန္တရား ပရိတ်အရံအတားကို လုံ့လဝန်းဆူ သင်ယူကြကုန်လော့။

ရဟန်းတို့....၊ အာဋ္ဌာနာဋိယမည်သော ဝမ္မ မန္တန်မန္တရား ပရိတ်အရံအတား ကို ပန်ပန်ထပ်ကာ လေ့လာကြကုန်လော့။

ရဟန်းတို့ ၊ အာဋ္ဌာနာဋိယ မည်သော ဝမ္မ မန္တန် မန္တရား ပရိတ်အရံအတားကို မ ပျောက် ပျက် အောင် ဆောင် ထား ကြကုန်လော့၊

ရဟန်းတို့....၊ အာဋ္ဌာနာဋိယမည်ပြား ဝမ္မ မန္တန် မန္တရား ပရိတ် အရံ အ တား သည် ''ရဟန်း ယောကျ်ာ , ရဟန်း မိန်း မ, ဥပါသကာ,ဥပါသကိ ဤလေးလီသော ပရိသတ်တို့၏ အကာ အကွယ် အစောင့် အရှောက် ဖြစ်ခြင်းငှာ, လုံခြုံစေခြင်းငှာ,

မပင်ပန်း မဆင်းရဲစေခြင်းငှာ, ချမ်းသာစွာနေရခြင်းငှာဖြစ်၏’ ဟု (မိန့်တော်မူ၏။)

အာနန္ဒာရာယ်ကင်းလတ် ဤမဟာအာဠာနာဋိယ သုတ္တန်တရားတော်မြတ်ကို ဘုန်းတော်ကြီးမား ရှင်တော်မြတ်ဘုရားသည် ဟောကြားတော်မူ၏။ ထိုရဟန်း ‘ပရိသည်’ ရွှင်လန်းဝမ်းမြောက်ကုန်သည်ဖြစ်၍ မြတ်စွာဘုရား၏ ဟောကြားတော်မူသော တရားတော်ကို သာဓု – သာဓု – သာဓု – ဟု နှုတ်သံမြွက်ကာ လွန်စွာနှစ်သက်ကြကုန်ပြီ။

မဟာအာဠာနာဋိယ သုတ္တန်ဒေသနာတော်သည်
ဤတွင်ပြီးလတ် အဆုံးသတ်ပြီ
(ဤတွင် မဟာအာဠာနာဋိယသုတ်တော်
မြန်မာပြန်–အလုံးစုံပြီးပြီ။)

# ပါဍ္ဎ ပါဏ္ဍ ဆဍ္ဍ

## အသံထွက် ရွတ်ဖတ်ပုံ အညွှန်း

ဤပရိတ်ကြီး ၁၁ · သုတ်ပါ၊ အာဋာနာဋိယ ပါဠိ နိဿယ နှင့် မဟာအာဋာနာဋိယသုတ်တော် ၂ · စောင်တွဲ ကျမ်းပါ · ပါဠိ ပါဠိဆင့်များကို အလွယ်တကူ အသံထွက် ရွတ်ဖတ်တတ်ရန် ဤကျမ်းတွင်ပါသမျှ ခက်ခဲမည်ထင်သော ပါဠိများကို အသံထွက်ညွှန်း၍ (က) မှ (အ) အထိ ပြထားပါသည်။

## အထူးမှာထားချက်

ပါဠိများကို အသံထွက် ရွတ်ဖတ်ကြရာ၌ အထူးသတိပြုရန် အချက်များ ရှိပါသည် -

( ၁ ) ပါဠိ၌ ရ,ကောက်ဟူသမျှကို လျှာလိပ်သံ ရွတ်ဆိုရန်၊ ယ,ပလက်သံ မထွက်ရန်၊

အင်္ဂလိပ် **R.** အက္ခရာ အသံ ထွက်ကဲ့သို့ ထွက်ရန်၊

( ၂ ) ပါဠိများကို ဝစ္စပေါက်, အောက်မြစ်သံများဖြင့် မဆိုရန်၊

ပါဠိ၌ ဝစ္စပေါက်, အောက်ကမြစ် မရှိကြောင်း သတိပြုကြရန်တို့ ဖြစ်ပါသည်။

## ပရိတ်ကြီး (၁၁) သုတ်ပါ

# အာဋာနာဋိယပါဠိနိဿယနှင့်

# မဟာအာဋာနာဋိယ သုတ်တော်ကြီး မှ

## ပါဠိ ပါဠိဆင့်နှင့် အသံထွက်နည်း

## (က)

| | | |
|---|---|---|
| ကကုသန္ဓဿ | - | ကကုသန်ဓတ်သ |
| ကတွာ | - | ကတ်တဝါ |
| ကပ္ပိယော | - | ကပ်ပိယော |
| ကရေယျုံ | - | ကရင်ယုံ |
| ကတ္တိကာ | - | ကတ်တိကာ |
| ကဿပဿ စ | - | ကတ်သပတ်သ စ |
| ကသိဝန္တော | - | ကသိဝန်တော |
| ကဿစိ | - | ကတ်သစိ |
| ကမ္ဗလသေဋ္ဌဉ္စ | - | ကမ်ပလသစ်ထင် စ |
| ကမ္ဗလသေဋ္ဌော စ | - | ကမ်ပလသစ်ထော စ |
| ကာမသေဋ္ဌော | - | ကာပသစ်ထော |
| ကာလဉ္စ | - | ကာလင် စ |
| ကာမေသုမိစ္ဆာစာရာ | - | ကာမေသုပိတ်ဆာစာရာ |
| ကိဿ | - | ကိတ်သ |

## ပါဠိပါဌ်ဆင့်အသံထွက်အညွှန်း

| | |
|---|---|
| ကိဉ္စိ | – ကိန်စိ |
| ကိန္နု ဃဏ္ဍု | – ကိန်နုဂန်ဒု |
| ကုဝေရဿ | – ကုဝေရတ်သ |
| ကုက္ကုဋကာ | – ကုတ်ကုတကာ |
| ကုမာရိံ | – ကုမာရိန် |
| ကုမ္ဘဏ္ဍိ | – ကုမ်ဘန်ဒိ |
| ကုမ္ဘဏ္ဍသေနာယ | – ကုမ်ဘန်ဒသေနာယ |
| ကုမ္ဘဏ္ဍော | – ကုမ်ဘန်ဒေါ |
| ကုမ္ဘဏ္ဍာနံ | – ကုမ်ဘန်ဒါနံ |
| ကုမ္ဘဏ္ဍေဟိ | – ကုမ်ဘန်ဒေဟိ |
| ကေဝလကပ္ပံ | – ကေဝလကပ်ပံ |
| ကောဏာဂမနဿ | – ကောဏာဂမနတ်သ |

# ပညာအလင်းပြ

## ( ဂ )

ဂန္ဓဗ္ဗသေနာယ - ဂန်ဓပ်ဗသေနာယ
ဂမ္ဘီရော - ဂန်ဘီရော
ဂန္ဓဗ္ဗာနံ - ဂန်ဓပ်ဗာနံ
ဂန္ဓဗ္ဗေဟိ - ဂန်ဓမ်ဗေဟိ
ဂန္ဓဗ္ဗော - ဂန်ဓပ်ဗော
ဂန္ဓဗ္ဗိ - ဂန်ဓပ်ဗိ
ဂန္ဓဗ္ဗပေါတိကာ - ဂန်ဓပ်ဗပေါတိကာ
ဂန္ဓဗ္ဗမဟာမတ္တော - ဂန်ဓပ်ဗမဟာမတ်တော
ဂန္ဓဗ္ဗပါရိသဇ္ဇော - ဂန်ဓပ်ဗပါရိသဇ်ဇော
ဂစ္ဆန္တံ - ဂစ်ဆန်တံ
ဂန္တုံ - ဂန်တုံ
ဂဏှာတိ - ဂန်နှာတိ
ဂစ္ဆာမ - ဂစ်ဆာမ
ဂါဝိံ - ဂါဝိန်
ဂိဇ္ဈကူဋေ - ဂိတ်ဇကူတေ
ဂိဇ္ဈကူဋံ - ဂိတ်ဇကူတံ
ဂုတ္တိယာ - ဂုတ်တိယာ
ဂုတ္တိယဉ္စ - ဂုတ်တိယင် စ
ဂုမ္ဗံ - ဂုပ်ဗန်

## ပါဠိပါဌ်ဆင့်အသံထွက်အညွှန်း

### ( စ )

| | |
|---|---|
| စက္ခုမန္တဿ | - စက်ခုမန်တတ်သ |
| စတ္တာရော | - စတ်တာရော |
| စတုဒ္ဒိသံ | - စတုတ်ဒိသံ |
| စန္ဒာ | - စန်ဒါ |
| စန္ဒနော | - စန်ဒနော |
| စန္ဒဉ္စ | - စန်ဒင်စ |
| စိတ္တသေနော | - စိတ်တသေနော |
| စောဂ္ဂဿတိ | - စောက်ဂစ်ဆတိ |
| စောဂ္ဂတေ | - စောက်ဂတေ |
| စောဂ္ဂဿမာနဿ | - စောက်ဂစ်ဆမာနတ်သ |

---

### ( ဇ )

| | |
|---|---|
| ဇာဂရန္တံ | - ဇာဂရန်တံ |
| ဇာနန္တိ | - ဇာနန်တိ |
| ဇာယန္တိ | - ဇာယန်တိ |
| ဇိဝဉ္ဇိဝက သဒ္ဒေါဋ္ဌ | - ဇိဝင်ဇိဝက သတ်ဒစ်ထ |

## ( ဌ )

ဌပေတွာ - ထပစ်တဝါ

---

## ( တ )

တတ္တလာ - တတ်တလာ
တတ္ထ - တတ်ထ
တဿ - ဟတ်သ
တသ္မာ - တတ်သမာ
တပဿိနော - တပတ်သိနော
တဏ္ဍုလပ္ပလံ - တန်ဒုလပ်ဖလံ
တတ္ထေဝ န္တရဓာယိံသု - တတ်ထေဝန်တရဓာယ်န်သု
တုဏ္ဍိကီရေ - တုန်ဒိကီရေ
တုဏှိဘာဝေန - တုန်နှိဘာဝေန
တုဏှိဘူတာ - တုန်နှိဘူတာ
တုငှ - တုန်မှ
တေနဉ္ဇလိံ - တေနင်ဇလိန်
တေနုပသင်္ကမိံသု - တေနုပသင်ကမိန်သု

## ပါဠိပါဌ်ဆင်အသံထွက်အညွှန်း

### ( ဒ )

ဒက္ခိဏာ – ဒက်ခိနာ
ဒဏ္ဍမာဏဝကာနိ စ – ဒန်ဒမာနဝကာနိ စ
ဒက္ခိဏသ္မိံ – ဒက်ခိနတ်သမိန်
ဒိသွာန – ဒိတ်သဝါန
ဒိပ္ပံ – ဒိပ်ပန်
ဒေဝမနုဿာနံ – ဒေဝမနုတ်သာနံ

——

### ( ဓ )

ဓတရဋ္ဌော – ဓတရတ်ထော
ဓရဋ္ဌော – ဓရတ်ထော
ဓရဋ္ဌဉ္စ – ဓရတ်ထင် စ
ဓမ္မေ – ဓမ်မေ
ဓမ္မံ – ဓမ်မံ

# ( န )

နမတ္ထု – နမတ်ထု

နမဿန္တိ – နမတ်သန်တိ

နစ္စဂိတေဟိ – နစ်စဂိတေဟိ

နင်္ဂလာ – နင်ဂလာ

န မုဋ္ဌိတိ''တိ – နှ,မုန်ဋတိ''တိ

နာဂါနုဋ္ဌ – နာဂါနင်ဋ

နာဂမဟာမတ္တော – နာဂပဟာမတ်တော

နာဂပါရိသဇ္ဇော – နာဂပါရိသစ်ဇော

နာမဂေါတ္တံ – နာမဂွတ်တံ

နှာတကဿ – နှာတကတ်သ

နိဿိဒိံသု – နိသိဒိန်သု

နိသိန္နော – နိသိန်နော

နိဗ္ဗုတာ – နိပ်ဗုတာ

နိရုဇ္ဈတိ – နိရုတ်ဇတိ

ပါဠိပါဌ်ဆင့်အသံထွက်အညွှန်း

နိစ္စပလာ - နိတ်စပလာ
နိသိန္နံ - နိသိန်နံ
နိပန္နံ - နိပန်နံ
နိက္ကုဇ္ဇေယျုံ - နိတ်ကုတ်ဇင်ယုံ
နိဃဏ္ဍု - နိဂန်ဍု
နိယန္တိ - နိယန်တိ
နေတ္တိ - နစ်တိ

---

## ( ပ )

ပကာသေန္တိ - ပကာသင်တိ
ပစ္စေသန္တော - ပစ်စေသန်တော
ပဉ္စာလစဏ္ဍော - ပင်စာလစန်ဒေါ
ပစ္ဆိမသ္မိံ - ပစ်ဆိမတ်သမိန်
ပဒက္ခိဏံ - ပဒက်ခိန်
ပတာယန္တိ - ပတာယန်တိ
ပတ္တံ - ပတ်တံ
ပဋိသေဝန္တိ - ပဋိသေဝန်တိ
ပဋိသလ္လာနသာရုပ္ပါနိ - ပဋိသန်လာနသာရုပ်ပါနိ

# မညာအလင်းပြ

ပဒုဋ္ဌစိတ္တော — ပဒုတ်ထစိတ်တော
ပဝပန္တိ — ပဝပန်တိ
ပဝိတ္တာနံ — ပဝိတ်တဝါနံ
ပဗ္ဗတေ — ပပ်ဗတေ
ပဋ္ဋိမာ — ပဋ်ဋိမာ
ပဏာမေတွာ — ပနာမ်တဝါ
ပန္တာနိ — ပန်တာနိ
ပဝုစ္စတိ — ပ ဝုတ်စတိ
ပဝုစ္စန္တိ — ပ ဝုတ်စန်တိ
ပမတ္တံ — ပမတ်တံ
ပယိရုပါသန္တိ — ပယိရုပါသန်တိ
ပဝဿန္တိ — ပဝတ်သန်တိ
ပသန္နာ — ပသန်နာ
ပဗ္ဗတံ — ပပ်ဗတံ
ပရိဘုဉ္ဇန္တိ — ပရိဘုန်ဇန်တိ
ပရိပုဏ္ဏေဟိ - ပရိပုန်နေဟိ
ပရိဘာသေယျုံ — ပရိဘာသင်ယုံ
ပါပဥ္စ — ပါပင်စ
ပိင်္ဂလော · ပိန်ဂလော
ပိင်္ဂလဉ္စ · ပိန်ဂလင်စ

## ပါဠိပါဌ်ဆင့်အသံထွက်အညွှန်း

ပိဋ္ဌိမံသိကာ - ပိတ်ထိမံသိကာ

ပုဏ္ဏကဉ္စ - ပုန်နကင်စ

ပုဏ္ဏကော - ပုန်နကော

ပုတ္တာပိ - ပုတ်တာပိ

ပုရတ္ထိမသ္မိံ - ပုရတ်ထိမတ်သမိန်

ပုရက္ခတော - ပုရက်ခတော

ပုရိသာဇည - ပုရိသာဇင်ည

ပုရိသုတ္တမ - ပုရိသုတ်တမ

ပေါက္ခရသာတကာ - ပေါက်ခရသာတကာ

--

( ဗ )

ဗာလေယျ - ဗာလင်ယို

—

## ပညာအလင်းပြ

## ( ဗ )

ဗဟုကိစ္စာ - ဗဟုကိတ်စာ

ဗိမ္ဗသေနော - ဗိန်ဗသေနော

ဗိမ္ဗော - ဗိန့်ဗော

ဗိမ္ဗဉ္စ - ဗိန်ဗင်စ

ဗုဒ္ဓေ - ဗုတ်ဓေ

ဗုဒ္ဓံ - ဗုတ်ဓံ

ဗြဟ္မာစ - ဗြန်မာစ

ဗြဟ္မဉ္စ - ဗြန်မင်စ

ဗြာဟ္မဏဿ - ဗြန့်မဏတ်သ

ပါဠိပါဠိဆင့်အသံထွက်အညွှန်း

# ( ဘ )

| | |
|---|---|
| ဘဂဝန္တံ | - ဘဂဝန်တံ |
| ဘန္တေ | - ဘန်တေ |
| ဘဝိဿတိ | - ဘဝိတ်သတိ |
| ဘိက္ခဝေ | - ဘိတ်ခဝေ |
| ဘိက္ခုနီနံ | - ဘိတ်ခုနီနံ့ |
| ဘိက္ခုဿဝါ | - ဘိတ်ခုတ်သဝါ |
| ဘိက္ခုနိယာဝါ | - ဘိတ်ခုနိယာဝါ |
| ဘိက္ခုံ | - ဘိတ်ခုံ |
| ဘိက္ခုနီ | - ဘိတ်ခုနီ |
| ဘိက္ခူနံ | - ဘိတ်ခူနံ့ |

## ပညာအလင်းပြ

## ( မ )

မဇ္ဈိမာ – မစ်ဇိမာ
မဇ္ဈုပ္ပမာဒဋ္ဌာနာ – မစ်ဇပ်ပမာဒတ်ထာနာ
မနုဿရာဟဿေယျကာနိ – မနုတ်သရာဟပ်သင်ယကာနိ
မဟန္တာ – မဟန်တာ
မဟန္တံ – မဟန်တံ
မဏ္ဍလိ – မန်ဒလိ
မဟပ္ဖလာ – မဟပ်ဖလာ
ပနုဿာ – မနုတ်သာ
မဟာရာဇဿ – ပဟာရာဇတ်သ
မယူရကောဉ္စာဘိရုဒါ – မယူရကွန်စာဘိရုဒါ
မန္ဒိယော = မန်ဒိယော
မညထာတိ – မင်ညထာတိ
မနုဿောဝါ – မနုတ်သောဝါ
မာရသေနာပမဒ္ဒိနော – မာရသေနာပမတ်ဒိနော
မာဂဓဿ = မာဂဓတ်သ
မုဒ္ဒံ – မုတ်ဒံ
မုဉ္စတိ – မုန်စတိ
မုစလိန္ဒော – မုစလိန်ဒေါ

ပါဠိပါဠိဆင့်အသံထွက်အညွှန်း

# ( ယ )

| | | |
|---|---|---|
| ယက္ခပါရိသဇ္ဇော | - | ယက်ခပါရိသဇ်ဇော |
| ယက္ခမဟာမတ္တော | - | ယက်ခမဟာမတ်တော |
| ယက္ခသေနာယ | - | ယက်ခသေနာယ |
| ယက္ခာ | - | ယက်ခါ |
| ယက္ခာနဉ္စ | - | ယက်ခါနင်စ |
| ယက္ခေဟဝ | - | ယက်ခေဟဝ |
| ယက္ခော | - | ယက်ခေါ |
| ယက္ခိနီ | - | ယက်ခိနီ |
| ယတ္ထ | - | ယတ်ထ |
| ယတ္ထ စော'ဂ္ဂစ္ဆတိ | - | ယတ်ထ စောက်ဂစ်ဆတိ |
| ယဿ စုဂ္ဂစ္ဆမာနဿ | - | ယတ်သ စုတ်ဂစ်ဆမာနတ်သ |
| ယဿ စော'ဂ္ဂစ္ဆမာနဿ | - | ယတ်သစောက်ဂစ်ဆမာနတ်သ |
| ယဿ စု'ဂ္ဂတော | - | ယတ်သ စုတ်ဂတော |
| ယဿ စော'ဂ္ဂတော | - | ယတ်သ စောက်ဂတော |
| ယသဿိ | - | ယသတ်သိ |
| ယုဂန္ဓရော | - | ယုဂန်ဓရော |
| ယေဘုယျေန | - | ယေဘုန်ယေန |

## ( ရ )

ရညော - ရင်ညော
ရဘသာ - ရဘ့သာ
ရတ္တိယာ - ရတ်တိယာ
ရတ္တိံ - ရတ်တိန်
ရက္ခာ - ရှက်ခါ
ရက္ခာယ - ရက်ခါယ
ရက္ခံ - ရက်ခံ
ရက္ခန္တု - ရက်ခန်တု
ရိတ္တမ္ပိ’ သ - ရိတ်တမ်ပိတ်သ
ရုက္ခာ - ရုက်ခါ
ရုဒ္ဓါ - ရုတ်ဓာ

---

## ( လ )

လဘေယျ - လဘင်ယ

လုဒ္ဒါ - လုတ်ဒါ

ပါဠိပါဠိဆင့်အသံထွက်အညွှန်း

# ( ဝ )

| | | |
|---|---|---|
| ဝဂ္ဂုဟိ | – | ဝက်ဂုဟိ |
| ဝတ္ထုံ | – | ဝတ်ထုံ |
| ဝဿာ | – | ဝတ်သာ |
| ဝန္ဒတိ | – | ဝန်ဒတိ |
| ဝန္ဒထ | – | ဝန်ဒထ |
| ဝန္ဒာမ | – | ဝန်ဒါမ |
| ဝိဒိတွာ | – | ဝိဒိတ်တာဝါ |
| ဝိပဿိဿ စ | – | ဝိပတ်သိပ်သ စ |
| ဝိပ္ပမုတ္တဿ | – | ဝိပ်ပမုတ်တတ်သ |
| ဝိပဿိသုံ | – | ဝိပတ်သိသုံ |
| ဝိဇ္ဇာစရဏသမ္ပန္နံ | – | ဝိဇ်ဇာစရဏသမ်ပန်နံ |
| ဝိရူဠှော | – | ဝိရုန်လှော |
| ဝိရူပက္ခော | – | ဝိရူပက်ခေါ |
| ဝိက္ကန္ဒိတဗ္ဗံ | – | ဝိက်ကန်ဒိတပ်ဗံ |
| ဝိရတိတဗ္ဗံ | – | ဝိရတိတတ်ဗန် |
| ဝိဟိံသတိ | – | ဝိဟိန်သတိ |
| ဝီတိသာရေတွာ | – | ဝီတိသာရစ်တာဝါ |
| ဝုစ္စန္တိ | – | ဝုတ်စန်တိ |

| | | |
|---|---|---|
| ဝေဿဝဏော | - | ဝစ်သဝနော |
| ဝေဿဘုဿ စ | - | ဝစ်သဘုတ်သ စ |
| ဝေဿာမိတ္တော | - | ဝစ်သာမိတ်တော |

—

## ( သ )

| | | |
|---|---|---|
| သဒ္ဒိံ | - | သတ်ဒိန် |
| သမ္မောဒနီယကထံ | - | သမ်မောဒနီယကထံ |
| သမ္မောဒနီယံ | - | သမ်မောဒနီယံ |
| သမ္မောဒိံ သု | - | သမ်မောဒိန်သု |
| သန္တိ | - | သန်တိ |
| သဗ္ဗာ | - | သပ်ဗာ |
| သဗ္ဗဘူတာနုကမ္ပိနော | - | သပ်ဗဘူတာနုကမ်ပိနော |
| သဗ္ဗဝိ | - | သပ်ဗတိ |

# ပါဠိပါဠ်သင့်အသံထွက်အညွှန်း

| | | |
|---|---|---|
| သကျပုတ္တဿ | - | သက်ကျပုတ်တတ်သ |
| သဗ္ဗဒုက္ခာပနူဒနံ | - | သပ်ဗဒုက်ခါပနူဒနံ |
| သမုဒ္ဒေါ | - | သမုတ်ဒေါ |
| သမေက္ခသိ | - | သမစ်ခသိ |
| သမတ္တာ | - | သမတ်တာ |
| သက္ကာရံ | - | သက်ကာရံ |
| သမိတိံ | - | သမိတိန် |
| သတ္တမာပိ’ဿ | - | သတ်တမာပိတ်သ |
| သာဝေတွာ | - | သာဝစ်တဝါ |
| သာလိံ | - | သာလိန် |
| သာလိကသဒ္ဒေ’တ္ထ | - | သာလိကသတ်ဒစ်ထ |
| သာတာဂိရဉ္စ | - | သာတာဂိရင်စ |
| သိခိဿပိ စ | - | သိခိပ်သပိစ |
| သုဂန္ဓံ | - | သုဂန်ဓံ |
| သုဒ္ဓံ | - | သုတ်ဓံ |
| သုဒဿနော | - | သုဒတ်သနော |
| သုဂ္ဂဟိတာ | - | သုတ်ဂဟိတာ |
| သုပ္ပရောဓော | - | သုပ်ပရောဓော |
| သုတ္တံ | - | သုတ်တံ |

| | | |
|---|---|---|
| သုသုရဋ္ဌ | - | သုသုရင်စ |
| သူရိယဋ္ဌ | - | သူရိယင်စ |
| သေဋ္ဌဋ္ဌ | - | သစ်ထင်စ |
| သေဋ္ဌောစ | - | သစ်ထောစ |
| သံယဋ္ဌ | - | သံယင်စ |
| သံသုလိမဋ္ဌ | - | သံဂုလိမင်စ |
| သံဝိဒဟန္တု | - | သံဝိဒဟန်တု |

——

## ( ဟ )

| | | |
|---|---|---|
| ဟလေယျုံ | - | ဟလင်ယုံ |
| ဟတ္ထိယာန | - | ဟတ်ထိယာန |
| ဟိံသတိ | - | ဟိန်သတိ |
| ဟန္ဒ | - | ဟန်ဒ |
| ဟရိရဋ္ဌ | - | ဟရိရင်စ |
| ဟရဟရိရဋ္ဌ | - | ဟရဟရိရင်စ |
| ဟေဋ္ဌိမသ္မိံ | - | ဟစ်ထိမတ်သမိန် |
| ဟေမဝတဋ္ဌ | - | ဟေမဝတင်စ |
| ဟောန္တိ | - | ဟှုန်တိ |

# ပါဠိပါဠိဆင်အသံထွက်အညွှန်း

## ( အ )

အဘိက္ကန္တာယ ရတ္တိယာ - အဘိတ်ကန်တာယ ရတ်တိယာ
အဘိက္ကန္တဝဏ္ဏာ - အဘိတ်ကန်တဝန်နာ
အဘိဝါဒေတွာ - အဘိဝါဒစ်တဝါ
အပ္ပေကစ္စေ - အပ်ပေကစ်စေ
အပ္ပသန္နာ - အပ်ပသန်နာ
အဒိန္နာဒါနာ - အဒိန်ဒါနာဒါ
အပ္ပဋိဝိရတာယေဝ - အပ်ပတိဝိရတာယေဝ
အပ္ပိယံ - အပ်ပိယံ
အမနာပံ - အမနာပံ
အရညဝနပတ္ထာနိ - အရင်ညဝနပတ်ထာနိ
အပ္ပသဒ္ဒါနိ - အပ်ပသတ်ဒါနိ
အပ္ပနိဂ္ဃောသာနိ - အပ်နိတ်ဃောသာနိ
အဝိဟိံသာယ - အဝိဟိန်သာယ
အင်္ဂီရသဿ - အင်ဂီရသတ်သ
အမနုဿာပိ - အမနုတ်သာပိ
အဘိဏှသော - အဘိဏ်ဏှသော
အကဋ္ဌပါကိမံ - အကတ်ထပါကိမံ
အနုယန္တိ - အနုယန်တိ
အဘိရုဟိတွာ - အဘိရုဟိတ်တဝါ
အနုပရိယာယန္တိ - အနုပရိယာယန်တိ

## ပညာအလင်းပြ

| | |
|---|---|
| အဿယာနံ | - အတ်သယာနံ |
| အန္တလိက္ခေ | - အန်တလိပ်ခေ |
| အမ္ဗရအမ္ဗရဝတိယော | - အမ်ဗရအမ်ဗရဝတိယော |
| အါဋ္ဌော | - အရိတ်ဌော |
| အမနုဿော | - အ မနုတ်သော |
| အနုဂဏှေယျ | - အနုဂဏ်ဆင်ယ |
| အပိဿု | - အပိတ်သု |
| အနာဝယှမ္ပိ | - အနာဝယ်ယှမ်ပိ |
| အဝိဝယှံ | - အ,ဝိဝယ်ယှံ |
| အစ္စယေန | - အစ်စယေန |
| အပရိဂ္ဂဟာ | - အ,ပရိတ်ဂဟာ |
| အဝရုဒ္ဓါ | - အဝရုတ်ဓါ |
| အဓိဝါသေသိံ | - အဓိဝါသေသိန် |
| အတ္တာဟိ | - အတ်တာဟိ |
| အတ္ထသံဟိတာ | - အတ်ထသံဟိတာ |
| အတ္တမနာ | - အတ်တမနာ |
| အဘိနန္ဒုန္တိ | - အဘိနန်ဒုန်တိ |
| အာစိက္ခတိ | - အာစိတ်ခတိ |
| အာဒိစ္စဗန္ဓုနံ | - အာဒိတ်စဗန်ဓုနံ |
| အာဒိစ္စော | - အာဒိတ်စော |
| အာဒိယန္တိ | - အာဒိယန်တိ |

## ပါဠိပါဠိဆင့်အသံထွက်အညွှန်း

**အာမန္တေသိ** - အာမန်တေသိ
**အာဠကမန္ဒာ** - အာလကမန်ဒါ

---

## ( ဣ )

ဣတ္ထိံ ဝါ - အိတ်ထိန်ဝါ
ဣန္ဒော - အိန်ဒေါ
ဣန္ဒဉ္စ - အိန်ဒင်စ
ဣန္ဒနာမာ အိန်ဒနာမာ
ဣမသ္မိံ - အိမတ်သမိန်

---

## ( ဥ )

ဥပကာလဉ္စ - အုပကာလင်စ
ဥပသင်္ကမိတွာ - ဥပသင်ကမိတ်တဝါ
ဥပဋ္ဌိတံ - ဥပတ်ထိတံ
ဥဂ္ဂဏှာတု - အုတ်ဂန်နှာတု
ဥတ္တရာ - အုတ်တရာ
ဥတ္တရေန - အုတ်တရေန
ဥပါသကဿ ဝါ - ဥပါသကတ်သဝါ
ဥပတိဋ္ဌေယျ - ဥပတိတ်ထင်ယ
ဥပနိပဇ္ဇေယျ - ဥပနိပ်ပစ်ဇင်ယ
ဥပနိသီဒေယျ - ဥပနိသီဒင်ယ

# ပညာ့အလင်းပြ

ဥဇ္ဈာပေတဗ္ဗံ - အုတ်ဈာပေတပ်ဗန်
ဥဋ္ဌာယာသနာ - အုတ်ထာယာသနာ
ဥဂ္ဂစ္ဆတိ - အုတ်ဂစ်ဆတိ
ဥတ္တရကုရုန္ဒေါ - အုတ်တရကုရုန်ဒေါ
ဥတ္တရသ္မိံ - အုတ်တရတ်သမိန်
ဥဂ္ဂတေဇော - အုတ်ဂတေဇော
ဥဂ္ဂတေဇဉ္စ - အုတ်ဂတေဇင်စ
ဥပရိမသ္မိံ - ဥပရိမတ်သမိန်
ဥဂ္ဂဏှာထ - အုတ်ဂန်နှာထ

## ( ဧ )

ဧကမန္တံ - အေကမန်တံ
ဧဝ - အေဝံ

## ( ဩ )

ဩဋ္ဌဝဝိတ္တကာ - ဩတ်ထဝ ဝိတ်တကာ
ဩပမညော စ - အောပမင်ညော စ
ဩဘာသေတွာ - အောဘာသစ်တဝါ

ပါဠိပါဌ်ဆင့်နှင့် အသံထွက်နည်း ပြီး ပြီ။

# ဆိုင်ဖွင့်ချိန်

နံနက်(၈)နာရီမှ ညနေ (၅)နာရီ

---

# ဆိုင်ပိတ်ရက်

တနင်္ဂနွေနေ့နှင့် ပြန်တမ်းဝင်ရုံးပိတ်ရက်များ
ဆိုင်မဖွင့်ပါ။

ကျေးဇူးတင်ပါသည်

---

ပညာအလင်းပြစာပေ
၁၃၀-ဗိုလ်ချုပ်လမ်းနှင့် လေးဆယ့်ရှစ်လမ်းထိပ်
ရေကျော်-ရန်ကုန်မြို့။
ပုဇွန်တောင်စာတိုက် - ၁၁၁၇၁။

ကျေး ဖူး တော် ရှင်

လယ်တီဆရာတော် ဘုရား ကြီး ၏

# မ ဟာ သ ရ ဏ ဂုံ တော် ကြီး

အကျဉ်း + အနှစ်ချုပ်

အိတ်ဆောင်အရွယ် စာအုပ်ထွက်ပါပြီ ၅/-

ဝတ္ထုစာအုပ်အရွယ် ၅" × ၇" ဆိုက်ကြီး

ကျေး ဖူး တော် ရှင်

လယ်တီဆရာတော် ဘုရား ကြီး ၏

# မ ဟာ သ ရ ဏ ဂုံ တော် ကြီး

အ ကျယ်

ပါဠိတော် နှင့် နိဿယ - ကို

လူတိုင်း အလွယ်တကူ ကြည့်ရှုနိုင်စေရန်

ဓမ္မာ စရိယ ဦးစံကြည် က

## မြန်မာပြန်ဆိုပေးထားသည်

ပါဠိတော် + နိဿယ + မြန်မာပြန် ၃မျိုးပါသည်

ထွက် တော့ မည်

ပညာအလင်းပြစာပေ

၁၃၁၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း နှင့် လေးဆယ့်ရှစ်လမ်းထိပ်၊

ရန်ကုန်မြို့။ ဖုန်း - ၉၀၉၂၇

ထူးခြားလှသည့် ဤကျမ်းဖြတ်နှစ်ဆူသည်

# ကံထူးလှသော သင့်အား

အတိတ်ဆိုး နိမိတ်ဆိုး ဘေးဥပဒ်ဆိုး

ရန်သွယ်သွယ် မှ ကာကွယ်မည့်

## ကပ်ကျော် အန္တရာယ်ကင်း

အစိအရင်တော်ကြီးဖြစ်သော

# ဥပ္ပါတသန္တိနှင့် ရတနာရွှေမင်း

ဤ

- စိတ်ဓါတ်ကြည်လင် ချမ်းသာစေမည်။
- ရောဂါကင်းစင် ပျော်ရွှင်စေမည်။
- စီးပွားလါဘ်လာဘ တိုးတက်စေမည်။
- ကြက်သရေမင်္ဂလာအပေါင်းခညောင်းစေမည်။
- လိုရာဆန္ဒတွေ ထလုံးတဝတည်းပြည့်ဝစုံလင်

# မဟာအာဋာနာဋိယ သုတ်တော်ကို
# ဘုရားရှင်အား ကပ်ရှူနေသော



ဓတရဋ္ဌ နတ်မင်းကြီး



ဝိရူဠက နတ်ဂဠုန်မင်းကြီး



ဝိရူပက္ခ နတ်နဂါးမင်းကြီး



ကုဝေရ နတ်ဘီလူးမင်းကြီး

# စတုမဟာရာဇ် နတ်မင်းကြီးလေးပါး